
# ရှိန်ပန်းရဲ့အိမ်
# မှ ပြန်ချင်ပါ...

မှူး

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK


လမ်းမတိုင်းရဲ့ အဆုံးမှာ ဖွနိပန်းရုံကိုပဲ မြင်ယောင်ရင်း....

အိမ်သာထဲက မီးလုံးအဝါရောင်ကို လမ်းပေါ်မှာ ရှိတဲ့

လူကူးမျဉ်းကြား ဖြတ်ကူးရင်းကအစ သတိရရင်း...

လက်သည်းခွံတွေကို ဘေးတစ်စောင်း အသစ်ပေါက်လာတဲ့အထိ

တမြည့်မြည့် ဖွဲ့ခွာနေခဲ့ရင်း နှစ် ၂၀ ကို ဖြတ်သန်းခဲ့မိတာ။




ISBN 978-99986-52-17-0
K0506

mgyoe.com

mgyoe.com SAMPLE BOOK


**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဇန်နဝါရီလ၊ ၂၀၂၄ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - လပြည့်လင်းပုံနှိပ်တိုက် (၀၀၃၆၉)၊ အမှတ် - ၁၁ (H)၊
၅၅-လမ်း(လယ်) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော် - မှတ်သုံ

တန်ဖိုး - ၁၁၀၀၀ ကျပ်


mgyoe.com

mgyoe.com SAMPLE BOOK

# ငွန်ပန်းရုံဆီ မပြန်ချင်ပါ

မှူး




mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

အခန်းထဲ ပထမဆုံးဝင်တော့ အလှဆင်ပစ္စည်းတွေ၊ အရောင်တွေ အများကြီး မရှိဘူး။ အပြင်အပူချိန်နဲ့ တခြားစီ ကွာဟနေတဲ့ အေးစိမ့်စိမ့် အထိအတွေ့ကို မခံစားရဘူး။ အသားရောင်လား၊ နို့နှစ်ရောင်လား ကျွန်မ သိပ်ပြီး မကွဲပြားတဲ့၊ မျက်စိအေးစေတဲ့ အရောင်က တစ်ခန်းလုံးကို ဖုံးလွှမ်းထားတယ်။ အခန်းရဲ့ အလယ်မှာ ခပ်လျှောလျှော ကျောမှီရယ်၊ ဆိုဖာ ခပ်အိအိလေးရယ် ပါတဲ့ ထိုင်ခုံ သုံးလုံး ချထားတယ်။ တစ်ရုံးတည်း ဖြစ်ပေမယ့် ကောင်းစလင်း (Counselling) ယူဖို့ ရက်ချိန်း လာယူတဲ့ အခန်းက ခုံတွေနဲ့ မတူနေဘူး။ အဲဒါကို ရုံးခန်းလို့ပဲ ပြောလို့ရမလား မသိဘူးနော်။ ခုံတွေကတော့ ဆိုဖာခုံ အအိသား မပါတဲ့ စတီး ထိုင်ခုံ သက်သက်ရယ်ပါ။ ခဏတစ်ဖြုတ် ထိုင်ရတာလောက်ပဲ အဆင်ပြေမယ့် ပုံစံမျိုးလေ။ အခန်းထောင့်မှာတော့ နည်းနည်း ဒိတ်အောက်နေတဲ့ လေအေးပေး စက် တစ်လုံး ရှိတယ်။ ဒိတ်အောက်နေလို့ပဲ စိမ့်ခနဲနေအောင် မအေးတာလား၊ အပူချိန် အရမ်းမကွာဟအောင် သေချာ ချိန်ညှိထားသလား ဆိုတာ မသိပေမယ့် ကျွန်မတော့ ဒီလောက်ဆို နေသာတဲ့ အနေအထားပဲ။ အမှန်အတိုင်း ဝန်ခံရရင် အသက်နှစ်ဆယ်ကျော်လောက်မှ အဲကွန်းနဲ့ အိပ်ဖူးတဲ့သူက သူများအခန်း ထဲကဟာကို ဒိတ်အောက်တယ်လို့ ပြောနေမိတာ ရယ်ချင်စရာကောင်းတယ် ထင်တယ်နော်။ ရှက်ဖို့ကောင်းတယ်လို့ ပြောရင် ပိုမှန်မလားပဲ။ ခုလို ၂၇ နှစ် ဆိုတဲ့ အသက်အရွယ်ရဲ့ အနှစ် နှစ်ဆယ်လောက်က တစ်ပတ်မှာ တစ်ရက်တောင် မဖွင့်တဲ့ ပြတင်းပေါက် နှစ်ခုပဲ ရှိတဲ့ အိမ်မှာ နေလာခဲ့တာ။ ကိုယ်ပိုင်ပစ္စည်းဆိုလို့

mgyoe.com

mgyoe.com

SAMPLE BOOK


ဘရာ သုံးထည်၊ စီတီဘောင်းဘီ သုံးထည်ပဲ ရှိခဲ့တာ။ ကျန်တာက ဝေသုံးမျှသုံး၊ ဝေစားမျှစားပဲ။ အိမ်အကြောင်း စဉ်းစားမိတာနဲ့တင် ကိုကို့မျက်နှာကို ပြန်မြင်ယောင်လာလို့ ဒီအတွေးတွေကို ချက်ချင်း ရပ်ပစ်လိုက်ရတယ်။ ဒီအကြောင်းတွေ ပြောဖို့ လာခဲ့ပေမယ့် စစချင်းလာကတည်းက ကျွန်မ လုံးဝမသိတဲ့ လူတစ်ယောက်ကို ပြောရတဲ့ အဖြစ်မျိုးကြောင့် စိတ်မသက်သာနေသလိုလည်း ခံစားနေရပြန်သေးတယ်။

"မမိုးသံသာ နော်"

"ဟုတ်ကဲ့"

"ကျွန်မ မမိုးလို့ ခေါ်ရင် အဆင်ပြေမလားနော်၊ ဒါမှမဟုတ် ခေါ်စေချင်တဲ့ နာမည်များ ရှိမလား"

"တော်တော်များများကတော့ မိုးသံလို့ ခေါ်ကြပါတယ်၊ ဒါပေမဲ့ အစ်မ အဆင်ပြေသလို ခေါ်ပါ"

အစ်မလို့သာ လေးစားသမှုနဲ့ ခေါ်လိုက်ပေမယ့် ဘယ်လိုပဲ ကြည့်ကြည့် ကျွန်မနဲ့ ရွယ်တူလောက် ဖြစ်ရင်ဖြစ်၊ မဟုတ်ရင် တစ်နှစ်၊ နှစ်နှစ်လောက်တော့ ငယ်မယ့်ပုံရယ်ပါ။ ဘလောက်စ်အဖြူလေးကို စတိုင်ပန့်ဘောင်းဘီထဲ ခပ်လျော့လျော့ ထိုးထည့်ထားပြီး ဆံချည်တစ်မျှင်တောင် မကျနေတဲ့ နှုတ်ခမ်းပေါ်က ပန်းဖျော့ဖျော့ အရောင်လေးက လွဲရင် တခြားအရောင်ရင့်တွေ အများကြီး မပါတဲ့ မျက်နှာ အပြင်အဆင်လေးနဲ့။ ဆံပင်အဖျားလေးကို ရွှေအိုရောင် ဆိုးထားသလား မသိဘူး။ ခပ်ရှိုးရှိုး ခေါင်းစည်းကြိုး အနက်ရောင်နဲ့ ပုံမှန်အတိုင်း စည်းထားပြီး ကျောအနောက်ကို ချထားတယ်။ ကျောအလယ်လောက်ထိ ရှည်မလားပဲ။ ကျွန်မ မျက်လုံးထဲ သူ့ပုံစံလေးက တော်တော်ကိုမှ ငြိမ်းအေးနေတယ်။ သူနဲ့ လိုက်တဲ့ အပြင်အဆင်ပဲလို့လည်း တွေးမိတယ်။

ကျွန်မပုံစံကတော့ တခြားစီ ဖြစ်နေမယ် ထင်တယ်။ ကောင်းစလင်း (Counselling) ယူလိုက်ဖို့ စစုံစမ်းတော့လည်း အဖွဲ့အစည်းတစ်ခုရဲ့ နာမည်တစ်ခုနဲ့ သွားခဲ့တာမို့ ကောင်စယ်လာ (Counsellor) ကို ရွေးမနေတော့ဘူး။ ကျွန်မအနေနဲ့ တစ်ခုခုကို ဖွင့်ထုတ်လိုက်ဖို့ပဲ စိတ်အားထက်သန်နေတာ။ အဲဒီ တစ်ခုခု ဆိုတာက ဘာလဲ ဆိုတာကိုတော့ အခုထက်ထိ မဆုံးဖြတ်နိုင်သေးဘူး။

ရက်ချိန်းပေးမယ့် ရက်ကို ရုံးက ဖုန်းလှမ်းဆက်ပေးတယ်၊ ကောင်စယ်လာ

mgyoe.com

 SAMPLE BOOK 

ကြည်ဖြူတေးနဲ့ပါ၊ သောကြာနေ့ ညနေ သုံးနာရီလောက် ရုံးကိုပဲ လာခဲ့ပေးပါ တဲ့။ ကျွန်မလည်း ထုံးစံအတိုင်း ဟုတ်ကဲ့ပါပေါ့။

"မမိုးသံလို့ ကျွန်မ ခေါ်မယ်နော်"

"ဟုတ်... ရပါတယ်"

"မမိုးသံ သက်သာသလို နေလို့ ရပါတယ်"

"ဟုတ်"

ဟုတ်လို့သာ ပြောလိုက်ရပေမယ့် ကျွန်မ စိတ်ရော၊ လူရော သက်သောင့်သက်သာ ဖြစ်မနေဘူး။ သက်သာသလိုဆိုတာ ဘာကို ပြောတာလဲ။ စိတ်သက်သာသလိုလား၊ လူသက်သာသလိုလား။ ဒီလိုတွေသာ အတွေးထဲ မေးခွန်းတွေ လျှောက်ပျံ့နေတာ၊ ကျွန်မရဲ့ စိတ်နဲ့လူ သက်သာအေးဆေးစေတဲ့ ပုံစံမျိုးကို အခုအချိန်ထိ မသိဘူး။

"မနေ့ကထက်စာရင် ဒီနေ့ အရမ်းမပူဘူးနော်၊ နေ့လယ်စာကော စားခဲ့ပြီးပြီလား ဟင်"

"ဟုတ်၊ စားပြီးပြီ အစ်မ"

"အရင်ကကော ကောင်းစလင်း ယူဖူးလား မမိုးသံ"

"ဒါ ပထမဆုံးပဲ အစ်မ"

"ဒါဆို ကျွန်မက ကောင်းစလင်းအကြောင်း နည်းနည်း ပြောပြပေးမယ်နော်"

"ဟုတ်"

"ကောင်းစလင်း ဆိုတာ ကောင်စယ်လာရယ်၊ ကလိုင်းရင့်ရယ် နှစ်ဖက်အလုပ်လုပ်ကြတဲ့ ဖြစ်စဉ်ပါ။ မမိုးသံရဲ့ စိတ်ပိုင်းဆိုင်ရာ အခက်အခဲတွေကို အတူတူ ကြိုးစားဖြေရှင်းကြမယ့် အရာလို့လဲ ပြောလို့ ရတယ်။ ကျွန်မလဲ ကျွန်မ အချိန်တွေကို မမိုးသံဆီမှာ နှစ်ပြီး ပေးထားမယ်၊ အဲဒီလိုပဲ မမိုးသံလဲ ကျွန်မနဲ့ အတူတူ ကြိုးစားပေးနော်။ လေ့ကျင့်ခန်းတွေ လုပ်ခိုင်းတဲ့အခါ စိတ်ပါလက်ပါ လိုက်လုပ်ပေးတာမျိုး၊ မမိုးသံကို မေးခွန်းတွေ မေးတဲ့အခါ သေချာစဉ်းစားပြီး ဖြေပေးတာမျိုးလေး လုပ်ပေးစေချင်ပါတယ်။ ဒါ မမိုးသံဆီကနေ ကျွန်မ တောင်းဆိုတဲ့ အချက်ပေါ့နော်။ ကျွန်မဘက်ကနေလဲ မမိုးသံ ပြောမယ့် အကြောင်းအရာတွေကို ကျွန်မတို့ နှစ်ယောက်ကြား၊ ဒီအခန်းထဲမှာပဲ ထားခဲ့ပါ့မယ် ဆိုတဲ့ ကတိကို ပေးပါ့မယ်။ ဒါပေမဲ့ ခြွင်းချက်အနေနဲ့ လွှဲပြောင်းပေးဖို့

mgyoe.com

mgyoe.com


လိုအပ်တဲ့အခါ အခု ကျွန်မ စောင့်ထိန်းမယ် ဆိုတဲ့ မမိုးသံရဲ့ အကြောင်းတွေကို ကျွန်မ လွှဲပြောင်းပေးမယ့် သူဆီ ပြောပြပေးရမှာပါ။ ဒီလို referral ကိစ္စတွေကိုလဲ ကျွန်မ မမိုးသံနဲ့ အရင်တိုင်ပင်ပြီးမှ ဆက်လုပ်မှာပါ။ ဒီလောက်ဆို မမိုးသံ အနေနဲ့ အဆင်ပြေမလားနော်"

"ဟုတ်၊ ပြေပါတယ်"

တကယ်တမ်း ကျွန်မခေါင်းထဲ တစ်လုံးဆို တစ်လုံးမှ မဝင်။ အတွေးထဲ ရှိသမျှက ငါ ဒီကို ဘာလာလုပ်နေတာလဲ၊ ဘာကိစ္စ ပိုက်ဆံလာဖြုန်းနေရတာလဲ၊ ခုပဲ အကုန်ဖျက်ပြီး ထ,ပြန်လိုက်ရမလား၊ ဒီကို လာရလောက်တဲ့အထိ ရူးနေပြီလား၊ အိမ်မှာလဲ လျှော်စရာ၊ မီးပူတိုက်စရာ တစ်ပုံတစ်ပင်ကို ဒီအတိုင်း ပစ်ထားခဲ့သေးတာ၊ အိမ်နေရင်း စပန့်ဝမ်းဆက် ဆံပင် လျော့တိလျော့ရဲ ထုံးထားတဲ့ပုံနဲ့ ဒီကို ရောက်လာရတဲ့အထိ အရူးတစ်ပိုင်း ဖြစ်နေရပြီလား ဆိုတာတွေပဲ။

"ဒါဆို မမိုးသံ စိတ်ထဲ ရှိတာတွေ ပြောဖို့ အဆင်သင့်ဖြစ်ပြီဆို ကျွန်မ နားထောင်ပေးဖို့ အသင့်ပါပဲ"

ကျွန်မစိတ်ထဲ ရှိတာတွေလား။ ဘယ်က အစပြန်ကောက်ပြီး ပြောရမှာလဲ။ စစရောက်တုန်းက တွေးနေမိတဲ့ အိမ်အကြောင်းလား၊ ကိုကိုနဲ့ ညီမလေး အကြောင်းလား။ အဖေနဲ့ အမေတို့ အကြောင်းလား၊ ဒါမှမဟုတ် ဒီကို ဘာ သောက်ရူးထပြီး လာမိတာလဲ ဆိုတဲ့ အတွေးတွေ အကြောင်းလား။ ကျွန်မ ဘာပြောရမလဲ မသိဘူး။ ထုံးစံအတိုင်း လက်ညှိုးက လက်သည်းခွံကို ခွာနေမိတယ်။ ကောင်စယ်လာကို လှမ်းကြည့်တော့လည်း ခုနကအတိုင်း ကျွန်မကို ခပ်ပြုံးပြုံး ငြိမ်ငြိမ်အေးအေးလေး ငေးကြည့်နေတယ်။

ကျွန်မ ဘာပြောရမှာလဲ။ ဘယ်အကြောင်းကို ကျွန်မ ပြောလိုက်ချင်တာလဲ။ ဘာတွေက မွန်းကျပ်နေလွန်းလို့ အခုလို ဒီနေရာထိ ရောက်လာရတာလဲ။ ဘာကိုမှ မသိတော့ဘူး။ မရှိလို့ မသိတာလား ဆိုလည်း မဟုတ်ဘူး။ ဒါဆို ဘာလဲ။ များလွန်းလို့ မသိတာလား။ အဲ့လို ပြောရလောက်အောင်ကလည်း ကျွန်မဘဝလောက် ရိုးစင်းတဲ့အရာ ရှိပါဦးမလား။

ကျွန်မ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်နေမိတာ ဘယ်လောက် ကြာသွားလဲ မသိဘူး။ ကောင်စယ်လာက ထိုင်နေရာကနေ ကိုယ်ကို နည်းနည်းမတ်လိုက်ပြီး ခြေထောက်ပုံစံ ပြင်လိုက်တယ်။

mgyoe.com

m gyoe.com

SAMPLE BOOK


"မမိုးသံ အခု ဘာတွေ တွေးနေလဲ"

ကျွန်မ စက္ကန့်အတော်ကြာတဲ့အထိ ဒါကို ထပ်တွေးနေမိတယ်။ တွေးနေတယ်သာ ပြောတာပါ၊ ခေါင်းထဲမှာက ရှုပ်ပွနေတုန်းပဲ။ ဒါပေမဲ့ ခုနက သူပြောတဲ့ ကျွန်မဘက်က သေချာစဉ်းစားပြီး ဖြေပေးစေချင်တယ် ဆိုတဲ့ စကားကို နားထဲ ပြန်ကြားယောင်နေမိတယ်။

"ကျွန်မ... ဒီကနေ ပြန်လှည့်လိုက်ရမလား စဉ်းစားနေတာ"

ပြောပြီး အားနာသွားလို့ သူ့ကို လှမ်းကြည့်လိုက်တော့ ခုနက ပုံစံလေး အတိုင်းပဲ။ ကျွန်မ နည်းနည်း စိတ်သက်သာရာ ရသွားတယ်။

"ကျွန်မက အိမ်မှာ သမီးအလတ်လေ၊ ကျွန်မ အထက်မှာ အစ်ကို တစ်ယောက်၊ ကျွန်မ အောက်မှာ ညီမလေးတစ်ယောက် ရှိတယ်။ ဇာတိက ဒီက မဟုတ်ဘူး၊ နယ်မြို့လေးက။ ဟိုဘက်သွားသွား ဒီဘက်သွားသွား ကိုယ့်ကို သူသိ၊ သူ့ကို ကိုယ်သိနေတဲ့ မြို့လို့ပဲ ပြောပါတော့။ အဲဒါက ကျွန်မအတွက် သိပ်ပြီး ခေါင်းထဲ မထည့်ဖြစ်တဲ့ အရာပါ။ တကယ်တမ်း ပြဿနာအားလုံးက အိမ်မှာပဲ ရှိနေတာ"

ကောင်စယ်လာက သူ နားထောင်နေပါတယ် ဆိုတဲ့ပုံနဲ့ ခေါင်းကို ခပ်သာသာလေး ညိတ်ပြတယ်။

"တကယ်တော့ အဲဒီမြို့ကလဲ စိတ်ရှုပ်စရာပါ။ ကျွန်မ ဘယ်တုန်းကမှ မကြိုက်ခဲ့ဘူး။ မကြိုက်လို့လဲ အိမ်ကနေရော အဲဒီမြို့ကနေပါ ရအောင် ထွက်လာခဲ့တာ။ ထွက်လာမိလို့လဲ ကျွန်မ တကယ် စိတ်မကောင်းဘူး"

ပြောရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာတယ်။ ဘာလို့လဲ။ ဘာမှတောင် မပြောရသေးတာကို ဘာလို့ မျက်ရည်တွေ ကျနေရတာလဲ။ အခန်းထဲ ဝင်ဝင်ချင်း ကြည့်ခဲ့ရသလောက်တော့ တစ်ရှူးဘူး မတွေ့ခဲ့ရဘူး။ ကျွန်မ မျက်ရည်တွေကို လက်ခုံနဲ့ ဖိသုတ်ပစ်လိုက်တယ်။ ပြီးမှ အသက်ကို တဝကြီး ရှူသွင်းပြီး ဘေးက လက်ကိုင်အိတ်ကို လှမ်းယူလိုက်တယ်။

"ကျွန်မ ပြန်လိုက်ပါဦးမယ်၊ အိမ်မှာ လုပ်စရာတွေ ရှိသေးလို့"

"မမိုးသံ"

ကျွန်မနာမည်ကို လှမ်းခေါ်လိုက်တဲ့ ကောင်စယ်လာကို ကျွန်မ ကြည့်လိုက်တယ်။ ကျွန်မနဲ့ အကြည့်ချင်း ဆုံပြီဆိုမှ ဘောင်းဘီအိတ်ကပ်ထဲက တစ်ရှူး

mgyoe.com

mgyoe.com SAMPLE BOOK

ထုပ်ကလေး လှမ်းပေးလိုက်တယ်။ ဘယ်တုန်းကတည်းက ရှိနေမှန်း ကျွန်မ သတိမထားမိတဲ့ ရေဘူး အသေးလေးကိုရောပဲ။

ကျွန်မ ရိုင်းတဲ့ပုံ မပေါက်အောင်လို့ သူ ပေးတာတွေ လှမ်းယူပြီး ရေကိုလည်း ဖွင့်သောက်လိုက်တယ်။ တစ်ရှူးထုပ်ကတော့ ကျွန်မ လက်ထဲမှာ ဒီအတိုင်းပဲ။

"ကျွန်မနာမည် ကြည်ဖြူတေးပါ၊ ရုံးက ပြောထားမှာပဲ ဆိုတဲ့ စိတ်နဲ့ ကျွန်မကိုယ် ကျွန်မ မိတ်ဆက်ဖို့ တစ်ချက်လေး မေ့သွားတာ။ ကျွန်မကို မကြည်ဖြူလို့ ခေါ်လို့ ရပါတယ်"

ကျွန်မ ခေါင်းညိတ်လိုက်တယ်။ လက်ထဲက အိတ်ကိုတော့ ပြန်မချ လိုက်သေးဘူး။ အိမ်ကို ပြန်ပြေးလိုက်မယ် ဆိုတဲ့ စိတ်ကလည်း လျော့မသွား သေးဘူး။

"မမိုးသံ အခု အရမ်းပင်ပန်းနေလား ဟင်"

အိတ်ကိုင်ထားတဲ့ လက်တွေ ပြန်ပြေလျော့သွားတယ်။ မျက်ရည် တွေ ထပ်ပြီး ကျလာပြန်တယ်။ တစ်ရှူးထုပ်ကို ဖောက်ပြီး တစ်ရွက်ပြီး တစ်ရွက် ဆက်တိုက် ဆွဲယူလိုက်မိပေမယ့် မျက်ရည်တွေကို မသုတ်ဘဲ လက်ထဲမှာ လုံးထွေးနေမိတယ်။

သူကတော့ ဒီအတိုင်းလေးပဲ ကျွန်မကို ငေးကြည့်နေတယ်။ ခန္ဓာ ကိုယ်အနေအထားက မတ်လည်း မမတ်၊ ကုန်းလည်း မကုန်း၊ မျက်နှာမှာလည်း ပြုံးတဲ့ အရိပ်တွေ မရှိတော့ဘူး။ ကျွန်မကို သနားနေတာလား၊ မဟုတ်ဘူး။ သနားတဲ့ ပုံတော့ မဟုတ်ဘူး။ ကျွန်မ မသိတော့ဘူး။ မျက်ရည်တွေကြောင့် အမြင်အာရုံက ပိုပိုဝါးလာတယ်။ သူ့ကို မမြင်ရတော့ဘူး။ ခေါင်းကိုလည်း တွင်တွင်ညိတ်ပြနေမိတယ်။

ကျွန်မ ပင်ပန်းနေပြီ ဆိုတဲ့အကြောင်း တစ်ယောက်ယောက်ကို ပြောပြချင်နေပြီ။ ကျွန်မ တကယ်ပင်ပန်းနေပြီ။ ဒါကို ဘယ်သူမှ မသိဘူး။ ဘယ်သူမှလည်း မမေးဖူးဘူး။ မကြည်ဖြူရဲ့ မေးခွန်းက ကျွန်မဘဝမှာ ပထမဆုံး ကြားဖူးတာပဲ။ နှုတ်နဲ့ ရင်းနှီးပေမယ့် နားနဲ့ မရင်းနှီးတဲ့ စကားလုံး တွေ။ တခြားသူတွေကို မေးဖူးပေမယ့် ကျွန်မအဖို့ရာတော့ တစ်ခါမှ မကြား ဖူးတဲ့ စကားလုံးတွေ။ တကယ်မုန်းနေပြီ။ ပင်ပန်းနေတာ ဘယ်သူမှ မသိတဲ့ ဘဝကြီးကို တကယ် မုန်းနေပြီ။

mgyoe.com

ရှိုက်ကြီးတငင် ဆက်တိုက်ဆိုသလို ငိုနေမိတယ်။ ဒီလို မငိုနိုင်ခဲ့တာ နှစ်နှစ်ဆယ်နီးပါးပဲ။ ဆယ်စုနှစ် နှစ်ခုစာ မျက်ရည်တွေများလားလို့ တွေးမိတဲ့ အထိ တာကျိုးသလို ပွင့်အန်လာတဲ့ မျက်ရည်တွေ။ ကျွန်မ ခန္ဓာကိုယ်က ရေဓာတ်တွေတောင် ကုန်တော့မလား မှတ်ရတယ်။ ပြန်စဉ်းစားကြည့်တော့ လည်း ဒီအတွေးက တကယ် ခပ်တုံးတုံးပဲ။ ၇၀ ရာခိုင်နှုန်းရှိတဲ့ ခန္ဓာကိုယ်ရဲ့ ရေဓာတ်က ဆယ်မိနစ်လောက် ဆက်တိုက်ငိုရုံနဲ့ ကုန်စရာလား။ တကယ် တုံးတဲ့ ဦးနှောက်ပဲ။

တော်တော် သဲသဲမဲမဲ ငိုပြီးမှ လက်ထဲက တစ်ရှူး အထွေးကြီးထဲ မျက်နှာတစ်ခုလုံး နှစ်ထားလိုက်တယ်။ အခုအချိန် ကျွန်မ ဘာရုပ် ပေါက်နေ မလဲ ဆိုတာ တွေးကြည့်လို့တောင် မရဘူး။ ပင်ပန်းနွမ်းလျှလွန်းလို့ အိပ်ရာထဲ ပစ်လှဲမိလိုက်ချင်တော့တယ်။

မောတယ်။ အဝေးကြီး ပြေးလာရသလို ကျွန်မ မောနေမိတယ်။ တကယ်လည်း ပြေးလာခဲ့မိတဲ့ သူပါ။ အရာအားလုံးဆီကနေ ထွက်ပြေးဖို့ နှစ် နှစ်ဆယ်လုံးလုံး ကြံစည်ထားခဲ့တဲ့ သူ၊ သေမတတ် ပြေးချင်နေတဲ့ သူ၊ တကယ် လည်း အကုန်လုံး ပစ်ချပြီး ကိုယ်လွတ်ရုန်း ထွက်ပြေးလာခဲ့တဲ့ သူပါ။ ဒီမြို့ ကနေ ဝေးရာ၊ ဒီအိမ်ကနေ ဝေးရာ၊ ဒီမိသားစု– ဒီမောင်နှမတွေဆီကနေ ဝေးရာ ကို ထွက်ပြေးဖို့က ကျွန်မရဲ့ နှစ်နှစ်ဆယ်စာ အိပ်မက်တွေ ဖြစ်ခဲ့ရတာ။

"ကျွန်မ ထွက်ပြေးနိုင်ခဲ့ပြီကို ဘာလို့ အခုလိုတွေ ဆက်ပြီး ပင်ပန်းနေ ရသေးတာလဲ"

အကြာကြီးနေမှ ပြောလိုက်တဲ့ စကားဟာ ကျွန်မနဲ့ မကြည်ဖြူ ကြား ထဲမှာ အဆက်အစပ် တစ်စက်ကလေးမှ ရှိမနေဘူး။ ကျွန်မ တွေးလက်စတွေနဲ့ တော့ အချိတ်အဆက် မိတာပေါ့လေ။

မကြည်ဖြူက ကျွန်မ မြင်သာလောက်ရုံလေး ခေါင်းကို ညိတ်တယ်။

"စိတ်တွေလဲ မောနေရမှာပဲ"

ကျွန်မ ခေါင်းပြန်ညိတ်ပြမိတယ်။

"ပင်ပန်းတဲ့ အကြောင်းတွေ ကျွန်မကို ပြောပြချင်လား ဟင်"

ဒီတစ်ခါတော့ ကျွန်မ ခေါင်းမညိတ်ပြမိဘူး။ မပြောပြချင်တာ မဟုတ် ပါဘူး။ ဘယ်က ဘယ်လို စ,ပြောရမလဲ မသိတာမို့၊ နည်းနည်း အချိန်ယူ စဉ်းစား ပြီးမှ ခေါင်းညိတ်ပြမိတယ်။

mgyoe.com

"ထွက်ပြေးမယ်လို့ တွေးမိတာက အသက် ခုနစ်နှစ်ကတည်းက။ တကယ် ထွက်ပြေးနိုင်ခဲ့တာက အခု ၂၇ နှစ်။ ဒါပေမဲ့ ဘာလို့မှန်း မသိဘူး။ တအား ဝမ်းနည်းတာပဲ။ မောလဲ မောတယ်"

"အကြာကြီး မက်လာတဲ့ အိပ်မက်ကို အကောင်အထည် ဖော်နိုင်ခဲ့တာတောင်မှ စိတ်သက်သာရာ မရနေဘူးပေါ့"

ကျွန်မစိတ်ထဲ မကြည်ဖြူ ရောက်နေတာလား။ ဒါမှမဟုတ် ခုနက ငိုနေရင်း ပြောမိသွားတာများလား။

"ဘာလို့လဲ မသိဘူး၊ ကျွန်မ ပျော်မနေဘူး။ နေရတာလဲ မပျော်ဘူး၊ အိပ်ရတာလဲ မပျော်ဘူး"

"ငယ်ငယ်လေးကတည်းက ပင်ပန်းခဲ့ရတာလား ဟင်"

ကျွန်မ ခေါင်းညိတ်မိတယ်။ တစ်ဆက်တည်းမှာပဲ ခေါင်းခါမိတယ်။

"မဟုတ်ဘူး၊ ပင်ပန်းတယ်လို့ ပြောရလောက်တဲ့အထိလဲ မဟုတ်ဘူး။ ကျွန်မ ဘယ်လိုပြောရမလဲ။ ပင်ပန်းတဲ့ အလုပ်တွေလဲ ကျွန်မ မလုပ်ခဲ့ရဘူး။ အိမ်က မိသားစုနဲ့လဲ အဆင်ပြေခဲ့တယ်လို့ ပြောလို့ ရမလားပဲ"

မိသားစု ဆိုတဲ့အကြောင်း ပါလာတော့ ကျွန်မ ဆတ်ခနဲ ရပ်လိုက်မိတယ်။ မကြည်ဖြူကို လိမ်လိုက်သလို ဖြစ်သွားလား မသိဘူး။ အဆင်ပြေတယ် ဆိုတဲ့ စကားမှာ ကျွန်မ အသံတွေ တိုးဝင် ဖျော့တော့သွားတယ်။

"မမိုးသံက အလတ်လို့ ပြောတယ်နော်။ မိသားစုဝင်တွေအကြောင်း ကျွန်မကို နည်းနည်းလောက် ထပ်ပြောပေးပါလား"

ကျွန်မ လက်ညှိုးက လက်သည်းခွံကို တတောက်တောက် ခွာနေမိပြန်တယ်။ ဒီလက်သည်းခွံက တစ်ခါမှ အပြည့်မရှိဖူးဘူး။ အသစ်ထွက်တဲ့ လက်သည်းတောင် တစ်စောင်း ထွက်လာတဲ့ အထိပဲ။

"သူတို့တစ်တွေနဲ့ ပတ်သက်ပြီး အခု မမိုးသံ ဘာတွေ တွေးနေလဲ"

မကြည်ဖြူ မေးခွန်း ပြောင်းမေးလိုက်တာ ကျွန်မ သတိထားမိလိုက်တယ်။ ဘာပဲမေးမေး သူတို့အကြောင်းက သူတို့အကြောင်းပါပဲ။ ကျွန်မ သူ မေးခွန်း ထပ်ပြောင်းတဲ့အထိ ဘာစကားမှ မပြောဘဲ နေပစ်လိုက်မယ်လို့ တေးထားပစ်လိုက်တယ်။ ဘာလို့မှန်းမသိ သူ့ကိုပါ စိတ်ခုနေမိတယ်။

"မမိုးသံ မပြေချင်တဲ့ အရာတွေကို ကျွန်မ မေးမိသလို ဖြစ်သွားလား"

mgyoe.com

m g y o e . c o m
 SAMPLE BOOK 

ကျွန်မ လန့်သွားတယ်။ ပြီးမှ မျက်နှာကို အမြန်ပြင်လိုက်ရတယ်။ ကျွန်မ မျက်နှာကို ခန့်မှန်းရ ခက်တယ်လို့ အမြဲထင်ထားခဲ့တာ။ ဒီထင်တစ်လုံး တွေက မှားနေခဲ့တာများလား။

"ဒါဆို ဘာလို့ မဖြေချင်ရတယ် ဆိုတာကို ကျွန်မ ပြောင်းမေးရင်ကော"

ကျွန်မ ဒီအခန်းထဲက ထွက်သွားဖို့ နောက်တစ်ကြိမ် တွေးမိတယ်။ ဘာကိုမှ အဆင်သင့် မဖြစ်သေးသလိုပဲ။ မကြည်ဖြူ ဆိုတာကလည်း သူစိမ်း ပြင်ပြင်ပဲ။ တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူး၊ မသိဖူးတဲ့ သူစိမ်းပဲ။ ယုံချင်စရာ ကောင်းရဲ့လား၊ ယုံလို့ ဖြစ်ပါ့မလား။

"အဆင်ပြေပါတယ် ဆိုတာက ညာတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်မ ငယ်ငယ်တုန်းက ကိစ္စကြီးကို အခုချိန်ထိ ခေါင်းထဲ စွဲနေမိတာ"

"ငယ်ငယ်တုန်းက ဆိုတာ မမိုးသံ အသက် ခုနစ်နှစ်အရွယ်များလား"

ကျွန်မ ခေါင်းညိတ်ပြမိတယ်။ ဟုတ်တယ်။ ခုနစ်နှစ်အရွယ်ပဲ။ အိမ်ဟာ ကျောမလုံစရာလို့ ပထမဆုံး စ,တွေးမိတဲ့ အရွယ်၊ ကိုယ်ပိုင်ပစ္စည်း ဆိုလို့ အတွင်းခံသုံးစုံပဲ ရှိတာက ပုံမှန်မဟုတ်ဘူးလို့ စ,ပြီး ခေါင်းထဲ ရောက်မိတဲ့ အရွယ်။ ရင်သားတွေဟာ ရွံစရာ ထူးဆန်းပစ္စည်းလို့ သတ်မှတ်မိတဲ့ အရွယ်။ ယောကျ်ား၊ မိန်းမ ထပ်ရက်သား ရှိနေကြတဲ့ အဖြစ်ကို စက်ဆုပ်တဲ့ အရွယ်။ ဟုတ်တယ်။ အဲဒါ ကျွန်မ အသက် ခုနစ်နှစ်တုန်းကပဲ။

●

mgyoe.com

mgyoe.com SAMPLE BOOK

_ ၂၇ နှစ်အရွယ် မိုးသံ _

ကားတွေ ကျွန်မဘေးကနေ တဝူးဝူး ဖြတ်မောင်းနေတယ်။ လူတွေကလည်း ဘေးဘီ ဝဲယာ ဥဒဟို သွားလာနေတယ်။ တစ်ခါတလေ ပုခုံးချင်း ပွတ်တိုက်မိသလို ခံစားရတယ်။ အလျင်လိုနေတဲ့ လူတစ်ယောက်ဆိုရင် ကျွန်မ ပခုံးကို ဖြတ်တိုက်သွားပြီး ဆောရီးပါလို့ အသည်းအသန် လှမ်းပြောလိုက်သေးတယ်။ ခပ်လှမ်းလှမ်းက တိုက်ခန်းခေါင်မိုး အစွန်ကနေ ခိုတွေ ဝေါခနဲ ထ,ပျံပြီး ဘယ်သူ ကြဲချထားမှန်း မသိတဲ့ လမ်းပေါ်က ပြောင်းဆန်တွေကို ဝေါခနဲ လာစားတယ်။ ဘေးနား လူတွေ ဖြတ်လျှောက်ရင် ဝေါခနဲ ထ,ပျံတယ်။ ကျွန်မ နားထဲ ဒီအသံက ဘာလို့ အဲလောက်ထိ ကျယ်နေရတာလဲ။ ခိုတစ်ကောင် တောင်ပံ တစ်ခါခတ်လိုက်တိုင်း ကျွန်မနားထဲ ဝေါ... ဝေါ... နဲ့။ လေတွေ အဲလောက် တိုက်နေသလား။ ခိုတွေ အဲ့လောက် ပျံနေသလား။ နေ့စဉ်ဘဝမှာ တောင်ပံခတ်သံတွေ ညံနေရတာ ဘာလို့လဲ။ ဒါက ကျွန်မ နေ့စဉ်ဘဝကော ဟုတ်ရဲ့လား။

ဘယ်ကို သွားနေမိတာလဲ။ ရန်ကုန်လမ်းမကြီးက နယ်မြို့ရဲ့ လမ်းကျဉ်းလေးထဲကို ဦးတည်နေတာ အဓိပ္ပာယ်ရှိရဲ့လား။ ဖွန်ပန်းရုံ အိမ်ကလေးထက် တိုက်ခန်းကျဉ်းကျဉ်းက ပိုအသက်ရှူချောင်နေတာ အဓိပ္ပာယ် ရှိရဲ့လား။ နေ့ဖြစ်ဖြစ်၊ ညဖြစ်ဖြစ် ရှိသမျှ ပြတင်းပေါက်အကုန် ဖွင့်ပစ်လိုက်မှ စိတ်အဆင်ပြေနေရတာကကော အဓိပ္ပာယ် ရှိရဲ့လား။

mgyoe.com

m g yoe . com  SAMPLE BOOK 

ကျွန်မတိုက်ခန်းရဲ့ နောက်ဖေးမီးဖိုချောင် ပြတင်းပေါက် တည့်တည့်ကနေ ကြည့်ရင် တခြားတိုက်ခန်းရဲ့ နောက်ဖေးမီးဖိုချောင်ကို မြင်ရတယ်။ အဲဒီအိမ်ကလည်း ကျွန်မလိုပဲ၊ ဒီပြတင်းပေါက်ကို အမြဲ ဖွင့်ထားတတ်တယ်။ အဲဒီအိမ်မှာ ဘယ်လိုလူတွေ နေလဲ၊ မိသားစုကော ဘယ်နှယောက်လဲ၊ ယောကျ်ားလေးများလား၊ မိန်းကလေးများလား၊ လင်မယားတွေကော ရှိလား၊ တစ်ယောက်ချင်းစီရဲ့ တစ်ကိုယ်ရေ ပိုင်ဆိုင်မှုပစ္စည်းတွေကကော ဘာတွေလဲ၊ ဘယ်နှခုလဲ၊ ကျွန်မအကုန်သိချင်မိတယ်။ ဒါပေမဲ့လည်း သိချင်စိတ် ဆိုတဲ့ နေရာမှာပဲ ရပ်ထားလိုက်ရတယ်။ အဖော်အရွေ ကင်းတဲ့ မြို့လယ်ကောင်ဟာ ကျွန်မ စိတ်ကြိုက်နေရာဖြစ်ရတဲ့ အကြောင်းအရင်းထဲမယ် သိခွင့်မရှိ သိလို့မရလို့ ကိုယ့်နေရာမှာ ကိုယ်မလှုပ်မယှက် ရပ်နေရတယ် ဆိုတဲ့ အချက်က ထိပ်ဆုံးမှာ ပါနေသေးတာမို့လား။

အိမ်ကို ရောက်တော့ အားလုံးက တိတ်ဆိတ်ငြိမ်သက်လို့။ ခိုတွေ တဝေါဝေါ ပျံမနေတော့ဘူး။ လမ်းအဆုံးမှာ ဖွှန်ပန်းရုံနဲ့ အိမ်ကလေးလည်း ကြိုမနေဘူး။ တိုက်ခန်းတံခါး ဖွင့်တော့ ဘိုခဲလေးက ပျင်းတိပျင်းရွဲ သမ်းရင်း ကြိုနေတယ်။ ဘိုခဲကို ကျွန်မအဘွားတို့ အိမ်ကနေ ခေါ်ခဲ့တာ။ ဒီကိုရောက်တာ တစ်နှစ်ပြည့်တော့မယ် ဆိုတော့ ဘိုခဲလည်း သုံးနှစ်ပြည့်ခါနီးပြီ။ ရှေ့လဆို ဘိုခဲလေး မွေးနေ့ ရောက်တော့မယ်။ မွေးတုန်းကတော့ မြေကြီးလေး နင်းပြီး ကျယ်ကျယ်လွင့်လွင့် ကစားခဲ့ရပေမယ့် အခုကျ ဒီတိုက်ခန်းထဲပဲ တစ်ရက် တစ်ရက် နေနေရရှာတယ်။ အိပ်လိုက် စားလိုက်၊ ပြန်အိပ်လိုက် ပြန်စားလိုက်နဲ့ ဝတစ်တုတ်လေး ဖြစ်နေပြီ။

ဩော်... ဘိုခဲဆိုတာ ကြောင်ကလေးလေ။ အဘွားအိမ်က လှေကားထစ်ကလေးမှာ မွေးတာ။ ကြောင်မကြီးက ဘယ်ကမှန်း မသိပါဘူး၊ အိမ်တံခါးမပိတ်ခင် ခိုးဝင်လာပြီး ညကျ တညောင်ညောင် အော်ရင်း မွေးပါလေရော။ ဘိုခဲမှာ မွေးချင်း နောက်ထပ် သုံးကောင် ရှိသေးတယ်။ စုစုပေါင်း လေးကောင် မွေးတဲ့အထဲ ဘိုခဲလေးပဲ ခြေထောက်ကလေး သိမ်ရှာတာ။ အိမ်မှာက အကောင်ပလောင် မွေးတာ သိပ်မကြိုက်ကြဘူး။ မွေးပြီး တစ်ပတ်လောက် နေတော့ ကြောင်မကြီးရယ်၊ ကြောင်ကလေး သုံးကောင်ရယ် မရှိတော့ဘူး။ ဘိုခဲလေး တစ်ကောင်ပဲ ကျန်ခဲ့တာ။ သူ့ခမျာ အူကြောင်ကြောင်လေး၊ မျက်စိသူငယ် နားသူငယ်နဲ့ လူတွေကြားထဲ ဖင်တရွတ်လေး ဆွဲရင်း ကျန်နေခဲ့တာ။ တော်သေး

mgyoe.com

mgyoe.com


တယ်။ ကျွန်မ ရန်ကုန်မှာ အလုပ်လျှောက်ထားတာ ရတော့ အကြောင်းပြပြီး ခေါ်လာလိုက်တော့တာ။ ကျွန်မလည်း သူရှိလို့ နေသာတယ် ပြောရမှာပါပဲ။

မထချင် ထချင်နဲ့ ဖင်တရွတ်ဆွဲ ထလာတဲ့ ဘိုခဲကို ကျွန်မ ကောက်ချီလိုက်တယ်။

"မမ ပြန်ရောက်ပြီ၊ ဘိုခဲလေးကို မုန့်မုန့်ကျွေးမယ်နော်"

ဘိုခဲ အရောင်က ခဲဖျော့လေး။ တခြား ဘာအရောင်မှ မရောနေဘူး။ မျက်လုံးလေးက အညိုလေး။ အလယ်က မျက်ဆန် အနက်ဝိုင်းကလေးကို အချိန်တော်တော်များများမှာ တွေ့ရတတ်တယ်။ ခရင်မီလေး တစ်ချောင်း ဖောက်ကျွေးလိုက်တော့ ဗိုက်ဆာနေတဲ့ပုံပဲ၊ အသည်းအသန် စားနေတယ်။

"ခဏနေရင် ငါးကြော်နဲ့ ထမင်း ထပ်စားရမှာနော်"

ပြောသာ ပြောတာ ငါးက မကြော်ရသေးဘူး။ ရေခဲသေတ္တာထဲမှာ နေ့ခင်းက နှပ်ပြီး ထည့်ထားခဲ့တာ။ ခဏနေမှ ကြော်ရုံပေါ့။ ကျွန်မလည်း ရေချိုးဖို့ လိုနေပြီ။

ဘိုခဲ စားလို့ပြီးတော့ ရေခွက်ထဲ ရေဖြည့်ပေးပြီး ကျွန်မ ရေချိုးခန်းထဲ ဝင်လိုက်တယ်။ အဝတ်တွေ အကုန်လုံးကို ရေချိုးခန်းထဲ ရောက်မှ ချွတ်ပြီး လျှော်မယ့်ပုံးထဲ ထည့်လိုက်တယ်။ တစ်ကိုယ်လုံး ဟာလာဟင်းလင်း ဖြစ်သွားပြီ ဆိုတာကို ခံစားအသိရယ်၊ မှန်ထဲက ပုံရိပ်တွေရယ်က သတိပေးနေတယ်။ ကျွန်မမှာ အဝတ်တွေ ကပ်မနေတော့ဘူး။ တစ်ကိုယ်လုံးက ကောက်ကြောင်းတွေဟာ အရိုးငေါ်ငေါ်တွေ ကြားထဲ ရွှံ့စရာကောင်းလောက်အောင် ထိုးထွက်ဖုဖောင်းနေတယ်။ မို့မောက်နေတဲ့ ရင်သားတွေ၊ ဗိုက်ခေါက်က အဆီပြင်နည်းနည်း၊ လည်ပင်းမှာ ထင်းထင်းကြီး ထွက်နေတဲ့ ညှပ်ရိုးနှစ်ချောင်း၊ ချိုင့်ဝင်နေတဲ့ တင်ပါးဘေးဖက် အသားတွေ၊ ဘယ်နေရာကိုမှ မမြင်ချင် မထိချင်ဘူး။ ငိုလာခဲ့လို့ မျက်လုံးတွေ နီရဲ ဖောင်းအစ်နေတယ်။ မျက်နှာပြောင်ပေါ်က ဝက်ခြံချိုင့်ခွက်တွေကိုလည်း ကျွန်မ မြင်ဖြစ်အောင် ပြန်မြင်လိုက်သေးတယ်။ ဆံပင်ကို စည်းတော့ စည်းပါရဲ့။ ပြေလျော့ကျနေတဲ့ ဆံချည်မျှင်တွေက အရှေ့မှာရော၊ အနောက်မှာရော။ ဆံပင်တွေက မည်းနက်နေတယ်။ မျက်လုံးကလည်း အရောင်မရှိ အဆင်းမရှိ အနက်ရောင်။ မျက်ခုံးမွေးကလည်း ထူပြီး နက်မှောင်လို့၊ ပျင်းစရာပဲ။ ကမ္ဘာလောကကြီးမှာ နှစ်ယောက် မရှိလောက်အောင် ပျင်းဖို့ကောင်းတဲ့ မိန်းမပဲ။

mgyoe.com

mgyoe.com

SAMPLE BOOK


မုန့်ကို ကျွန်မ ကျွေးပေးလိုက်ပြီး အသင့်ခံထားတဲ့ ရေပုံးထဲက ရေတွေကို ခပ်ချိုးလိုက်တယ်။ မနေ့ကမှ လျှော်ထားတဲ့ ခေါင်းကို ထပ်လျှော်လိုက်တယ်။ တစ်ကိုယ်လုံးကိုလည်း ဘရပ်ရှ်နဲ့ ခပ်ကြမ်းကြမ်း ပွတ်တိုက်ပစ်လိုက်တယ်။ အခုမှ နည်းနည်းနေသာ ထိုင်သာ ရှိသွားရတယ်။ ရေမိုးချိုးပြီးတော့ ငါးကြော်ဖို့ ပြင်ရတယ်။ ဘိုခဲက တစ်ရေးတောင် ထပ်ရနေပြီ ထင်တယ်။ ငါးကြော်နေတုန်း တစ်ဖက်တိုက်ခန်းကို လှမ်းကြည့်တော့ အဘွားကြီးတစ်ယောက်ကို တွေ့လိုက်ရတယ်။ ပန်းကန်တွေ ဆေးနေတာ ထင်တယ်။ ကျွန်မ သေချာ မမြင်ရဘူး။ ဆက်ကြည့်မနေတော့ပါဘူး။ ညစာစားဖို့ပဲ စိုင်းပြင်းနေလိုက်တော့တယ်။ ဘိုခဲဖို့လည်း နယ်ထားရမယ်။ နိုးတဲ့အချိန် ထ,စားလိမ့်မပေါ့။ ကျွန်မလည်း မြန်မြန်စားမှ ဖြစ်တော့မယ်။ တစ်နေ့ကုန် ဟုတ်တိပတ်တိ မစားရသေးဘူး။ ဗိုက်က တော်တော်ကိုမှ ဟာနေပြီ။

●

mgyoe.com

mgyoe.com SAMPLE BOOK

— ၇ နှစ်အရွယ် မိုးသံ —

မိုးသံက ဆောင်းရာသီဝင်ခါစ အချိန်မှာ မွေးတာ။ မိုးတွေ တဖြောက်ဖြောက် ကျနေတဲ့ ရက်မှာ မိုးသံကို မွေးတာလို့ မေမေက ပြောဖူးတယ်။ အဲဒီကနေစ,ပြီး မိုးသံသာလို့ နာမည်ပေးလိုက်ကြတာတဲ့။ ကိုကို့နာမည်က ထွန်းကိုသာ၊ မိုးသံ နာမည်က မိုးသံသာ၊ ညီမလေးနာမည်က သံစဉ်သာ။ မိုးသံနာမည်နဲ့ တူအောင် ညီမလေးကိုလည်း နေ့နံနဲ့ကိုက်ပြီး ပေးလိုက်ကြတာတဲ့။ မိုးသံတို့ မောင်နှမ သုံးယောက်က တစ်ယောက်ကို တစ်ရှပ် ထွက်နေလို့ မိုးကြိုးပစ်စေ့ မောင်နှမ တဲ့။ အဘိုးနဲ့အဘွားက စ,လို့ တစ်မျိုးလုံးက ဒီလိုပြောကြတာပဲ။ အိမ်က အရမ်း အဆင်ပြေတဲ့ထဲ မပါပေမယ့် တအားခက်ခဲ ကျပ်တည်းနေကြတာလည်း မဟုတ် ပြန်ဘူး။ အဝတ်အစားဆို ရွယ်တူတွေနဲ့ တန်းတူ ဆင်ပေးနိုင်တယ်။ ဘာမုန့် စားချင်လဲ အချိန်မရွေး ဝယ်ကျွေးနိုင်တယ်။ နွေကျောင်းပိတ်ရက်တွေတုန်းက ဘုရားဖူးခရီးလည်း သွားရတယ်။ မန္တလေးမြို့ကိုလည်း အလည် ခဏခဏ ပို့ပေးတယ်။ ကမ်းခြေတော့ တစ်ခါမှ မရောက်ဖူးဘူး။ ရေကူးရတာ ပျော်စရာ ကြီးလို့ သူငယ်ချင်းတွေ ကြွားကြလွန်းလို့ မိုးသံလည်း သွားချင်တယ် ဆိုပြီး ဖေဖေ့ကို ပူဆာလိုက်တယ်။ ဖေဖေက အစက အင်းမလှုပ် အဲမလှုပ်နဲ့။ ကိုကိုနဲ့ ညီမလေးကရော သွားချင်တယ်လို့ ဝိုင်းပူဆာတော့မှ ဒီတစ်ခါ နွေကျောင်းပိတ် ရင် သွားကြတာပေါ့တဲ့။ အမြင်ကတ်ချင်စရာ။ မိုးသံ ပြောရင် တစ်ခါနဲ့ မရဘူး။ ကိုကိုနဲ့ ညီမလေးပါမှ ရတာ။ ဘာနေနေ ကမ်းခြေသွားရတော့မှာ ပျော်စရာကြီး။

mgyoe.com

mgyoe.com

ကျောင်းပိတ်ဖို့ ဘယ်လောက် လိုသေးလဲလို့ ပြန်စဉ်းစားမိတော့ စိတ်ညစ်သွားပြန်ရော။ ခုမှ ကျောင်းတက်တာ သုံးလလောက်ပဲ ရှိသေးတာကို။ နောက်နှစ် ပြက္ခဒိန်လေး ဝယ်ပေးဦး၊ ဘယ်တော့ ပိတ်မှာလဲ သိချင်လို့ လို့ ပြောတော့ အမေက ခေါင်းခါက်တယ်။ ပြက္ခဒိန်တောင် မထွက်သေးဘူး၊ အသာနေစမ်း တဲ့။ အဖေကလည်း ငါ နားငြီးလာရင် လိုက်မပို့တဲ့ နေမှာ၊ တတွတ်တွတ် မပြောနဲ့ တဲ့။ အဲ့ရက်က အိမ်ရှေ့ ထွက် ငိုရသေးတယ်။ အဖေ ထွက်လာပြီး ရေခဲမုန့် သွားစားကြမယ် ဆိုမှ အငိုရပ်တာ။

မိုးသံ ငိုနေတာရော၊ အဖေ ရေခဲမုန့် သွားစားမယ်လို့ ပြောတာရောကို ဘေးအိမ်က ကြီးတော်ကြီး မြင်တော့ အလတ်တွေ အဖြစ်ကလဲလို့ ပြောပြီး ခေါင်းတယမ်းယမ်း စုတ်တသပ်သပ်နဲ့ အိမ်ထဲ ဝင်သွားတယ်။ မိုးသံ အလတ်ဖြစ်တော့ကော ဘာဖြစ်လဲ။ စားချင်တာ စားရတယ်။ မန္တလေးက တိရစ္ဆာန်ဥယျာဉ်ကြီးလည်း ရောက်ဖူးတယ်။ အကောင်တွေကိုလည်း မုန့်ကျွေးဖူးတယ်။ စူပါမားကက်ကြီးလည်း ရောက်ဖူးတယ်။ နောက်တစ်ခါ အဲဒီကို ရောက်ရင် ရေခဲမုန့်ဘူး အကြီးကြီးကို ဝယ်ပစ်ဦးမယ်။ အဲ့ကြီးတော်ရဲ့ သားက လာမျှော်ရင် လုံးဝ မကျွေးဘူး၊ နင့်အမေကို ဝယ်ခိုင်းလို့လည်း ပြောပစ်ဦးမယ်။

အဲ့နေ့က ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်ပဲ။ ကိုကိုက အင်္ဂလိပ်စာကျူရှင် သွားပြီ။ အိမ်မှာ မိုးသံနဲ့ ညီမလေးရယ်၊ ဖေဖေနဲ့ မေမေရယ်ပဲ ကျန်ခဲ့တာ။ မိုးသံတို့ ညီအစ်မနှစ်ယောက် ရေခဲမုန့် စားနေတုန်း မေမေက အိမ်ထဲမှာ အခန်းရှင်းနေတယ်။ အရင်က ပစ္စည်းအတိုအထွာတွေ ထားတဲ့ အခန်းကို ရှင်းနေတာ။ ပစ္စည်းတွေကို ပစ်သင့်တဲ့ဟာ ပစ်၊ သိမ်းသင့်တဲ့ဟာ သိမ်းနဲ့၊ အိမ်ရှေ့လည်း အမှိုက်ထုပ်တွေချည်းပဲ။ ပစ်ရတာတွေက များတာပါ။ ဘာမှမှ မကောင်းတော့တာကြီးတွေကို မေမေက ဖွတ်သိမ်းတာလေ။ ဖေဖေက အိမ်ကျဉ်းရတဲ့ကြားထဲ ဆိုပြီး စိတ်ရှုပ်၊ မေမေက ပလတ်စတစ်အိတ် အတိုအထွာလေးကအစ အကုန်သိမ်း၊ ဟုတ်နေတာပဲ။ အခုတော့ ဘာစိတ်ကူး ပေါက်ပြီး ရှင်းနေလည်း မသိဘူး။

"မိုးသံရေ"

"ဟုတ် မေမေ"

"ညီမလေး ခေါ်ပြီး လာခဲ့ဦး၊ မေမေ့ဖို့ ရေလေးတစ်ခွက်ကော ခပ်ခဲ့ဦး"

mgyoe.com

မေမေ ခေါ်တဲ့ဆီ မိုးသံတို့နှစ်ယောက် ရေခွက်လေး ကိုင်ပြီး သွား တော့ ရှင်းထားတဲ့ အခန်းထဲမှာ မေမေက မောကြီးပန်းကြီး ထိုင်နေတယ်။ ရေကို မြင်မှ အားရပါးရ မော့သောက်တယ်။ မေမေ သောက်ပြီးတဲ့ ရေခွက်ကို ပြန်ထား ပြီးမှ အခန်းထဲကို သေချာကြည့်မိတယ်။ ပစ္စည်းတွေနဲ့တုန်းက သိပ်မသိသာ ပေမယ့် အကုန်ရှင်းသွားတော့ ခပ်ရှည်ရှည်အခန်းပုံ ပိုပေါ်လာတယ်။ ညာဘက် အခြမ်းမှာ မိုးသံနဲ့ ညီမလေးရဲ့ ခေါင်းအုံးလေးတွေ၊ မိုးသံက အပြာရောင်၊ ညီမလေး က ပန်းရောင်၊ ဘယ်ဘက်အခြမ်းမှာကျ ကိုကို့ ခေါင်းအုံး။ ဖက်ခေါင်းအုံးတွေလည်း ထားပေးထားတယ်။

"မေမေ ညကျမှ ခြင်ထောင် လာထောင်ပေးတော့မယ်နော်"

"မေမေကကော ဘယ်မှာ အိပ်မှာလဲ"

"မေမေက မေမေ့ အခန်းမှာပဲပေါ့"

"အဲဒါဆို ဖေဖေကကော"

"မေမေ့ အခန်းက ဖေဖေ့ အခန်းပဲပေါ့"

"အဲဒါဆို မိုးသံတို့ကကော"

"သမီးတို့ကို မေမေ အခန်းခွဲပေးထားတာ။ တဖြည်းဖြည်း လူကြီး ဖြစ်လာရတော့မှာလေ၊ ခုကတည်းက အခန်းခွဲနေတဲ့ အကျင့်လေး ရအောင်လို့"

"ကိုကိုကော ဒီမှာပဲ အိပ်မှာလား"

"နောက်ကျ မေမေက တစ်ခန်းစီရအောင် လုပ်ပေးပါ့မယ်..နော်"

"ခွဲအိပ်ရတယ် ဆိုပြီး ဘုရားမရှိခိုးဘဲ မနေရဘူးနော်၊ ညကျ ခြင်ထောင် ထောင်ပြီးရင် ဘုရားရှိခိုးရမှာ"

ဒီမှာဖြင့် ဘုရားမရှိခိုးဘဲ အိပ်ပစ်လိုက်မယ်လို့ တွေးပြီး ပျော်နေတုန်း ရှိသေး၊ အမေ့ စကားကြောင့် စိတ်ကို ညစ်သွားတာပဲ။

မေမေတို့ အခန်းထဲမှာ ကျန်ခဲ့တဲ့ မိုးသံ အရုပ်တွေကို သွားယူနေတုန်း ကိုကို့အော်သံ ကြားလိုက်ရတယ်။ အရုပ်လေး ပိုက်ပြီး ပြန်ထွက်လာတော့ ခွဲပေး ထားတယ် ဆိုတဲ့ အခန်းထဲမှာ ကိုကိုက အာပြဲလန်နေအောင် အော်တာ နားကို အူသွားတာပဲ။

"အမေတို့နဲ့ မအိပ်ချင်ဘူး၊ ညီမလေးတွေနဲ့လဲ မအိပ်ချင်ဘူးလို့၊ သားကို တစ်ခန်းသတ်သတ် ခွဲပေး"

mgyoe.com

"ငါ့သားရယ်၊ အမေတို့မှာ ဒီအခန်းလေး ရှိတာကို၊ အခုလဲ ဘယ်ညာ ခွဲပေးထားတာပဲ။ ညီမလေးတွေကို ကြည့်ပေးလို့တောင် ရသေးတယ်"

"မကြည့်ချင်ဘူး လို့"

"ဟိတ်ကောင်... ငါ ကြည့်နေလို့ အကောင်း မှတ်နေတာလား။ မင်း ညီမတွေနဲ့ မအိပ်ချင်ရင် ငါတို့အခန်းထဲ လာအိပ်။ ဒီနှစ်ခန်းပဲ ရှိတယ်။ မနေချင် ထွက်သွား"

ဖေဖေ အိမ်ထဲ ဝင်လာပြီး အော်လိုက်တော့မှ ကိုကို ငြိမ်သွားတော့တယ်။ ဒါတောင် သူက အခဲကျေတာ မဟုတ်ဘူး။ မေမေ့ဘက် လှည့်ပြီး မျက်စောင်းကြီး တထိုးထိုးနဲ့။

"အဲဒီအကြည့်ကို ပြင်စမ်း"

ဖေဖေ ထပ်အော်လိုက်တာ မိုးသံတောင် လန့်သွားတယ်။

အဲဒီတော့မှ ကိုကိုက ဝူးတူးဝါးတား ဆက်မလုပ်တော့တာ။ ဒီက တော့ ရေခဲမုန့် ဆက်စားနေလိုက်တာပဲ။ တော်သေး၊ ကတော့နဲ့ မဝယ်ဘဲ ဘူးရေခဲမုန့် ဝယ်လိုက်လို့။

●

mgyoe.com

mgyoe.com SAMPLE BOOK

_ ၂၇ နှစ်အရွယ် မိုးသံ _

အချိန်တွေက ဖွန်ပန်းပင်နား ထိုင်ငိုနေတုန်း ရပ်သွားရင် ကောင်းမယ်။ ဒါမှမဟုတ် အဖေရယ်၊ ညီမလေးရယ်နဲ့ ရေခဲမုန့် စားနေတဲ့ အချိန်။ မဟုတ်ဘူး။ မဟုတ်ဘူး။ ခြောက်အိပ်မက်ကြီးနဲ့ ဒီထက် ပိုဝေးတဲ့ အချိန်မှာ ရပ်သွားရင် ကောင်းမယ်။ ကျောင်းစ,တက်တဲ့ အချိန်ရော။ ဒါမှမဟုတ် မန္တလေးက စူပါမားကက် အေးအေးလူလူထဲ ဟိုပြေးဒီပြေး ဆော့နေတဲ့ အချိန်၊ ကျောင်းစိမ်းဂါဝန် ဝဲဝဲလေး မေမေ ဝယ်ပေးတဲ့ အချိန်၊ မိသားစုလိုက် ခရီးတွေ ထွက်တဲ့ အချိန်ပဲဖြစ်ဖြစ်။ ကျွန်မကို တနုံ့နုံ့နဲ့ စိတ်ဆင်းရဲစေတဲ့ အချိန်တွေက လွဲရင် ဘယ်အချိန်တွေပဲ ဖြစ်ဖြစ်ပါ။ မေမေ ခေါင်းခေါက်လိုက်တဲ့ အချိန်မှာ ရပ်နေရင်တောင် ကျွန်မ ကျေနပ်မိမှာပဲ။ ဖွန်ပန်းရုံအောက်မှာလည်း မငိုဘူး။ ရေခဲမုန့်လည်း မစားဘူး။ အခန်းရှင်းပြီးသွားလို့ မောနေတဲ့ မေမေ့ကိုလည်း ရေခပ် မပေးဘူး။ ယော်ထိပ်ကြီး ပေါက်လို့ ဦးနှောက်တစ်ခုလုံး ထွက်ချင် ထွက်သွားပါစေ၊ သွေးတွေ ဦးခေါင်းခွံထဲ ပြည့်လျှံလို့ လေးလံနေပါစေ၊ နေ့နေ့ညည ခေါင်းပဲ အခေါက်ခံလိုက်တော့မှာ။

တကယ် ရူးသွားပြီလားတောင် မသိတော့ပါဘူး။ မဖြစ်နိုင်တာတွေ အထိ ဇရက်သုတ်ခ လျှောက်တွေးနေပြန်ပြီ။ ဒီနေ့ ဘာနေ့လဲ။ တနင်္လာလား၊ အင်္ဂါလား၊ သောကြာများလား။ ပြတင်းပေါက်ဘက် လှမ်းကြည့်တော့ နေက ထွက်လာခါစပဲ ရှိဦးမယ်။ ခဏလောက် ငြိမ်ငြိမ်လေး မှေးပြီး ဆက်စဉ်းစား

mgyoe.com

နေလို့ ရပါသေးတယ်။ မနေ့က ကျွန်မ ဘာလုပ်ခဲ့လဲ။ ညနေစောင်းမှ ငါးကြော်တယ်။ နောက်ဖေး ပြတင်းပေါက်ကနေ ဟိုဘက်ကို လျှောက်ငေးကြည့်ဖြစ်တယ်။ အဲဒါရဲ့ ရှေ့တုန်းကကော ဘာလုပ်နေခဲ့တာလဲ။ ရေချိုးတာလား။ ကျွန်မ ပုံမှန်ဆို မနက် ရေချိုးတဲ့ သူပါ။ မနေ့ညနေက ရေချိုးဖြစ်လိုက်တာလား။ ခေါင်းက လည်း နေရတာ သိသိသာသာ ပေါ့နေတာ ဆိုတော့ ခေါင်းကော လျှော်လိုက်မိတာလား။ ဟိုးရှေ့ တစ်ရက်တုန်းကမှ ခေါင်းလျှော်ထားတာ မဟုတ်ဘူးလား။ ထပ်လျှော်မိတာလား။ ရေချိုးဖြစ်တယ်ပဲ ထားပါတော့။ ရေမချိုးခင်ကကော။

နားထဲမှာ ဝေါခနဲ ထပျံတဲ့ ငှက်သံတွေ။

အတွေးထောင့်နားလေးမှာ လာကပ်တဲ့ လမ်းအဆုံးက ဇွန်ပန်းရုံနဲ့ အိမ်။

ထ,မှ ဖြစ်တော့မယ်။

မနေ့က ညစာ စားပြီးကတည်းက အိပ်လိုက်တာ ဆိုတော့ ရှစ်နာရီလောက် ထင်တယ်။ တစ်နေကုန် ငိုရ၊ လမ်းတွေလျှောက်ရနဲ့ ပင်ပန်းပြီး တစ်ကြိုးတည်းကို အိပ်ပျော်သွားတာ။ ရုံးကို ရှစ်နာရီခွဲအရောက် ဆိုတော့ ခုနစ်နာရီခွဲလောက် အိမ်က ထွက်လည်း အဆင်ပြေတယ်။ အခုကတော့ လေးနာရီခွဲလောက် ဖြစ်လိမ့်မယ်လို့ ကျွန်မ ခန့်မှန်းထားတာ၊ ဆယ်မိနစ်လောက်ပဲ ကွာတယ်။ မဆိုးပါဘူး။ လူက လည်း အိပ်ရေးဝတော့ လန်းလန်းဆန်းဆန်း နိုးလာတယ်။ ခေါင်းနည်းနည်း ကိုက်ပြီး မျက်အိတ်ဖောင်းနေတာက လွဲလို့ပေါ့။

ရေခဲအကန့်ထဲမှာ ညက ခဲထားတဲ့ ရေခဲတွေ ဂွမ်းခနဲ သွန်ချပြီး အဲဒီထဲက နှစ်တုံးယူ၊ မျက်လုံးနှစ်ဖက်ကို တစ်တုံးစီ ကပ်ထားလိုက်တယ်။ ကော်ဖီအေး တစ်ခွက်ဖျော်ပြီး ရေခဲသေတ္တာထဲ ထည့်ထားလိုက်သေးတယ်။ တစ်အောင့်နေတော့မှ ထပြီး ရေမိုးချိုး၊ သွားတိုက်၊ မိတ်ကပ်လည်း နည်းနည်း ပြင်လိုက်တယ်။ ပြင်တယ်သာ ပြောတာပါ။ ကျွန်မဆီမယ် နေလောင်ခံ ခရင်မ် တစ်ဘူး၊ မိတ်ကပ် တစ်ဘူး၊ တူးဝေးမိတ်ကပ် တစ်ဘူး၊ နှုတ်ခမ်းနီ တစ်ချောင်း၊ ဒါပဲ ရှိတယ်။ နောက်တော့ နည်းနည်းပါးပါး ထပ်ဝယ်တာပေါ့။

ခုတော့ ဘိုခဲတစ်ကောင်နဲ့တင် ကျွန်မလစာက သားရေကွင်းကျန်ရင် ကံကောင်းပဲ။ ကလေးက ချူချာတော့ ဆေးခန်းဖိုးကလည်း ထောင်းသေးတယ်။ အားဆေးဖိုး၊ ခရင်မီဖိုး၊ ကြောင်စာဖိုး၊ အိပ်ရာ၊ အရုပ်၊ ပွတ်လုံး ဆိုတာက ရှိသေး။ သူတို့ ယားလို့ ပွတ်ပေးမယ့်သူ မရှိရင် အဲဒီပွတ်လုံးနဲ့ အယားဖြေရတာ တဲ့။

mgyoe.com

စားပွဲခုံ ခြေထောက်လေးမှာ ကပ်ထားပေးရတာ။ ဖင်တရွတ် ဆွဲသွားရတဲ့ ကလေး ဆိုတော့ အောက်ခြေနားလေး ကပ်ထားမှ အဆင်ပြေမှာပဲ။ ပြီးတော့ ငါး၊ အသား၊ ကြက်ဥက လွဲရင် ကျန်တာ ကျွေးမရဘူးရှင်။ ကြက်ဥတောင်မှ အထဲက အနှစ်ကို ကျွန်မပဲ စားရတာ။ ဆရာသမားက လုံးဝမှကို မထိဘူး။ သူ့ ပန်းကန်ထဲ ကြက်ဥ အနှစ် သေးသေးလေး တစ်ဖတ် ပါသွားရင်တောင် အဲ့တစ်ဖတ်လေးကို ရှောင်ကွင်း ပြီး စားတတ်တာ။

သနားတော့ သနားစရာရယ်ပါ။ ကျွန်မ ရုံးသွားပြီဆို တံခါးဝနားထိ တရွတ်တိုက်ကလေး လိုက်လာတတ်တယ်။ မြစ်သားမှာ ဂရုစိုက်ပေးမယ့်သူ မရှိမှာ စိတ်ပူပြီး ရန်ကုန် ခေါ်လာခါမှ တိုက်ခန်းထဲမယ် တစ်ကောင်တည်းလေး ဖြစ်နေရရှာတယ်။ သူ့ဖို့ လိုလေသေး မရှိအောင်တော့ ကျွန်မ လုံးစေ့ပတ်စေ့ စဉ်းစားပြီး ချန်ထားခဲ့တာပါပဲ။ ခြင်လုံသံဆန်ခါ တပ်ထားတဲ့ ပြတင်းပေါက်တွေ ကိုပဲ ဖွင့်ခဲ့တယ်။ ပွတ်လုံးက အမွေးတွေ သန့်ရှင်းထားခဲ့တယ်။ ရေခွက်ကလေး သုံးခွက် လုပ်ထားပြီး ရေအပြည့် ဖြည့်ပေးခဲ့တယ်။ မနက်ခင်းကို ထမင်းကျွေးလာ ခဲ့ပြီး၊ နေ့လယ်စာလည်း သေချာနယ်ဖတ်ပေးပြီး ဇလုံလေးနဲ့ ထားခဲ့တယ်။ ပန်းကန်ထဲလည်း ကြောင်စာအပြည့် ထည့်ခဲ့တယ်။ ခရင်မီကတော့ မစားရရှာ ဘူးပေါ့။ အဲဒါကြောင့်မို့လည်း ကျွန်မ ပြန်ရောက်ရောက်ချင်း ခရင်မီ တစ်ထုပ် လောက် ဖောက်ကျွေးဖြစ်တာ။ ကလေးက ဒုက္ခိတလေးလည်း ဖြစ်နေရှာတော့ မိတ်လိုက်တာတွေ ဘာတွေ မရှိဘူး။ အိပ်လိုက်၊ စားလိုက်နဲ့ပဲ။ ရုံးပိတ်ရက် ဆိုရင် တော့အိမ်သန့်ရှင်းရေး လုပ်ရင်း သူ့နားလေး နေဖြစ်တယ်။ အခုကျ ကောင်းစလင်း စ,ယူနေပြီမို့ အဲ့ကို သွားရတဲ့ အချိန်ကိုတော့ ရုံးပိတ်ရက်ထဲကနေ ဖဲ့ပေးရတာ ပေါ့လေ။

ဒီနေ့လည်း အကုန် ပြင်ဆင်ပေးမယ် ဆိုပြီး မီးဖိုချောင်ဘက်ကို အထွက်၊ တစ်ဖက် မြင်ကွင်းက တိုက်ပြတင်းပေါက်မှာ အဘွားတစ်ယောက် ရပ်နေတယ်။ ပြတင်းပေါက်နားလေး ကပ်နေတာမို့ ကျွန်မ ရှင်းရှင်းလင်းလင်းကို မြင်နေရတယ်။ တွန့်လိမ်ကျနေတဲ့ ပါးရေတွေကလည်း အထင်းသားပဲ။ အဘွားက ခပ်ပိန်ပိန် ပါးပါးရယ်။ ပူလို့ ထင်ပါရဲ့၊ ဆံပင်အတိုလေးနဲ့၊ ပန်းရောင်စပန့်အင်္ကျီ လက်ပြတ် လေးကိုလည်း ဝတ်ထားသေးတယ်။ အယ်... ကျွန်မကို ပြုံးပြနေတာ မဟုတ် လား။ ဘေးဘီဝဲယာ တိုက်တွေက မီးဖိုချောင်ပြတင်းပေါက်မှ ဖွင့်မထားတတ်

mgyoe.com

m gyoe.com SAMPLE BOOK


ကြတာ။ အလွန်ဆုံးဖွင့်ရင် အနံ့ထုတ် ပန်ကာလောက်ပဲ။ အမြဲဖွင့်ထားတာ ဆိုလို့ ကျွန်မတို့နှစ်ခန်းပဲ ရှိတာကို။ အဘွား လက်ထဲမှာလဲ ကြောင်ကလေး တစ်ကောင်။ ကျွန်မမှာ ကြောင်လေးရှိမှန်း သိသွားတယ် ထင်ပါရဲ့။ သူ့ကြောင်လေးနဲ့ မိတ်ဆက်ပေးနေတာ။ ကျွန်မလည်း ပြန်ပြုံးပြီး ခဏနော် ဆိုတဲ့ ပုံလုပ်ရင်း ဘိုခဲကို သွားချီလိုက်တယ်။ အိပ်နေတာ မဟုတ်လို့ တော်ပါသေးတယ်။ အဘွားတို့ဘက် လှည့်ပြီး ဘိုခဲ လက်ကလေး ကိုင်ရင်း ဝှေ့ယမ်းပြလိုက်တယ်။

မနေ့ညက စောစောအိပ်လိုက်မိလို့ ဝမ်းသာရတယ်၊ စောစောအိပ်လိုက်လို့သာ ကျွန်မ မနက်အစော နိုးနေတာလေ။ မဟုတ်ရင် သုတ်ခြေတင် ပြေးနေရတာနဲ့ အဘွားကိုလည်း သေချာကြည့်နိုင်မှာ မဟုတ်ဘူး။ အဘွား ကြောင်လေးနဲ့ ဘိုခဲကိုလည်း မိတ်ဆက်ပေးနိုင်မှာ မဟုတ်ဘူး။ အဘွားကို တခြားတစ်ယောက်က လက်ကနေဆွဲပြီး ခေါ်သွားတော့မှ ကျွန်မလည်း ရုံးသွားဖို့ ပြင်ရတယ်။

ကျွန်မ ရုံးက လုပ်ဖော်ကိုင်ဖက်တွေ အကုန်လုံးက လူကောင်းတွေချည်းပါပဲ။ မသိတာဆို သင်ပေးပြီး စားအတူ၊ သွားအတူလည်း တစ်ခါတလေ ရှိတယ်။ ဒါပေမဲ့ ကျွန်မ အသက်ရှူ ကျပ်သလိုပဲ။ ခုခေတ်က နယ်က လူ၊ မြို့က လူ ဆိုပြီး သိပ်မခွဲခြားတော့ပေမယ့် ကျွန်မ စိတ်ထဲမယ်တော့ ဘာကိုမှ လိုက်မမီနေသလိုလို၊ ကျွန်မခြေလှမ်းတွေက သိပ်နောက်ကျလွန်းတာလိုလို ခံစားနေရတယ်။ ကျွန်မထက် ငယ်တဲ့ အရွယ်လေးတွေက ကျွန်မနဲ့ ရာထူးတူတဲ့ နေရာကို ရောက်လာတာတို့၊ ကျွန်မထက် မြင့်နေရင်တို့ဆို ပိုဆိုးတယ်။ ခန္ဓာကိုယ် တစ်ခုလုံး ကျုံ့ဝင်သွားသလိုပဲ။ လူကောင် အကြီးကြီးတွေ ကြားထဲမှာ အဖိခြေခံရမှာ ကြောက်လို့ အရူးတစ်ပိုင်း ပြေးနေရတဲ့ ပုရွက်ဆိတ်တစ်ကောင် ဖြစ်ဖြစ်သွားတယ်။

ဒါ မနာလိုနေတာလား။ ကျွန်မ မနာလို ဖြစ်နေတာလား။

"မိုးသံရေ.... မနေ့က ဖိုင်က Error လေး တက်နေလို့လေ၊ အစ်မကို ပြန်စစ်ပေးပါဦး"

"ဟုတ် အစ်မ"

"မိုးသံ နေမကောင်းဘူးလား"

"ကောင်းပါတယ် အစ်မရယ်၊ မနက်က အိပ်ရေးမဝတာမို့"

ကျွန်မအဖြစ်ကလည်း ဘယ်သူနဲ့ပြောပြော အလိမ်အညာ မကင်းရပါလားနော်။

mgyoe.com

mgyoe.com SAMPLE BOOK

"တစ်ခုခု လိုတာရှိရင် အစ်မကို ပြောနော်၊ ဘိုခဲလေးကော နေကောင်းတယ်မဟုတ်လား"

"ကောင်းပါတယ် အစ်မရယ်၊ နောက်အပတ်တော့ ဆေးခန်းက ချိန်းထားသေးတာ သွားရလိမ့်ဦးမယ်"

"မိုးသံလဲ လိုအပ်ရင် ဆေးခန်းပြရမှာနော်၊ ဘိုခဲအတွက်ကျ ပွတ်လုံးက အစ ဝယ်ပေးပြီး ကိုယ့်အတွက် ကိုယ်ကျ နှမြောမနေနဲ့"

"မဟုတ်တောင် အစ်မကို ပြောတော့မလို့ပဲ။ မနေ့က ကောင်းစလင်း စ,ယူဖြစ်တယ်"

"အယ် ဟုတ်လား၊ ကောင်းလိုက်တာ မိုးသံရဲ့၊ တော်တယ် တော်တယ်။ ဒီနေ့ အစ်မ နေ့လယ်စာ ဝယ်ကျွေးမယ်။ လုပ်... အချိန်တောင် နီးနေပြီ။ Error တက်တာလေး အမြန်လုပ်ပြီးရင် သွားစားရအောင်"

ရုံးကို စ,ရောက်ကတည်းက ဖေးမ,ပေးခဲ့တဲ့ အစ်မက အခုထက်ထိ မပြောင်းလဲတဲ့ သူ့ပုံစံလေးနဲ့ပါပဲ။ ခုနက လိမ်လိုက်မိလို့ ကျွန်မ တော်တော် စိတ်မကောင်း ဖြစ်ရတယ်။ လိမ်မိလိုက်တာက ကြီးကြီးမားမား မဟုတ်ပါဘူး လို့ပဲ ကိုယ့်စိတ် ကိုယ် ပြန်ဖြေသိမ့်ရတယ်။

တစ်နေ့တာက ကြာလိုက်တာကွယ်။

ဘိုခဲလည်း မျှော်နေရှာမယ်။ အဘွားကော ထပ်ပြုံးပြဦးမလားလို့ ပြတင်းပေါက်နားမှာ စောင့်နေချင်သေးတယ်။ ပြီးတော့ ကျွန်မလည်း နားရဦးမယ်မလား။ ဒီနေ့လည်း မနေ့ကလို အစောကြီး အိပ်ပျော်သွားရင် ကောင်းမှာပဲ။

●

mgyoe.com

mgyoe.com SAMPLE BOOK

"မမိုးသံ ဒီနေ့ နည်းနည်းစောတယ်နော်"

"ဟုတ်... ကျွန်မ စောထွက်လာလိုက်တာ၊ အိမ်မှာ ဘိုခဲလဲ အိပ်ပျော်နေတာနဲ့"

"ဘိုခဲ ဆိုတာ.."

"သြော်.... ကျွန်မ ကြောင်လေးပါ၊ ဟိုအိမ်ကနေ ခေါ်လာတာ"

"ကြောင်လေးက အသက် ဘယ်နနှစ်လောက် ရှိပြီလဲ"

"သုံးနှစ်ပဲ မကြည်ဖြူ။ နောက်လ သုံးရက်နေ့ဆို ပြည့်မှာ"

"မမိုးသံ ဒီနေ့စိတ်ကလေး အဆင်ပြေနေတယ် ထင်တယ်နော်"

"ဟုတ်ပ့ါ... ဘိုခဲကြောင့်လား၊ လစာကြောင့်လား မသိပါဘူး"

"နှစ်ခုစလုံးကြောင့် ဖြစ်မှာပါ။ မနေ့က လစာရခဲ့တော့ ဒီနေ့ အပြင်ထွက်ရင်း ဘိုခဲအတွက် ခရင်မီဖြစ်ဖြစ် ကက်ဖု (cat food) ဖြစ်ဖြစ် ဝယ်သွားမယ် ထင်ပ့ါ"

"ကျွန်မ ရှေ့အပတ်ကတည်းက ပြောမလို့ မကြည်ဖြူက ကျွန်မ စိတ်ထဲဝင်ဖတ်နေတဲ့ အတိုင်းပဲလို့"

"ခုကော ပြောတာတွေ မှန်တယ် ထင်တယ်နော်"

"ဟုတ်တယ်၊ ခရင်မီ ကုန်နေပြီမို့ ဝယ်သွားရတော့မှာ"

မကြည်ဖြူ ပြောမှ ဒီနေ့ စိတ်ထဲ ပေါ့နေတာကို သတိထားမိတယ်။ မနေ့က လစာထုတ်တော့ ဘောနပ်စ် အပိုလည်း ရခဲ့တယ်။ ဒါ ကျွန်မ အလုပ်

mgyoe.com

mgyoe.com

SAMPLE BOOK


ဝင်ကတည်းက ပထမဆုံးရတဲ့ ဘောနပ်စ်လေ။ နေ့လယ်စာလည်း ရုံးက ပိုက်ဆံထုတ်ပေးလို့ အဖွဲ့လိုက်ကြီး သွားစားကြသေးတယ်။ ဒီလိုကျတော့လည်း ကျွန်မက ပုရွက်ဆိတ်လေး မဟုတ်တော့ပြန်ဘူး။ အတူတူ ရယ်ဖြစ်တယ်။ အစားတွေအများကြီး စားဝင်တယ်။ တဝေါဝေါ အသံတွေ နားထဲမှာ မကြားရဘူး။ နေပျော်ဖို့ ဒီလိုရက်တွေ ရှိသားပဲ။ လက်သည်းခွံကို တစ်ရက်လုံးလုံး မဖွဲ့မိတဲ့ရက်တွေ ရှိသားပဲ ဆိုတဲ့ အတွေးတွေ ဝင်လာတယ်။ လက်ရှိ ရပ်နေတဲ့ နေရာလေးမှာ ကိုယ့်အသက်ရှူသံ ကိုယ် ပြန်ကြားရတယ်။ အိမ်ပြန်ရတာ စိတ်ညစ်တဲ့ ရက်တွေလည်း ကုန်သွားပြီ။ လမ်းအဆုံးမှာ ရှိတဲ့ နယ်မြို့လေးရဲ့ အိမ်ဟာလည်း ကျွန်မကို ကြိုမနေတော့ဘူး။

ဒီကနေ ပြန်ရင် ဘိုခဲအတွက် ခရင်မီရော၊ ကျွန်မဖို့ ပါးနီရော ဝယ်ရမယ်။

ကျွန်မက အိမ်ကလွဲရင် ကျန်တဲ့နေရာ အကုန်လုံးနဲ့ ခတ်တည့်တယ်လို့ ပြောလို့ ရမလားမသိ။ ပါးပေါ်က ဝက်ခြံတွေလည်း မရှိတော့ဘူး။ အမာရွတ်တောင် ချိုင့်ခွက်ကလေးလောက်ပဲ ကျန်ခဲ့တာ။

အယ်... Skincare လည်း ဝယ်ရမယ်။ နေလောင် ခရင်မ်ကတော့ နောက်လမှပဲ။

"ကျွန်မကိုလဲ ပြောပြပါဦး၊ မမိုးသံ ခု တွေးနေတာတွေကို"

"ကျွန်မ ပါးနီ ဝယ်မလို့ စဉ်းစားနေတာ။ စကင်ကဲ နည်းနည်းလောက်ရောပဲ"

"ဒါဆို ဘိုခဲအတွက် ခရင်မီ၊ မမိုးသံအတွက် ပါးနီပေါ့"

ကျွန်မ ပြုံးပြီး ခေါင်းညိတ်ပြလိုက်တယ်။

အခုမှ မကြည်ဖြူကို သေချာကြည့်မိတာ။ ဟိုနေ့ကလို အပြင်အဆင်လေး အတိုင်းပဲ။ မိုးပြာရောင် ဘလောက်စ် အပွလေးကို စတိုင်ပန့် အသားရောင်ထဲ ခပ်လျော့လျော့ ထိုးထည့်ထားပြန်တယ်။ ဆံပင်ကိုတော့ အောက်မှာအလုံးလိုက်ကလေး ထုံးထားတယ်။ ဖိနပ်ကလည်း သက်သောင့်သက်သာ ဖြစ်တဲ့အပျော့စား ဖိနပ်ကလေး။

ကျွန်မလည်း ဒီနေ့ နည်းနည်း ပြင်ဆင်လာခဲ့သေးတယ်၊ မြန်မာဝမ်းဆက်ချည်သားလေး ပေါ့ပေါ့ပါးပါး ဝတ်လာခဲ့တာ။ နေလောင်ခံ ခရင်မ်နဲ့ နှုတ်ခမ်းနီ

mgyoe.com

mgyoe.com SAMPLE BOOK


ပါးပါးလည်း ဆိုးခဲ့သေးတယ်။ ရှေ့အပတ်တုန်းက အပြင်အဆင်ကို ကိုယ့်ဘာသာကိုယ် ပြန်တွေးမိပြီး ရှက်တာလည်း ပါတာပေါ့လေ။

"အရင်အပတ်က ကျွန်မတို့ နည်းနည်းပြောဖြစ်ကြတဲ့ အကြောင်းလေးခု ဆက်ပြောကြမလား"

ဒီတစ်ခါလည်း ကျွန်မ ခေါင်းညိတ်မိတယ်။ စိတ်ပါလက်ပါ ခေါင်းညိတ်တာပါ။ ကျွန်မမှာ ပြောချင်တာတွေလည်း အများကြီး ရှိနေသလို ခံစားနေရတာမို့။

"ကျွန်မ မဟုတ်တောင် အဲဒီနေ့က ပြန်ရောက်တော့ အရင်တုန်းက အကြောင်းတွေ အများကြီး ပြန်တွေးဖြစ်တယ်။ ငိုတော့ မငိုပါဘူး၊ ဘိုခဲကို ညစာကျွေး၊ ကျွန်မလဲ ရေမိုးချိုး၊ ညစာစားပြီး အိပ်လိုက်တော့တာ"

"ဘာတွေ ပြန်တွေးဖြစ်လဲ"

"ရန်ကုန်လမ်းမကြီးက ဘယ်ဘက်ကိုပဲ ကွေ့ကွေ့ မြစ်သားအိမ်ကိုပဲ ပြန်ရောက်သွားတာ။ ပြီးတော့ နားထဲမှာလဲ ဝေါ… ဝေါ… နဲ့ အသံတွေ ကြားနေရတာ။ ကျွန်မစိတ်ထဲ အိမ်ပြန်ရောက်မှာ ကြောက်နေတာ။ အိမ်မှာ အသက်ရှူကျပ်တယ်။ ကိုကိုနဲ့ မတွေ့ချင်ဘူး။ မေမေတို့နဲ့ အခန်းခွဲပြီး မအိပ်ချင်ဘူး။ အဲ့နေ့ကတည်းက ကိုကို့လို ငိုယိုသောင်းကျန်းပြီး မေမေတို့နဲ့ပဲ အိပ်မယ်လို့ ပြောလိုက်ရမှာ။ ကျွန်မ အမေနဲ့ အဖေက မောင်နှမသုံးယောက်မှာ နှစ်ယောက်လောက် ပြောရင် နည်းနည်းစဉ်းစားပေးတတ်တဲ့ အကျင့် ရှိတယ်။ ညီမလေးကလဲ ငယ်သေးတော့ ငိုနိုင်းလို့ ရမှာပဲ"

"မောင်နှမ သုံးယောက်ကို တစ်ခန်း ခွဲပေးလိုက်ကြတာပေါ့။ အဲဒါ မမိုးသံ ခုနစ်နှစ်တုန်းကများလား"

"ဟုတ်တယ်၊ ကျွန်မ ခုနစ်နှစ်တုန်းက"

"မှတ်မိသေးတယ်၊ ကမ်းခြေသွားဖို့ ပူဆာမိလို့ ခေါင်းခေါက်ခံရတာ၊ အဲဒီမှာ စိတ်ကောက်ပြီး အိမ်ရှေ့က ဇွန်ပန်းရုံနားမှာ ထိုင်ငိုနေတာ၊ အဖေက ရေခဲမုန့် စားမယ် ဆိုပြီး လာချော့မှ အငိုတိတ်တော့တာပဲ။ ကျွန်မလေ တကယ်မှားခဲ့တာ။ တွေးတိုင်း ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်တယ်။ ဘာလို့ အတင်းပေကတ်ပြီး မေမေတို့နား မနေခဲ့တာလဲလို့"

"အဲဒီတုန်းက ကျွန်မအသက် ခုနစ်နှစ်၊ ညီမလေးက ငါးနှစ်၊ ကိုကိုကတော့ ၁၂ ပြည့်ပြီလား၊ မပြည့်သေးဘူးလား မသိဘူး။ အဲ့ထဲမှာ ကျွန်မက

အစွာဆုံး၊ အပူဆာတတ်ဆုံး၊ စကားအပေါဆုံး၊ ခိုင်းရင် ဖင်အပေါ့ဆုံး၊ အစား ဆုံး။ ကိုကို့ကိုတော့ မေမေတို့က ငြိမ်တယ်၊ စာလုပ်တယ်လို့ ပြောကြတယ်။ ညီမလေးကကျ ငယ်သေးတယ်။ ကျွန်မလေ... မေမေ့ အတွေးထဲ ဝင်ကြည့် လိုက်ချင်တာ။ ဘာစိတ်ကူးပေါက်ပြီး ကျွန်မတို့ကို အခန်းခွဲပေးတာလဲလို့။ ကျွန်မတို့ အိမ်မှာ မေမေနဲ့ ဖေဖေရဲ့ အခန်းက အကျယ်ဆုံး၊ အဲဒီမှာ မိသားစု ငါးယောက်လုံး စုနေလို့ ရတဲ့အထိကို ကျယ်တာ။ ပြီးတော့ ခွဲပေးတဲ့ အခန်းပေါ့။ အရင်က ပစ္စည်းအပိုတွေ ထားတာ၊ အဲဒီနေ့မှ ဘာစိတ်ကူးပေါက်တာလဲ မသိဘူး"

ပြောလာရင်း ကျွန်မ မောလာတယ်။ စကားတွေကလည်း ဒီနေရာ မှာပဲ ပုံစံမျိုးစံနဲ့ လည်ထွက်နေတယ်။ အချိန်တွေကို ရပ်ထားလိုက်ချင်တယ် ဆိုတဲ့ မနက်တုန်းက အတွေးကို ကိုယ့်ဘာသာ ပုံဖော်နေမိတာ များလားလို့ တောင် အူကြောင်ကြောင် တွေးလိုက်မိသေးတယ်။ တကယ်တမ်းက ကျွန်မ ဆက်မပြောရဲတာပါ။

"ဒါဆို မောင်နှမသုံးယောက်ကို အိပ်ခန်း ခွဲပေးခဲ့တယ်။ ဒါကို အဲဒီ အချိန်တုန်းက ခွဲမအိပ်ချင်ဘူးလို့ မပြောခဲ့မိလို့ ခုထက်ထိ နောင်တရနေတာပေါ့ နော်"

ကျွန်မ နောင်တရတာလား။ နောင်တရမှာကို ကြိုသိလို့ အတင်း ငိုယိုပြီး တားခဲ့ရင်ကော အခြေအနေတွေက တစ်မျိုးတစ်ဖုံ ပြောင်းသွားနိုင်မှာ မို့လို့လား။

"အဲလိုလဲ ပြောလို့ ရတယ်။ အခန်းခွဲလိုက်ပြီ ဆိုကတည်းက အဘွား တို့ အိမ်မှာ တစ်ပတ်တစ်ခါ သွားမအိပ်ရတော့ဘူး။ အရင်ကဆို ကျွန်မတို့ မောင်နှမတစ်တွေက ကျောင်းပိတ်ရက် စနေ၊ တနင်္ဂနွေ၊ တစ်ခါတလေ ကြား ရက်တွေ ပိတ်ရင်လဲ သွားအိပ်တယ်။ အဲဒီရက်မှ အမေက နောက်အပတ်မှ သွား ဆိုပြီး အိမ်မှာ နေခိုင်းတာ။ အခန်းလဲ ရှင်းတယ်။ ပြီးတော့ မောလို့ဆိုပြီး ရေချပ်ခိုင်းတယ်"

မကြည်ဖြူက ခေါင်းညိတ်တယ်။ ကျွန်မ ဆက်မပြောဖြစ်တော့ဘူး။

တစ်စက္ကန့်၊ နှစ်စက္ကန့်၊ သုံးစက္ကန့်၊ လေးစက္ကန့်............

ဒီလိုကနေ စက္ကန့်နှစ်ဆယ်........... စက္ကန့်သုံးဆယ်။

ကျွန်မ ထပ်ငိုမိတော့မယ် ထင်တယ်။

mgyoe.com

m gyoe.com SAMPLE BOOK

မကြည်ဖြူက ကိုယ်ကို မတ်လိုက်တယ်။ ဒီကြားထဲတော့ ကျွန်မကိုပဲ တောက်လျှောက် ကြည့်နေခဲ့တာ။ ကျွန်မကသာ နာရီရဲ့ စက္ကန့်လက်တံကနေ မျက်လုံး မခွာနိုင်တာ။

စက္ကန့်သုံးဆယ်အတိမှာ ကျွန်မ ဆက်မကြည့်တော့ဘူး။ အောက်ကို ငုံ့လိုက်တယ်။ ဖြူဖွေးနေတဲ့ မကြည်ဖြူရဲ့ ခြေဖမိုးတွေ၊ အမာရွတ် ခပ်ပါးပါးနဲ့ အသားလတ်တဲ့ ကျွန်မရဲ့ ခြေဖမိုးတွေ။

"ရေခပ်ပေးခဲ့တဲ့ အထိကိုပဲ မှတ်မိချင်နေတာလား မမိုးသံ၊ အဲဒီနေ့က တခြားအကြောင်းအရာတွေကိုကော ကျွန်မကို ပြောပြပေးလို့ ရမလား"

"အဲဒီနေ့က အကြောင်း ဆိုတာထက် အဲဒီညက အကြောင်းလို့ ပြောရင် ပိုမှန်မှာ"

●

mgyoe.com

mgyoe.com SAMPLE BOOK

## _ ၇ နှစ်အရွယ် မိုးသံ _

ပထမဆုံးအကြိမ် မေမေတို့နဲ့ ခွဲအိပ်ရမှာ ဆိုတော့ တစ်မျိုးပဲ။ ညီမလေးကိုလည်း ကြည့်ပေးရဦးမှာမို့လို့ ကိုယ့်ကိုယ်ကိုယ် လူကြီးဖြစ်သွားသလိုလို၊ ရင်တုန်တာလိုလို၊ ပျော်တာလိုလိုနဲ့။ ဟုတ်တယ်လေ၊ ကိုကိုက ညနေကတည်းက ဝူးဝူးဝါးဝါးတွေ လုပ်လို့ အဆူခံရပြီးပြီ၊ အဲဒီမယ် ချော့မယ့် သူလည်း မရှိဘဲနဲ့ တစ်ယောက်တည်း စိတ်တွေ ကောက်ပြီး ညစာတောင် မစားဘူး၊ စောင်ခေါင်းမြီးခြုံ အိပ်နေတာ။ အိပ်တော့ မပျော်လောက်ပါဘူး။ မိုးတွင်းကြီး မိုးကလည်း မရွာ၊ နေကလည်း နေ့ခင်းကတည်းက ပူလိုက်တာမှ တအားပဲ၊ အပြင်ကလူတောင် ဒီလောက်အိုက်တာ၊ ကိုကိုတော့ ဘယ်လိုနေမလဲ မသိ။ နေပေ့ါ၊ နေပလေ့စေ။ အဲ့ခေါင်းမြီးခြုံ စောင်ကြီးထဲက ထွက်လာပြီး ညစာ ခိုးစားရင် မနက်ကျ မေမေနဲ့ကို တိုင်ပစ်ဦးမယ်။ အိပ်ချင်ယောင်ဆောင်ပြီးတော့ကို ချောင်းနေမှာ။

မေမေကလည်း ကိုကို စားဖို့ ကြောင်အိမ်ထဲမှာ ကြက်ပေါင်ကြော်နဲ့ ထမင်းခဲ ချန်ထားသေးတာ။ မိုးသံကိုကျ တောင်ပံအရိုးပဲ ကျွေးပြီးတော့၊ ကြက်ပေါင်စားချင်လို့ အရင်ဦးထားတာကို ကိုကိုက မစားရသေးဘူးမို့ မိုးသံက အလျှော့ပေးလိုက်နော် တဲ့။ ကိုကို့မှာ မောမောပန်းပန်း ကျူရှင်သင်ပြီး ပြန်လာရတာလို့က ပါသေး။ နောက်ရက်ကျ ကြက်ပေါင် ဝယ်ကျွေးမယ် တဲ့၊ အလကား။ ဘာမှယုံမနေဘူး။

mgyoe.com

mgyoe.com

အယ်.... အယ်... ကိုကို ထလာပြီ ထင်တယ်။ မိုးသံ အိပ်ချင်ယောင်ဆောင်တာကို သိမှာစိုးလို့ ကျောပေးရက်သာ နေနေတာ၊ စောင်လှပ်တဲ့ အသံလည်း ကြားတယ်၊ တံခါးဖွင့်တဲ့ အသံလည်း ကြားတယ်။ အသာနေဦး... သူ မီးဖိုချောင်ကို ဝင်နိုက်မှ အမိဖမ်းပစ်မယ်။

အဲ့လို တွေးသာ တွေးတာပါ။ အခန်းထဲကနေ ထွက်ပြီး လိုက်မကြည့်ရဲဘူး။ မိုးသံတို့ အိပ်တဲ့ အခန်းက ထွက်ရင် အိမ်လယ်ကောင်ကို တန်းရောက်တာ။ မိုးသံတို့အိမ်က မီးဖိုချောင် တစ်ခန်း၊ ရေချိုးခန်း တစ်ခန်း၊ အိမ်သာ တစ်ခန်း၊ အိပ်ခန်း နှစ်ခန်း (အရင်ကတော့ အိပ်ခန်း တစ်ခန်း၊ စတိုခန်း တစ်ခန်းပေါ့လေ) အဲဒါပဲ ရှိတာ။ အလယ်မှာက ဧည့်ခန်းပဲ ဆိုပါတော့။ ဧည့်ခန်းသာ ပြောတာ၊ တီဗွီကြည့်လည်း ဒီနေရာ၊ ထမင်းစားလည်း ဒီနေရာ၊ မိုးသံတို့ မောင်နှမတစ်တွေ စာကြည့်ပြီ ဆိုလည်း ဒီနေရာပဲ။ အဲဒီနေရာလေး ပတ်ပတ်လည်မှာ အခန်းတွေ လုပ်ထားတာလေ။ အဲဒါက အိမ်လယ်ကောင်ပဲ။ အိမ်လယ်ကောင်မှာ ကိုကိုက မိုးတိုးမတ်တတ်ကြီး ရပ်နေသေးတယ်။ မီးဖိုထဲ သွားပြီး စားရ၊ မစားရ စဉ်းစားနေတာ နေမှာပေါ့။ ကြက်ပေါင်ကတော့ ကြောင်အိမ်ထဲပဲ သိမ်းထားလိုက်တော့မယ်လို့ မေမေ အော်ပြောလိုက်တာကို သူ ကြားသားပဲ။ အလကား မူရာ မာယာများနေတာ။

သူ့မှာ ကျေကို မကျေနပ်နိုင်ဘူး ထင်တယ်။ မီးဖိုချောင်ထဲကို မသွားနိုင်ဘူး။ မေမေတို့ အခန်းဘက်ကို ကြည့်ပြီး အကြာကြီး ရပ်နေတာ။ အဲဒီထဲ ဝင်အိပ်တော့လည်း အေးတာပဲ။ ခေါင်းအုံးပါ အပြင်ထုတ်ပေးလိုက်ဦးမယ်။ ကိုကိုက မေမေတို့ အခန်းရှေ့မှာ အကြာကြီး ရပ်ကြည့်၊ မိုးသံကလည်း ကိုကို့ကို ပုန်းလျှိုးကွယ်လျှိုး ရပ်ကြည့်နဲ့ ဘယ်လောက် ကြာသွားသလဲ မသိဘူး၊ ကိုကို ပြန်လှည့်လာတော့မှ မိုးသံပါ အမြန်ပြေးလှဲရတယ်။ ရိပ်တော့ မရိပ်မိလောက်ဘူး ထင်ရတာပဲ။

စိတ်နဲ့ကိုယ်တောင် ကပ်ရဲ့လား မသိဘူး။ မိုးသံတို့ကို ကျောပေးရက်လှဲနေတယ်။ အသက်ရှူတဲ့ ပုံကို ကြည့်ပြီး အိပ်နေလား၊ မအိပ်နေဘူးလား မိုးသံ မခွဲတတ်ဘူး။ တစ်အောင့်နေတော့ ရှူးရှူးက ပေါက်ချင်လာတယ်။ အရေးရယ်ဆို ရှူးပေါက်၊ အီးပါနေတာနဲ့တင် နောက်မှာ ကျန်နေခဲ့မှာလို့ အမေ ပြောပြောနေတဲ့ အတိုင်းပဲ။ ခုမှ နိုးလာသလိုလို၊ ဘာလိုလိုနဲ့ ရှုံ့းလုပ်ပြရသေးတယ်။ မိုးသံ ထ,လာတဲ့အသံ ကြားတော့ ကိုကိုက လှည့်ကြည့်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါက ဘယ်လဲ"

"ရှူးသွားပေါက်မလို့"

ကိုကို မေးတာ ဖြေပြီး အခန်းထဲက ထွက်၊ အိမ်သာကို ပြေးရတယ်။ အိမ်သာထဲက ထွက်လာတော့ အမယ်လေး... ကိုကိုက အိမ်သာ အပေါက်ဝမှာ ရပ်နေတာ။

"ကိုကို ရှူးပေါက်မလို့လား"

မိုးသံ မေးခွန်းတောင် မဆုံးသေးဘူး။ ကိုကိုက မိုးသံ လက်ကောက်ဝတ်ကို လှမ်းဆွဲတယ်။

မိုးသံက ခပ်ပိန်ပိန်မို့ လက်ကောက်ဝတ် အရိုးလေးက ကိုကို့ လက်ထဲ ဆတ်ခနဲ ပါသွားတယ်၊ နာလိုက်တာကိုပဲ။ ဘာလုပ်တာလဲ၊ နာတယ် ဆိုတော့ ကိုကို့လက် နောက်တစ်ဖက်က မိုးသံ ပါးစပ်ကို လှမ်းပိတ်တယ်။ မအော်နဲ့၊ အမေတို့ နိုးသွားလိမ့်မယ် တဲ့။

အဲဒါဆို ဘာလို့ အဲဒီလို လုပ်လဲ။ နာရင်တော့ အော်မှာပဲ။

စကားသံက စိတ်ထဲမှာသာ ပီပြင်တာ။ အပြင်မှာကျ ဝူးဝါးဝူးဝါး အသံခပ်အုပ်အုပ်ပဲ ထွက်လာတယ်။

ကိုကို ဘာလုပ်တာလဲလို့။ လက်လည်း နာနေပြီ၊ အသက်ရှူလို့လည်း မရတော့ပါဘူး ဆို။

မေမေရေ... ဒီမှာ ကိုကို အနိုင်ကျင့်နေတယ်။

ဖယ်စမ်းပါလို့။

ရုန်းရင်းဆန်ခတ်တွေ ဖြစ်ပြီး ကိုကိုရော မိုးသံရော နှစ်ယောက်စလုံး အိမ်သာထဲ ပြန်ရောက်သွားတယ်။ ကိုကိုက မိုးသံ လက်ကောက်ဝတ်မှာ ညှစ်ထားတဲ့ လက်ကို လွှတ်ပြီး အိမ်သာတံခါးကို ဆွဲပိတ်လိုက်တယ်။ အဲဒီ အချိန်လေး အတွင်းကို မိုးသံ ရုန်းပါသေးတယ်။ တွန်းပြီး မေမေတို့ဆီ သွားဖို့ လည်း စဉ်းစားသေးတယ်။ တကယ်တမ်းကျ ဘာဆို ဘာမှ မလုပ်နိုင်လောက်တဲ့ စက္ကန့်ပိုင်းလေးပဲ ဖြစ်နေတယ်။ အော်လိုက်ဖို့ရာကလည်း အသက်တောင် ရှူမရ အောင် ပိတ်ခံထားရသေးတာ။

မေမေရေ... ဖေဖေရေ... ဧည့်ခန်းလေးတစ်ခုပဲ ခြားတာလေ။ ကိုကို အနိုင်ကျင့်တာတွေကို တစ်စက်ကလေးမှ မကြားကြဘူးလား။ ဘာတွေ လုပ်နေ ကြတာလဲ။

mgyoe.com

mgyoe.com  SAMPLE BOOK 

အိမ်သာဘေးက ရေကန်ပေါင် သေးသေးလေးပေါ်မှာ မိုးသံ ထိုင်ရက်သား ပစ်ကျသွားပြီး ကိုကိုက အပေါ်ကနေ ဖိထိုင်ထားတယ်။ လက်တစ်ဖက်က မိုးသံ အသံမထွက်အောင် ပိတ်ထားတာ၊ အသက်ရှူလို့တောင် မရတော့ဘူး။ သွားတွေ ကျွတ်ထွက်ကုန်မလားပဲ။ နောက်တစ်ဖက်က မိုးသံ တစ်ကိုယ်လုံးကို ဖျစ်ညှစ် ဆုပ်ကိုင်နေတာ။ အသားတွေ နာလာပြီ။ မေမေ ရိုက်တုန်းကတောင် ဒီလောက် မနာဘူး။ ဆရာမ ကြိမ်လုံးစာထက် ပိုနာတယ်။ အသက်ရှူလို့လည်း မဝဘူး။ တစ်ကိုယ်လုံးမှာ ကိုကို့ လက်စာချည်းပဲ။

တစ်ခန်းတည်း အတူတူထားရုံနဲ့ မိုးသံကို အဲ့လောက်တောင် အငြိုးကြီးနေလား။ ညီမလေးကိုကော။ ညီမလေးကို ကျတော့ကော ဘာလို့ ခုလို အနိုင်မကျင့်တာလဲ။ ဘာလို့ မိုးသံလဲ။ ကြီးတော် ပြောသလို မိုးသံက အလတ်မို့လို့လား။ အလတ်ဖြစ်တော့ကော ဘာဖြစ်လဲ၊ ခရီးလည်း တူတူသွားရတာပဲ၊ ကျောင်းလည်း တူတူတက်ရတာပဲ။ ရေခဲမုန့်လည်း အကုန် အတူတူ မျှစားကြတာပဲ။ စူပါမားကက်မှာလည်း အတူတူ ဆော့ကြတာပဲ။ ကိုကိုက အသက်ကြီးပြီး အရပ် ရှည်သွားလို့ ပျော့အိပျော့အိထဲ ဝင်လို့ မရတာ တစ်ခုပဲ။ အခု အခန်းခွဲဖို့ကကော မိုးသံ ပြောလို့မှ မဟုတ်တာ။ ဘာလို့ အဲ့လောက်ကြီး အနိုင်ကျင့်နေရတာလဲ။

"အမေ့ကို တိုင်ရင် နင် သေမယ်"

"အခုလဲ ဆက်အော်မနေနဲ့တော့၊ တိတ်တော့"

မိုးသံအပေါ် ဖိထိုင်ထားတဲ့ ကိုကို့ ခန္ဓာကိုယ်က ဖိရက်သား ဒီအတိုင်းပဲ။ အော်ရင် ပိုဆိုးမှာ။ အခုကို နာလှပြီ။ မေမေရေ... ကယ်ပါဦးလို့ စိတ်ထဲက အော်နေမိပေမယ့် အပြင်မှာတော့ မိုးသံ ခေါင်းညိတ်ပြလိုက်ရတယ်။

"မေမေတို့ သိရင် နောက်နေ့ နင်နဲ့ငါ အတွေ့ပဲ မိုးသံ"

မိုးသံ ထပ်ပြီး ခေါင်းညိတ်ပြလိုက်တယ်။

ခန္ဓာကိုယ်ပေါ်မှာ ကိုကို့ လက်တွေ မရှိတော့ဘူး။ ပါးစပ်ကို အုပ်ထားတဲ့ လက်ကိုလည်း ဖယ်ပေးတယ်။

"ခဏနေမှ ဒီထဲက ထွက်ခဲ့"

မိုးသံ ထပ်ခေါင်းညိတ်ပြလိုက်တယ်။ အဲဒီတော့မှ ကိုကိုက အိမ်သာတံခါးကို သာသာလေး ဖွင့်ပြီး ပြန်ထွက်သွားတယ်။ ပြန်ဝင်လာမှာ ကြောက်လို့ အထဲကနေ အမြန်လော့ချလိုက်ရတယ်။ မိုးသံ တစ်ကိုယ်လုံး နာလွန်းလို့

mgyoe.com

mgyoe.com

တော်တော်နဲ့ မထနိုင်ဘူး။ အသက်ရှူ ကျပ်ပြီး ဝမ်းနည်းတယ်။ ငိုလို့လည်း မရဘူး။ ကိုကိုက အသံမထွက်နဲ့ တဲ့။ မေမေတို့ သိသွားရင် နောက်နေ့တွေရော တွေ့မှာတဲ့။ မတွေ့ချင်ဘူး။ ကိုကို့ မျက်နှာလည်း မမြင်ချင်ဘူး။ တစ်ခန်းထဲမှာလည်း အတူတူ မအိပ်နိုင်ဘူး။ မုန်းတယ်။

မိုးသံက အဲဒီလောက်တောင် အနိုင်ကျင့်စရာ ဖြစ်နေပြီလား။ တစ်ခန်းထဲ အတူတူ အိပ်ရတာကို သူပဲ မကျေနပ်တာလား။ မိုးသံလည်း မကျေနပ်ဘူးလေ။ သူနဲ့ ဘာလို့ အိပ်ရမှာလဲ။ ညီမလေးနဲ့ အိပ်ပေးတာကို လွန်လှပြီ။

အိမ်သာထဲမှာ ထိုင်နေတာ ဘယ်လောက်တောင် ကြာသွားလည်း မသိဘူး။ ခြေထောက်ကို ပုရွက်ဆိတ်တွေ စူးခနဲ စူးခနဲ လာကိုက်မှ ပြန်ထွက်ဖို့ သတိရတယ်။ လက်တွေ၊ ခြေထောက်တွေကလည်း တော်တော်နဲ့ ပြန်ကြွလို့ မရဘူး။ လူက ထ,လို့ မရဘူး။ မေမေ့ကို အော်ခေါ်လို့ မရဘူး။ တစ်ညလုံးလည်း ထိုင်မနေချင်ဘူး။ အပြင်မှာလည်း ခွေးတွေ အူနေပြီ။ ကြောက်လွန်းလို့ စောင်ခေါင်းမြီးခြုံပြီး အော်ငိုလိုက်ချင်တယ်။

"ဒေါက်ဒေါက်"

ခွေးအူသံတွေ ကြားလို့ လန့်နေရတဲ့ကြားထဲ တံခါးခေါက်တဲ့ အသံကြောင့် လူကို တုန်သွားတာပဲ။

"ကိုကိုလား"

"အထဲက မိုးသံလား"

မေမေ့အသံ ကြားလိုက်ရတော့ ပျော်သွားတာပဲ။

"မေမေ... မေမေ"

တံခါးကို ဖွင့်ပြီး မေမေ့ကို လှမ်းဖက်လိုက်မိတယ်။ တစ်ကိုယ်လုံးလည်း ကိုက်ခဲလို့။ မျက်ရည်တွေလည်း စီးကျလို့။

"ဘာဖြစ်လို့လဲ သမီးရဲ့"

ကိုကိုပါ အခန်းထဲက ထွက်လာတယ်။ သူ ခုထိ မအိပ်သေးဘူးလား။ မိုးသံကို စောင့်နေတာလား။ ထပ်အနိုင်ကျင့်မလို့လား။

"ပုရွက်ဆိတ် ကိုက်လို့"

ပြောမိပြောရာ ညာပြောလိုက်ပြီး ကိုကို့ကို လှမ်းကြည့်လိုက်တယ်။ ကိုကိုက မိုးသံကို ဒေါသတကြီး ပြန်ကြည့်နေလိမ့်မယ်လို့ ထင်ထားခဲ့ပေမယ့်

mgyoe.com

mgyoe.com


မဟုတ်ဘူး။ မိုးသံကို ကြည့်မနေဘူး။ မေမေ့ကို ကြည့်နေတာ။ စိတ်တိုနေသလိုလို၊ မကျေနပ်သလိုလို။

ကိုကို့ အကြည့်က ဘယ်လိုအဓိပ္ပာယ်လဲ မိုးသံ မသိဘူး။ သိလည်း မသိချင်ဘူး။ နာတာနဲ့ ငိုချင်တာပဲ သိတယ်။

မေမေက ဉုံဖွဉုံ ဆိုပြီး ဆေးဖြူလေး တို့ပေးတယ်။

"မေမေ နောက်ရက်ကျ ပုရွက်ဆိတ်ဆေးမှုန့် ဖြူးပေးထားမယ်နော်။ ခုတော့ အိပ်လိုက်ဦး။ မနက်ကျ ကျောင်းသွားရဦးမှာနဲ့ ဘာနဲ့"

မိုးသံ ခေါင်းညိတ်ပေမယ့် အိပ်ခန်းထဲ မဝင်ရဲဘူး။

"မေမေတို့နဲ့ အိပ်လို့ ရလား"

"ကြောက်လို့လား သမီးရဲ့၊ ဘာဖြစ်လို့လဲ။ ကိုကိုရော၊ ညီမလေးရော ရှိတယ်လေ။ ညီမလေးဆို အိပ်တောင် အိပ်ပျော်နေပြီ။ ဟိုမှာ ကိုကိုလဲ နိုးနေပြီ။ သား ညီမလေးကို လာခေါ်ပြီး ပြန်သိပ်ပေးပါလား"

ကိုကိုက ခုနက အကြည့်အတိုင်းပဲ။ တစ်စက်မှ မပြင်ဘူး။ မေမေ့ကိုရော မိုးသံကိုပါ ကြည့်နေတယ်။ 'မိုးသံ နင် ပြောရဲ ပြောကြည့်' ဆိုတဲ့ ပုံစံနဲ့ ကြည့်မှန်း သိပါတယ်။ စဉ်းစားလို့ မရတာက မေမေ့ကိုပါ ဘာတွေ ရန်လိုနေတာလဲ။ မိုးသံကိုပဲ ထပ်ပြီး ဒေါသပုံချဦးမှာလား။

ကိုကို ချာခနဲ လှည့်ထွက်သွားတော့ မေမေ ခိုးပြီး သက်ပြင်းချလိုက်တာကို မိုးသံ သတိထားမိလိုက်တယ်။

"သွားအိပ်တော့နော်"

မိုးသံ ခေါင်းပဲ ညိတ်ပြလိုက်ရတယ်။ ဘာပြောလို့ ရဦးမှာတဲ့လဲ။ ပြောတော့ကော မေမေက မိုးသံနဲ့ ကိုကို့ စကားဆို ကိုကို့ကိုပဲ ယုံမှာ မဟုတ်လား။ အမြဲတမ်း ယုံခဲ့တာပဲ။ ကိုကို တိုင်တိုင်း မိုးသံ အရိုက်ခံခဲ့ရတာချည်းပဲ။ ကိုကို မကျေနပ်တိုင်း မိုးသံက အလျှော့ပေးရတာချည်းပဲ။ ကိုကိုမှ မဟုတ်ပါဘူး။ ညီမလေးနဲ့ဆိုလည်း အကုန် မိုးသံက အလျှော့ပေးရတာ။ သမီးက အငယ်ပဲ၊ ကိုကို့ စကားနားထောင်နော်။ သမီးက အကြီးပဲ၊ ညီမလေးကို သည်းခံလိုက်နော်။ ဒါတွေပဲ နေ့နေ့ညည ကြားနေရတာ။ စိတ်ပျက်လာပြီ။ တစ်ခုခု ရချင်ရင်၊ လိုချင်ရင် ကိုကို့ကိုပဲ ဖြစ်ဖြစ်၊ ညီမလေးကိုပဲဖြစ်ဖြစ် စစ်ကူတောင်းနေရတဲ့ အဖြစ်ကို စိတ်ညစ်နေပြီ။ ဘယ်တော့မှ မိုးသံတစ်ယောက်တည်းနဲ့ မပြီးခဲ့ဘူး။ မုန့်လား.... ညီမလေး

mgyoe.com

ကော စားချင်မှ ဝယ်တာ။ စာအုပ်လား... ကိုကိုကော ဖတ်ချင်မှ ဝယ်တာ။ ဘယ်တော့မှ မိုးသံတစ်ယောက်တည်း စိတ်ကူးနဲ့ ဖြစ်မလာဘူး။

အဲဒီတော့ ဘာတတ်နိုင်ပါ့မလဲ။ ဘာနေနေ ခေါင်းညိတ်ခံရုံပေါ့။ ပိုက်ဆံတွေ အများကြီး ရှာနိုင်ရင်တော့ ဒီအိမ်ကို ဘယ်တော့မှ ပြန်မလာဘူး။ တစ်သက်လုံးပဲ။ ဒီမျက်နှာတွေကို မကြည့်ဘူး။ ကိုကို့ လက်တွေဆို ဖြတ်လို့ ရရင် ဖြတ်ပစ်လိုက်ချင်သေးတယ်။ အဲဒီမျက်လုံးတွေကိုလည်း ဖောက်ထုတ်ပစ်လိုက်မှာ။ တစ်သက်လုံး အသက်ရှူလို့ မရအောင် နှာခေါင်းတွေကိုပါ ပိတ်ထားပစ်မှာ။

ခုံပေါ်က စားပွဲတင်နာရီ အသေးလေးကို လှမ်းကြည့်လိုက်တော့ မနက် ငါးနာရီ ထိုးနေပြီ။ အိပ်လို့လည်း မရသေးဘူး။ ကိုကို့ဘက် လှမ်းကြည့်တော့ တရှူးရှူးနဲ့ အိပ်ပျော်နေပြီ။ ဩော်... ဒါ ကိုကို အိပ်ပျော်တဲ့ ပုံကိုး။ မိုးသံစိတ်ထဲ စွဲနေအောင် မှတ်ထားလိုက်တယ်။ ညီမလေး အိပ်ပျော်ပြီဆိုရင် ပက်လက်ကလေး။ ပါးစပ်ဟောင်းလောင်းလေးနဲ့၊ မျက်လုံးကလည်း မမှိတ်တမှိတ်လေး။ ကိုကို အိပ်ပျော်ပြီဆို အသံထွက်တယ်။ အသက်ရှူသံ ပြင်းပြင်းပဲ။ ရှူး....ရှူး....နဲ့။ ခေါင်းအုံးတခြား၊ ခေါင်းတခြားနဲ့၊ ပုစွန်တုပ်လို ကွေးနေအောင် ခွေတတ်တယ်။ ဒါ ကိုကို အိပ်ပျော်တဲ့ ပုံပဲ။

မေမေတို့ကော ဘယ်လို အိပ်လဲ။ ဖေဖေ တအားဟောက်တတ်တာတော့ သိတယ်။ ဘယ်လိုပုံစံနဲ့ အိပ်လဲ မိုးသံ မသိဘူး။

နောက်ရက်တွေတော့ ဘယ်လိုက တကယ် အိပ်ပျော်တဲ့ပုံ၊ ဘယ်လိုက အိပ်ချင်ယောင် ဆောင်နေတဲ့ပုံ ဆိုတာ မိုးသံ သိချင်တယ်။ သိမှ ဖြစ်မယ်။ အဲဒါမှ ညဥ့်သန်းခေါင်သန်းလွဲ အိမ်သာ သွားချင်ရင် ဒီနေ့လိုကိစ္စတွေ ထပ်မဖြစ်မှာ။ အခုနေခါ မေမေနဲ့ ဖေဖေ အိပ်ပျော်တဲ့ပုံက ဘယ်လိုလဲလို့ သွားချောင်းကြည့်လိုက်ရမလား။ မဖြစ်သေးပါဘူး။ တော်ကြာ ကိုကို နိုးလာမှဖြင့် မိုးသံထပ်ပြီး အနိုင်ကျင့်ခံနေရဦးမယ်။ မဖြစ်ဘူး။ ကိုကိုက မိုးသံကိုပဲ မဲမှာ။ မေမေနဲ့ ဖေဖေ့ကိုလည်း မျက်လုံးတောင် လှန်ကြည့်လို့ မရဘူး။ ညီမလေးကျတော့လည်း ဘာလုပ်လုပ် ငိုမှာဆိုတော့ သွားလုပ်လို့ မရမှန်း မိုးသံ သိတယ်၊ မိုးသံတောင် သိမှတော့ ကိုကိုလည်း သိမှာပဲ။

စိတ်ညစ်လာပြီ။ ခွေးတွေကလည်း တအားကို အူနေတာပဲ။ မေမေတို့နဲ့ သွားအိပ်ရင်လည်း ညကြီးအချိန်မတော် အရိုက်အနှက် ခံရမလား၊ အဆူခံရ

mgyoe.com

mgyoe.com SAMPLE BOOK

မလား မသိဘူး။ ရှူးကလည်း ပေါက်ချင်လာပြန်ပြီ။ မိုးသံ ဘယ်လိုလုပ်ရတော့မှာလဲလို့။ ထပြန်ရင်လည်း ကိုကိုက လိုက်လာဦးမှာ။ တကယ်အိပ်ပျော်၊ မပျော် ဘယ်လောက်ပဲ သိအောင် လုပ်ထား လုပ်ထား၊ တကယ်တမ်း နိုးလာပါပြီတဲ့၊ မိုးသံကပဲ ထပ်အနိုင်ကျင့်ခံရမှာ။ ဘယ်သူမှလည်း ရှိနေပေးမှာ မဟုတ်ဘူး။ မေမေ့ကိုလည်း တိုင်မရဘူး။ ဖေဖေတို့ ဘိုးဘိုး၊ ဘွားဘွားတို့ဆို ပိုတောင်ဆိုးသေး။ ဒီတိုင်းတောင် အဆူအဆဲ ခံနေရတာ၊ ကြိမ်လုံးစာ မိနေရတာ။ မေမေတောင် ကြိမ်လုံးနဲ့ မရိုက်ဖူးဘူး။ ကျောင်းက ဆရာမနဲ့ အဘွားက တအားပဲ ရိုက်တာ။ ကြိမ်လုံးမှာ မိုးသံသာလို့တောင် နာမည်တပ်ပေးလိုက်ချင်တယ်။ 'မောင်နှမ သုံးယောက်ကို ဆုံးမဖို့လေ' လို့ လူစုံရင် အဘိုးထုတ်ထုတ်ပြတတ်တဲ့ ကြိမ်လုံးက မိုးသံ တစ်ယောက်တည်းကိုပဲ ရိုက်တာ။ တစ်တန်းလုံးကို 'နင်တို့ ကြိမ်လုံးစာ မိမယ်နော်' လို့ ပြောတဲ့ ဆရာမကလည်း မိုးသံကိုပဲ ရိုက်တာ။

ဘာတွေက အဲ့လောက် မှားနေလို့လဲ၊ မှားတယ် ဆိုတာကကော ဘာလဲ။ မှန်တယ် ဆိုတာကကော ဘာလဲ။ မိုးသံကကော ဘာသိမှာလဲ။ အသက်ပဲ ခုနစ်နှစ်ရှိနေပြီ၊ ဒါလေးတောင် မသိဘူးလို့ ဘိုးဘိုး အော်ရင် သိပ်စိတ်ရှုပ်တာပဲ။ အသက် ခုနစ်နှစ်က ဘာသိရမှာလဲ။ အသက် ခုနစ်နှစ်က အနိုင်ကျင့်ခံရမှာ ထိုးစံပဲလား။ အသက် ခုနစ်နှစ်က အမေတို့နဲ့ ခွဲအိပ်ရမှာလား။ အသက် ခုနစ်နှစ်က အိမ်သာထဲမှာ တစ်ကိုယ်လုံး ဖိသိပ်ခံထားရပြီး ဖျစ်ညှစ်တာတွေ ခံရမှာ ထိုးစံပဲလား။ ပြောစမ်းပါ ဘိုးဘိုးရဲ့။

မိုးသံ ဘာတွေ မှားနေလို့လဲ။ အိပ်ခန်း ခွဲတာ မိုးသံ အမှားလား။ မေမေတို့နဲ့ မအိပ်ရတော့အောင် မိုးသံ ဘာလုပ်မိလို့လဲ၊ ဘာပြောမိလို့လဲ။ ဒါအပြစ်ပေးတာလား။ ကမ်းခြေ သွားချင်တယ်လို့ ပူဆာလို့ မေမေနဲ့ ဖေဖေက အပြစ်ပေးတာလား။ ပြက္ခဒိန်အသစ်လည်း မယူဘူး၊ ကမ်းခြေလည်း မသွားဘူး၊ စူပါမားကက်က ရေခဲမုန့်လည်း မစားဘူး၊ ရှူးလည်း မပေါက်ဘူး၊ အီးလည်း မပါဘူး၊ မေမေတို့နဲ့ ပြန်အိပ်ခိုင်းမှာလား ပြော။ အဲဒီလိုဆိုရင် ကိုကို အနိုင်ကျင့်တာတွေ မခံရတော့ဘူးလား ပြော။ အကုန် လုပ်ပစ်လိုက်မယ်။ စာတွေလည်း သေအောင် ကျက်မှာ။ ကျူရှင်လည်း သွားမှာ။ ခိုင်းတာမှန်သမျှလည်း အကုန်လုပ်ပေးမှာ။ ဟိုလိုက်ပို့ ဒီလိုက်ပို့ ဆိုတာတွေလည်း မိုးသံဆီကနေ လုံးဝမှ

mgyoe.com

mgyoe.com
SAMPLE BOOK


မကြားစေရတော့ဘူး၊ စိတ်ချ။ ရှူးလည်း တစ်သက်လုံး အောင့်ထားပေးမယ်။ တစ်အိမ်လုံး အိပ်ပျော်တဲ့ အထိလည်း ညတိုင်း စောင့်ပေးမယ်။ သေတာ ဘယ်လို မှန်း မသိပေမယ့် သေဆိုရင်တောင် သေပေးမယ် ဟုတ်ပြီလား။

ကြိမ်လုံးနဲ့ တစ်သက်လုံး ထိုင်ရိုက်ချင်လည်း ရိုက်နေလိုက်။ ကိုကို့ ကိုသာ ဒါမျိုး ထပ်မလုပ်နဲ့တော့လို့ ပြောပေးလို့။

ကိုကို့ကြက်ပေါင်ကိုလည်း တစ်သက်လုံး ယူမစားဘူး။ ဒီလို ထပ်မလုပ် တော့ဘူးလို့သာ ကိုကို့ကို ကတိပေးခိုင်းလို့၊ နော် မေမေ။ သမီး နောက်တစ်ခါ ဒီလို မခံချင်တော့ဘူး။ နာတယ် မေမေရယ်။ ရင်ဘတ်ထိပ်တွေ တအားနာတယ်။ ရှက်ရှက်နားက အသားကလည်း အောင့်တယ်။ အသက်ရှူရတာတောင် မဝချင် သေးဘူး။ ပုရွက်ဆိတ် ကိုက်တာထက် နာတယ်။

မိုးသံ ထွက်ပြေးချင်တယ်လို့။ ဘယ်ကို ပြေးရမှာလဲ။ မေမေတို့ အိမ်ကို မုန်းတယ်။ အဘိုးရဲ့ ကြိမ်လုံးကို မုန်းတယ်။ အကုန်လုံးကို မုန်းတယ်။ ဘေးနား က ညီမလေးကို ထုရိုက်ပြီး အော်ငိုပစ်လိုက်ချင်တယ်။

မိုးသံ နာတယ်လို့ မေမေရဲ့။ ရင်ဘတ်တွေ နာတယ်၊ ရှက်ရှက်လည်း နာတယ်၊ ဖိထိုင်ခံရလို့ ဖင်တုံးတွေလည်း နာတယ်။ ဆေးအဖြူ သိပ်လိုက်ရင် ပျောက်မှာလား။ မွန်ထူနေတဲ့ အဘွားရဲ့ ပရုတ်ဆီတွေ ခိုးလိမ်းရမှာလား။ မိုးသံကို ဆေးတစ်ခုခု ပေးစမ်းပါ။ ဘယ်လောက်ခါးခါး သောက်မှာ၊ ဘယ် လောက်ပူပူ လိမ်းပစ်မှာ။ သက်သာမယ့် ဆေးလေး တစ်ခုခုလောက် ရချင်တာ။ ကိုကို လိုက်လာမှာ စိုးလို့ ညှော်ခန်းထဲလည်း ထွက်မရှာရဲဘူး။

မိုးသံ နာလွန်းလို့ သေတော့မယ် ထင်တယ်။

တစ်ကိုယ်လုံး နာတယ်လို့။

မေမေရေ... မိုးသံကို ကိုကို အနိုင်ကျင့်နေတယ်လို့...။

●

mgyoe.com

mgyoe.com SAMPLE BOOK

"မမိုးသံ"

ကျွန်မ ဘယ်ရောက်နေတာလဲ၊ ဘေးက ဘယ်သူလဲ။

"မမိုးသံ နိုးပြီလား"

"ဟင်"

အိမ်မှာတော့ မဟုတ်လောက်ဘူး ထင်တယ်။ အိမ်မှာ ကျွန်မကို နှိုးမယ့်သူမှ မရှိတာပဲ။

"မမိုးသံ အဆင်ပြေရဲ့လား"

ကျွန်မ ဘယ်ရောက်နေတာလဲ။ ဘယ်နေရာမှာလဲ။ မြစ်သားအိမ်က အခန်းများလား။ ဘယ်အခန်းလဲ။ မေမေတို့ အခန်းမှာ နိုးရင် ပန်းရောင် ခြင်ထောင်အမိုးကို တွေ့ရမှာ၊ ခွဲပေးတဲ့ အခန်းဆို ခြင်ထောင်က ကြက်ပေါက် အဝါရောင်၊ အိမ်သာမှာဆို အမိုးက သစ်သားတွေ၊ အခု ဘယ်မှာ ရောက်နေတာလဲလို့။ ခေါင်းထဲ ပေါ်လာတဲ့ နေရာတွေလည်း တစ်ခုမှ ဟုတ်မနေဘူး။ ကျွန်မကို ဘယ်ခေါ်သွားကြတာလဲ။ ကိုကိုလား။ ကိုကို ခေါ်သွားတာလား။ ဟင့်အင်း... မလိုက်ဘူး၊ မလိုက်ဘူးလို့။ အိမ်သာထဲကို မလိုက်ဘူး။ မိုးသံပေါ် ဖိမထိုင်လိုက်နဲ့လို့။ ငြိမ်ခံနေတော့မှာ မဟုတ်ဘူးနော်။ မိုးသံ ခုနစ်နှစ် မဟုတ်တော့ဘူး။ ၂၇ နှစ် ရှိနေပြီ။ သေအောင် သတ်ပြီး ထွက်ပြေးလိုက်မှာ။ ဒါမှ မဟုတ်ရင်လည်း မိုးသံပါ လိုက်သေပစ်လိုက်မှာ။ ၂၇ နှစ် ရှိပြီ။ မိုးသံကိုများ ဘာမှတ်နေလဲ။ ရင်ဘတ်ပေါ် ရွစိရွစိတက်လာတဲ့ လက်တွေကို ဖယ်စမ်းပါ။

mgyoe.com

အသက်ချင်း လဲပစ်မှာ၊ လက်ချောင်း တစ်ချောင်းချင်းစီ ဖြတ်ပစ်မှာနော်။ မိုးသံကို ဘာများ မှတ်နေလဲ။

"ကိုကိုလား... ဖယ်စမ်း၊ မိုးသံပေါ်ကနေ ဖယ်စမ်းလို့ ကိုကို၊ ငါ အခုနင့်ကို မကြောက်တော့ဘူး၊ ဖယ်စမ်း... ငါ့ပေါ်ကနေ ဖယ်စမ်း"

"မမိုးသံ... မမိုးသံ... ကျွန်မပါ ကြည်ဖြူပါ"

ဘယ်က ကြည်ဖြူလဲ။

အသံက ရင်းနှီးသလိုလို ရှိတဲ့ အသံပဲ။ ဘယ်သူလဲ။ ကိုကို့ ရည်းစားလား။

မျက်လုံးထဲ အကုန် ဝေဝါးနေတယ်။ မိုးသံ ဘယ်မှာ အိပ်ပျော်နေတာလဲ။ ကျောပြင် ကပ်ထားတဲ့ နေရာက ပျော့အိအိကလေး နစ်ဝင်နေတယ်။ ဖျာကြမ်းလည်း မဟုတ်၊ သစ်သားပြားလည်း မဟုတ်၊ မျက်လုံးတွေကို တင်းခနဲ ပြန်မှိတ်ထားလိုက်ရတယ်။ နောက်တစ်ခေါက် ပြန်ဖွင့်ရင်တော့ ကြည်ကြည်လင်လင် ရှိကောင်းပါရဲ့။

ဖြည်းဖြည်းချင်း... ဖြည်းဖြည်းချင်း... ပြန်ဖွင့်ဖို့... ကြိုးစား....။

အား... အလင်းရောင်က စူးလိုက်တာ။

လင်းထိန်နေတဲ့ နေရာမှာ ဘယ်လို အိပ်ပျော်သွားတာလဲ။ မှောင်မည်းပြီး ကိုယ့်ခြေ၊ ကိုယ့်လက်ကို မမြင်ရလောက်အောင် ပိန်းပိတ်နေမှ အိပ်ပျော်တတ်တဲ့ အကျင့်က ဘယ်ရောက်သွားတာလဲ။ ဘာလို့ နှစ်နှစ်ခြိုက်ခြိုက်... မဟုတ်ဘူး၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တာ မဟုတ်ဘူး။ နစ်ဝင်သွားသလိုကြီး။ အိပ်မက်လား... တကယ်လား.... မသိတဲ့ နေရာမှာ နစ်ဝင်သွားတာ။ ဘာလို့ အဲလိုကြီး အိပ်ပျော်သွားရတာလဲ။ နှုတ်ခမ်းတွေ သွေးမရှိတော့သလို ခြောက်ကပ်နေတယ်။ တစ်ကိုယ်လုံးလည်း နာနေတယ်။ ရင်သားထိပ်တွေက စ,ပြီး မိန်းမကိုယ်အထိ၊ နေရာလပ်မကျန် နာကျင် ကိုက်ခဲနေရတယ်။

နေဦး.... မကြည်ဖြူ၊ မကြည်ဖြူကို သိပြီ။ ကျွန်မ ကောင်စယ်လာလေ။

တစ်ခုလောက် သိပြီမို့ ဝမ်းသာသွားတယ်။ အခုက မကြည်ဖြူ အသံကို ကြားနေရတာ၊ ကျွန်မနဲ့ မကြည်ဖြူ တွေ့ကြတာကလည်း တစ်နေရာပဲ ရှိတာ။ ဒါဆို အခုက... အခုက... .ကောင်းစလင်း အခန်းလား။ ဒီအခန်းထဲမှာ ကျွန်မ အိပ်ပျော်သွားတာလား။ ဘယ်အချိန် ရှိပြီလဲ။ သူတို့ကကော ဘယ်အချိန်ထိ အိပ်ခွင့်ပေးထားတာလဲ။

mgyoe.com

SAMPLE BOOK

"ကျွန်မ ပြန်ရမှာ၊ ဘိုခဲဖို့ မုန့်ဝယ်ရဦးမှာ"

"မမိုးသံဖို့ ပါးနီရောလေ"

သူ ပြောနေတဲ့အချိန် ကျွန်မ ဝေါက်ခနဲ ထထိုင်လိုက်လို့ ရုတ်တရက် ဘာပြောလိုက်တာလဲ စဉ်းစားမရဘူး။ ကျွန်မအတွက် ဘာဝယ်ရမှာလဲ။

"စိတ်အေးအေး ထားပါဦး မမိုးသံရဲ့၊ အချိန်ရှိပါသေးတယ်။ မမိုးသံ ခဏ မှေးခနဲ ဖြစ်သွားတာ ဆယ်မိနစ်လောက်ပဲ။ အကြာကြီး မဟုတ်ဘူးနော်။ အချိန်လဲ မကုန်သေးဘူး။ ကျွန်မ ကော်ဖီ သောက်ရင်း စောင့်နေတာမို့ အားနာ စရာလဲ မလိုဘူးနော်"

သူ စကားပြောတာ အရမ်းမမြန်ပါဘူး။ ကျွန်မ ဦးနှောက်ကသာ လိုက်မမီနေတာ။

"ရေလေး သောက်လိုက်မလား ဟင်"

ကျွန်မ ခေါင်းညိတ်လိုက်တယ်။ အာခေါင်တွေလည်း ခြောက်လှပြီ။ ခဏ မှေးခနဲ အိပ်ရင်း ငိုမိသွားသေးလား မသိဘူး။ မျက်လုံးတွေပါ ကျိန်းစပ် နေသလို ခံစားရတယ်။ ချွေးစေးတွေလည်း သီးလို့။

ကျွန်မရှေ့ ရောက်လာတဲ့ ရေသန့်ဘူး အသေးလေးကို တစ်ကျိုက် တည်း မော့ပစ်လိုက်တယ်။ ဘေးနားမှာလည်း တစ်ရှူး တစ်ထုပ်။ ရှေ့အပတ် တုန်းက မကြည်ဖြူ ပေးခဲ့တဲ့ တစ်ရှူးထုပ်ပဲ။ ကျွန်မ အိပ်နေတုန်း ဒါတွေ ချထားတာ ထင်တယ်။ ဘေးဘီဝဲယာကို ကြည့်တော့ ကော်ဖီတစ်ခွက်ကို တွေ့ တယ်။ ကျွန်မကို စောင့်ရင်း ကော်ဖီ သောက်နေတာတဲ့။ အားနာစရာ မလိုဘူး တဲ့။

"ကျွန်မ အိပ်နေရင်း စကားပြောတတ်တယ်လို့ အမေက ပြောဖူးတယ်။ ယောင်တဲ့အဆင့်တောင် မဟုတ်ဘူး တဲ့။ စကားလုံး ပီပီသသကြီးတွေ ပြော တာ တဲ့။ ကျွန်မ အဲဒီတုန်းက မေမေ အခန်းခွဲအိပ်ခိုင်းတာကို ပထမဆုံးအကြိမ် ပျော်မိတာပဲ။ မဟုတ်ရင် အိပ်နေရင်း ဘာတွေ ပြောမိလိုက်မလဲ မသိဘူး။ ကိုကို့ အကြောင်းက အိပ်မက်တွေထဲအထိ ခဏခဏပါလို့ တစ်နေ့မဟုတ် တစ်နေ့ ပြောမိမှာ။ မေမေတို့ သိသွားရင် ကျွန်မ ချွန်လိုက်တာလို့ ကိုကို ထင်သွား မှာ။ အဲဒီလိုသာဆို သေပြီပဲ။ အင်း... အဲဒီလို မတိုင်တာတောင်မှ ကိုကို့ စာမေးပွဲ မရှိတဲ့ ရက်တွေဆို တစ်ကိုယ်လုံး နာရတုန်းပဲ။ အိမ်သာ မသွားတာတောင်မှ

mgyoe.com

ကျွန်မ အိပ်တဲ့နားထိ လာတယ်။ ကိုင်တယ်။ စစချင်းတော့ ဖွဖွလေး ဆိုပေမယ့် တဖြည်းဖြည်း ကြမ်းလာတာ။ ရင်သားထိပ်တွေ...”

ပြောနေရင်း နာလာသလိုပဲ။ တစ်ကိုယ်လုံး ကျုံ့ဝင်ပြီး ပျောက်ကွယ်သွားချင်တယ်။ ရင်ဘတ်ကို မမြင်သာအောင် လက်ပိုက်လိုက်တဲ့ ကျွန်မက ဆရာမရှေ့ စာပြန်မလို့ ရပ်နေတဲ့ နှစ်တန်းကျောင်းသူ ပြန်ဖြစ်သွားတယ်။ စိတ်ရော၊ လူရော ခုနစ်နှစ်တုန်းကအတိုင်း၊ နာကျင်မှု၊ ဝမ်းနည်းခံခက်မှုတွေဟာလည်း ခုနစ်နှစ်တုန်းကအတိုင်း အစကနေအဆုံး တစ်ကျော့ပြန် သံသရာလည်လာပြန်တယ်။

မကြည်ဖြူက သက်ပြင်းသာသာလေး ချလိုက်တာ ကျွန်မ သတိထားမိလိုက်တယ်။ ခေါင်းကိုလည်း ညိတ်တယ် ဆိုရုံလေး ညိတ်ပြတယ်။

“တွေးလိုက်တာနဲ့တင် ဒီအချိန်တွေကို ပြန်ရောက်သွားသလို စိတ်ရော၊ လူရော ပင်ပန်းနေမှာပဲ”

မကြည်ဖြူ ပြောတာ တစ်လုံးမှ မလွဲပေမယ့် ကျွန်မမှာ ခေါင်းညိတ်ပြလိုက်ဖို့ အားမရှိတော့ဘူး။

“ကျွန်မကတော့ မမိုးသံ ရှုန်းထွက်လာနိုင်လို့ ဂုဏ်ယူနေမိတာ။ ခုနစ်နှစ်အရွယ်လေးနဲ့ မလိုက်အောင် ပင်ပန်းခဲ့ရတာတွေ၊ အနှစ် နှစ်ဆယ်လောက်ထမ်းထားခဲ့ရတာတွေ ပြောပြဖို့ ကျွန်မကို ရွေးချယ်ပေးခဲ့လို့လဲ ကျေးဇူးတင်မိတယ်။ အခု ကျွန်မနဲ့အတူတူ စိတ်ငြိမ်အောင် အသက်လေး ခဏရှူကြည့်ကြမလားဟင်”

ကျွန်မ ကြိုးစားပြီး ခေါင်းညိတ်ပြလိုက်တယ်။

“ပထမဆုံး အသက်ကို နှာခေါင်းကနေ တဝကြီး ရှူသွင်းလိုက်မယ်”

မကြည်ဖြူက ပြောလည်း ပြော၊ သူလည်း အတူလိုက်လုပ်ပေးတယ်။

“ငါးစက္ကန့်လောက် အောင့်ထားပေးပါဦး”

တစ်... နှစ်... သုံး... လေး... ငါး။

“ဟုတ်ပြီ၊ ပါးစပ်ကနေ လေတွေ အကုန်လုံးကို ဖြည်းဖြည်းချင်း.. ပြန်ထုတ်ကြမယ်”

“ဟူး.......................................”

“ဟုတ်ပါပြီ၊ ဒီလိုမျိုး နောက်ထပ် ငါးခါလောက် လုပ်ကြည့်ကြရအောင်နော်”

mgyoe.com

ကျွန်မ ခေါင်းညိတ်လိုက်တယ်။

နောက်အကြိမ်တွေမှာ မကြည်ဖြူက ဘာလုပ်ပါ၊ ညာလုပ်ပါ မပြော တော့ဘူး။ ကျွန်မနဲ့တူတူ စည်းချက်ကျကျ လိုက်အသက်ရှူပေးတယ်။

တစ်ခေါက်.... နှစ်ခေါက်.... သုံးခေါက်...... လေးခေါက်..... ငါးခေါက်။

မကြည်ဖြူရော၊ ကျွန်မရော မျက်လုံးတွေ ဖွင့်လိုက်တယ်။ အခန်းက ပိုပြီး ကြည်လင် ရှင်းသန့်နေတယ်။ ကျွန်မ မျက်စိရှေ့ တည့်တည့်မှာ ပန်းချီကား တစ်ကားပဲ။ ရောက်ခါစတုန်းက ဘာလို့ သတိမထားမိခဲ့ပါလိမ့်။ မဟုတ်ဘူး။ ရှေ့အပတ်တုန်းကအထိကို ဒါ မရှိနေဘူးရယ်။ အပိုအလိုမရှိတဲ့ နို့နှစ်ရောင်ကို အောက်ခံကာလာအနေနဲ့ တစ်ပြေးတည်း သုံးထားပြီး အလယ်ကောင် တည့်တည့် မှာ ဒေစီပန်းလေး သုံးပွင့်ကို အသေးစိတ် ဆွဲထားတဲ့ ပန်းချီကား။ ပန်းနုပ်နုပ် သေးသေးလေးသုံးပွင့်က ဘာလို့မှန်း မသိ၊ ကျွန်မစိတ်ကို ငြိမ်အေးနေစေတယ်။

"မကြည်ဖြူ ချိတ်ထားတာလား ဟင်"

ကျွန်မ စကားက အဆက်အစပ် မရှိပေမယ့် မကြည်ဖြူကတော့ သဘောပေါက်တဲ့အတိုင်း ခေါင်းညိတ်ပြတယ်။ ကျွန်မ ဘယ်ကို ကြည့်နေတယ် ဆိုတာ သိနေပုံပါပဲ။

"ကျွန်မ ရှေ့အပတ်က ဆွဲထားတာ"

မကြည်ဖြူက ပန်းချီကားကို လည်ပြန် ငေးကြည့်နေတယ်။

"မမိုးသံ အဆင်ပြေရဲ့လား"

"ခုနကထက် စာရင်တော့ အဆင်ပြေပါတယ်။ ကျွန်မ ဘာတွေပြောပြီး ဘာတွေ လုပ်မိလိုက်တာလဲ မသိဘူး။ မကြည်ဖြူကိုလဲ အားနာတယ်"

"ကျွန်မကို အားမနာပါနဲ့ မမိုးသံရဲ့။ ကျွန်မ တကယ်အဆင်ပြေပါ တယ်။ ဟိုမှာလေ ကျွန်မ သောက်လက်စ ကော်ဖီခွက်"

မကြည်ဖြူက ကော်ဖီခွက်ကို မေးငေါ့ပြရင်း ကျွန်မကို ခွန်းတုံ့ပြန် တယ်။ ကျွန်မ သိပါတယ်၊ ခုနက မကြည်ဖြူ ပြောပြီးသားပဲ။ တကယ်တော့ အားနာတယ် ဆိုတာ နောက်ထပ် စကားပြောဖို့ စကားပလ္လင်ခံတဲ့ သဘောပါ။

"ကျွန်မတို့ အချိန်ရသေးတယ် မမိုးသံ။ ကျွန်မကို ပြောပြပါဦး၊ အခု မမိုးသံ စိတ်ထဲ ဘာတွေ တွေးနေလဲ ဟင်"

ကျွန်မ နာရီကို မော့ကြည့်တော့ အချိန်က မိနစ်နှစ်ဆယ် ကျန်သေး တယ်။ ကျွန်မဆီမှာလည်း ပြောစရာတွေ ကျန်နေသေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဆယ်နှစ်ပဲ မကြည်ဖြူရယ်။ ဘယ်နှရက်လဲ၊ ဘယ်နှလလဲ ဆိုတာကို မေ့ထားလို့ ရပေမယ့် ဆယ်နှစ် ဆိုတာကတော့ ကျွန်မ မေ့ထားလို့ မရဘူး။ စိတ်ရော၊ လူရော ခံရတာက ဆယ်နှစ်။ ကံကောင်းတယ် ပြောရမလား၊ ကိုကို က အလုပ်လုပ်မယ် ဆိုပြီး မန္တလေး သွားတော့မှ ကျွန်မ သူ့ဒဏ်ကနေ လွတ်ခဲ့တာ။ လူပဲ လွတ်ခဲ့တာပါ။ ခန္ဓာကိုယ်ပဲ မနာတော့တာ။ စိတ်ကတော့ အခုထိ နေ့နေ့ညည ဆိုးရွားနေတုန်းပဲ။ အခုထိ ညဆို အိမ်သာ မသွားရဲဘူး။ မီးလင်းနေရင် အိပ်မပျော်ဘူး။ အိမ်သာထဲမှာ ဘယ်တော့မှ အဝါရောင်မီးလုံး မတပ်ဘူး။ စားပြီးတိုင်း ပြန်အန်တယ်။ ရေခဲမုန့် မစားဘူး။ ကမ်းခြေ မသွားဘူး။ ဇွန်ပန်းပင်တွေကို မမြင်ချင်ယောင်ဆောင်တယ်။ ဝေးနိုင်သမျှ ဝေးအောင် ကျွန်မ အမြဲပြေးဖို့ လုပ်ခဲ့တာ။ အဲဒါကို ဘာလို့ အခုထိ.... အခုချိန်အထိ ပင်ပန်းနေရတာလဲ။ ကျွန်မ ဘယ်လို လုပ်ရမလဲ ဟင်"

"မမိုးသံ မေးတဲ့ မေးခွန်းကို ကျွန်မ ပြန်မေးချင်တယ်။ မမိုးသံအနေနဲ့ ဆယ်နှစ်လောက် နာကျင်ခဲ့ရတာတွေထဲကနေ ရုန်းထွက်ဖို့ စိတ်ထဲရှိတာ မှန်သမျှ ကြိုးစားခဲ့ပေမယ့် အခုထိ လွတ်မြောက်သွားတဲ့ ခံစားချက်ကို မရတာ ဘာကြောင့်လို့ ထင်လဲ"

"ကျွန်မ.... ကျွန်မ..... မသိဘူး မကြည်ဖြူရယ်"

"ကျွန်မတို့ စ,တွေ့ကြတုန်းက ကျွန်မ မေးခွန်းတွေကို သေချာလေး စဉ်းစားပြီး ဖြေပေးဖို့ ကျွန်မဘက်က တောင်းဆိုထားတာလေး ရှိတာမို့ မေးခွန်းတိုင်းကို သေချာစဉ်းစားဖြေမယ်လို့ ကျွန်မ ယုံပါတယ်။ အဖြစ်အပျက်တွေ အကုန်လုံးကို အစကနေ ပြန်တွေးနေရတာနဲ့တင် ပင်ပန်းနေရမှာပဲ"

"ကျွန်မ အမြဲရှောင်နေခဲ့လို့လား"

"ဒါတွေ အကုန်လုံးကိုလား မမိုးသံ"

"ဟုတ်တယ်၊ ကျွန်မ အမြဲတမ်း ရှောင်ပုန်းနေခဲ့လို့၊ သေချာ ရင်မဆိုင်နိုင်ခဲ့လို့ အခုလို ဝုန်းခနဲ ပြန်တွေးလိုက်တော့ စိတ်ရော၊ လူရော ဒဏ်မခံနိုင်တော့တာ ထင်တယ်"

"ဆယ်နှစ်စာ ကြုံခဲ့ရတာတွေကို နောက်ထပ် ဆယ်နှစ်အထိ ဆက်တိုက် ရှောင်ပြေးနေမိပေမယ့် အခုတော့ ဒီလို ဒီနေရာမှာ ကျွန်မနဲ့ အတူတူ ရင်ဆိုင်နေပါပြီ မမိုးသံရဲ့။ မမိုးသံ တစ်ယောက်တည်း မဟုတ်ဘူးနော်၊ အတိတ်က အရာတွေကို ရင်ဆိုင်တဲ့အခါ ကျွန်မရော အတူတူ ရှိနေမှာ"

mgyoe.com

ကျွန်မဘဝမှာ အတူတူ ဆိုတဲ့ စကားကို စကားသက်သက်ပဲ ကြားပြီး ဘယ်တုန်းကမှ လက်တွေ့ မကြုံခဲ့ရဖူးဘူး။ အခု မကြည်ဖြူဆီက ကြားရပြန်တော့လည်း ကျွန်မမှာ မချင့်မရဲ ဖြစ်ရပြန်တယ်။ မောင်နှမတွေ အကုန်အတူတူပဲလို့ ပြောတဲ့ မေမေနဲ့ ဖေဖေကလည်း တကယ်တမ်း ယှဉ်လာရင် ကိုကို့အတွက်ချည်းပဲ။ အဘွားကဆို ပိုတောင် ဆိုးသေးတယ်။ ဖေဖေကလည်း ညီမလေးကို အသည်းကျော်။ အလတ်တွေဟာ အမြဲပဲ လပ်နေရတယ်လို့ စာတွေဖတ်ရရင်၊ စကားတွေ ကြားရရင် ကျွန်မ ငယ်တုန်းကလို ပြန်ခံမပက်နိုင်တော့ဘူး။ ဇွန်ပန်းရုံနားမှာ ငိုနေတုန်း ဘေးအိမ်က ကြီးတော်ရဲ့ စကားက အခွင့်အခါသင့်တိုင်း ကျွန်မခေါင်းထဲ ဝေ့ဝဲတက်လာတာ အမြဲပဲ။

နှစ်ယောက်ပဲ မွေးခဲ့ပါတော့လား၊ ကျွန်မနဲ့ ညီမလေးကိုပဲ မွေးခဲ့ပါတော့လား။ ဒီလိုသာဆို ကျွန်မလည်း ကိုကို့ဒဏ်တွေ ခံရမှာ မဟုတ်ဘူး။ ဆယ်နှစ် ဆိုတဲ့ အချိန်ကာလမှာ စိတ်ဒဏ်ရာတွေနဲ့ အပျိုဘော်ဝင်လာခဲ့ရမှာ မဟုတ်ဘူး။ ဆူဖြိုးလာတဲ့ ရင်သားတွေကို ကတ်ကြေးနဲ့ ညှပ်ပြီး ဖြတ်ထုတ်လိုက်ချင်စိတ်တွေ ဝင်ခဲ့မှာ မဟုတ်ဘူး။ ဖွံ့ထွားလာတဲ့ အစိတ်အပိုင်းတွေကို ရွံ့နေမိမှာ မဟုတ်ဘူး။ ရာသီသွေးတွေ လာနေရက်ကြီး ကိုကို့လက်တွေ ဝင်လာတဲ့ အဖြစ်မျိုးလည်း ဘယ်တော့မှ ရှိလာမှာ မဟုတ်ဘူး။

"ကိုကို သေသွားရင် ကောင်းမှာပဲလို့ ကျွန်မ ငယ်ကတည်းက အမြဲတွေးမိတာ။ ထွက်သွားလို့လဲ မရဘူး၊ ဘယ်မှာ ဘယ်လိုအရာတွေကို ရင်ဆိုင်ရမလဲ ဆိုတာကို စိုးရွံ့နေတဲ့ စိတ်နဲ့ နေ့နေ့ညည နေရတာ အဓိပ္ပာယ်ကို တစ်စက်မှမရှိဘူး။ ကိုကို ကားတိုက်ပြီး သေပါစေ၊ လမ်းမှာ တခြားသူစိမ်းတွေ ဖမ်းခေါ်သွားပါစေ၊ ဘာကြောင့်ပဲဖြစ်ဖြစ် ကိုကို သေသွားပါစေလို့ အမြဲဆုတောင်းခဲ့တာ။ မရယ်ရတဲ့ ရယ်စရာလို့ ပြောရမလား၊ တစ်ဖက်မှာကျ ဒီလို တွေးမိတဲ့ ကိုယ့်ကိုယ်ကိုယ် မသတီပြန်ဘူး။ ဒီအတွေးက စုတ်ပဲ့တယ်၊ မဖြစ်သင့်ဘူး ဆိုပြီး ကျွန်မကို အဲ့လိုတွေ လုပ်တဲ့ ကိုကို့အပေါ် အားနာမိသေးတာ"

"မမိုးသံမှာ တစ်ဖက်က သူ့ကို ပျောက်ကွယ်သွားစေချင်တဲ့ စိတ်၊ တစ်ဖက်က ကျပြန်တော့လဲ ဒီလိုတွေးမိလို့ အပြစ်ရှိတဲ့ စိတ်တွေနဲ့ လွန်ဆွဲနေခဲ့တာပေါ့ ဟုတ်လား ဟင်"

ကျွန်မ ခေါင်းညိတ်လိုက်တယ်။ စိတ်နှစ်ခုတွေ ကျွန်မဆီ ပြန်ဝင်လာတာကိုလည်း သတိထားမိလိုက်တယ်။

m g y o e . c o m

"အခုလဲ ပြောနေရင်း ဒီလိုတွေ တွေးမိပြန်ပြီ"

"မမိုးသံက လူကောင်းမို့လို့ပါ"

ကျွန်မ ရုတ်တရက် မကြည်ဖြူ ပြောတာကို နားမလည်လိုက်ဘူး။ ကျွန်မက လူကောင်းတဲ့လား။ သူ ဘာကို ကြည့်ပြီး ပြောတာလဲ။ အခုလေးတင်ပဲ အစ်ကိုအရင်းကို ကားတိုက်ပါစေ၊ သေပါစေလို့ ဆုတောင်းနေခဲ့တာကို။

"ကျွန်မ ပြောတာ ရှုပ်သွားလား ဟင်။ မမိုးသံက တကယ် လူကောင်းပါ။ စိတ်ရော၊ လူရော ပင်ပန်းခဲ့ရတာတောင်မှ ဒီအတွေးတွေ နှစ်ခွနဲ့ လွန်ဆွဲနေရတဲ့ အကြောင်းအရင်းက မမိုးသံဟာ လူကောင်းမို့လို့ပဲ။ အခုကစ,ပြီး ဒီစိတ်တွေ အကုန်လုံးကို မြင်အောင် ကြည့်စို့နော်။ စိတ်ထဲ တွေးသမျှတွေ အားလုံးက အရေးကြီးလို့ ကျွန်မတို့ အတူတူ မြင်အောင် ကြည့်ကြဖို့ လိုတယ် မမိုးသံ"

အတူတူ ဆိုတဲ့ စကားကို ကျွန်မ ဒုတိယအကြိမ် ထပ်ကြားလိုက်ရတာပဲ။

"ကျွန်မနဲ့ မမိုးသံ အခုရှိနေတဲ့ အခန်းဟာ လုံခြုံပါတယ်။ စိတ်ရော၊ လူရော လုံခြုံတဲ့နေရာ ဖြစ်ဖို့လဲ ကျွန်မက တာဝန်ယူချင်တယ်။ အဲဒါမို့ မမိုးသံ စိတ်ထဲ ကျွန်မကို ခုနေတာ၊ ကျွန်မ ပြောတဲ့ စကားထဲ မမိုးသံစိတ်နဲ့ အဆင်မပြေတာတွေ ပါသွားတာဆို ကျွန်မကို ပြောလို့ ရပါတယ်"

"ဟုတ် မကြည်ဖြူ အဲ့လိုတော့ မရှိပါဘူး"

"ဟုတ်ပါပြီရှင်၊ အခုကော ဘာတွေ တွေးမိနေလဲ ပြောပြပေးပါဦး"

"အတူတူ ဆိုတဲ့ စကားကို တွေးမိနေတာ ခုနကတည်းက။ ကျွန်မ ငယ်ကတည်းက ဒီစကားကို ခဏခဏ ကြားခဲ့ရတာ။ သားသမီး သုံးယောက်ကို အတူတူပဲ၊ ပိုတာလိုတာ မရှိဘူးတဲ့၊ မြေးသုံးယောက်ကို အတူတူပဲ ချစ်တာပါတဲ့။ ဒါပေမဲ့ ဘယ်တုန်းကမှ မတူခဲ့တာ ကျွန်မ တစ်သက်ပဲ"

ကျွန်မ ပြောပြီး ရပ်လိုက်တော့ မကြည်ဖြူဆီက ဘာစကားမှ ချက်ချင်း ထွက်မလာဘူး။ ကျွန်မ ပြောတာကို စိတ်ခုသွားသလား မသိပါဘူး။

"ကျွန်မ မကြည်ဖြူကို မယုံဘူးလို့ ပြောတာ မဟုတ်ပါဘူး"

"ကျွန်မ နားလည်ပါတယ်။ မမိုးသံအနေနဲ့ ယုံကြည်ဖို့ ခက်တဲ့ စကား တစ်ခွန်း ဖြစ်ခဲ့မှာပဲနော်"

"ကျွန်မ တစ်ယောက်ယောက်ကို ယုံချင်တယ်။ ဘဝမှာ ယုံရတဲ့ သူ တစ်ယောက် ရှိတယ် ဆိုတဲ့ ခံစားချက်ကို တစ်ခါလေးတောင်မှ မရဖူးဘူး။

mgyoe.com

m gyoe.com  SAMPLE BOOK 

စိတ်ထဲမှာ ရှိတာတွေ ပြောပြချင်တယ်။ နှစ်နှစ်ဆယ်စာ ဝန်ထုပ်ကြီးကို လက်လွှဲယူနိုင်းဖို့ မဟုတ်ပါဘူး၊ ဒီတိုင်းပဲ ကျွန်မ ပြောပြချင်ခဲ့တာ။ ဒါပေမဲ့ ကျွန်မ မယုံရဲဘူး။ ဘယ်သူ့ကို ယုံရမှာလဲ မသိဘူး။ သူငယ်ချင်းလဲ အများကြီး မရှိဘူး။ လုပ်ဖော်ကိုင်ဖက်တွေ ရှိလဲ အမြဲမြင်တွေ့နေရတဲ့ လူတွေမို့ ကျွန်မအပေါ် တစ်မျိုး တွေးကြမှာ ကြောက်တယ်။ ရည်းစားလဲ တစ်ခါမှ မထားဖူးဘူး။ ချစ်တာ ကြိုက်တာတွေရဲ့ အနောက်မှာ ခန္ဓာကိုယ်ချင်း ထိတာတွေ၊ နမ်းတာ၊ နောက်ဆုံး အတူတူနေတဲ့ဆီ လမ်းဆုံးမှာ ကျွန်မ သိတယ်။ ဒါတွေ မရရင်လဲ ဘယ်အချစ်မှ ကြာကြာမြဲမှာ မဟုတ်ဘူး။ ကျွန်မ ထူးဆန်းတဲ့လူ ဖြစ်နေလား တော့ မသိဘူး၊ အဲ့လို အတူတူနေတာကို ရွံတယ်”

“လူတွေအများကြီး ကြားထဲ နေနေရတာတောင်မှ တစ်ယောက်တည်း ဖြစ်နေသလို ခံစားနေရမှာပဲ။ ငယ်တုန်းက ရခဲ့တဲ့ စိတ်ဒဏ်ရာတွေရဲ့ နောက်ဆက်တွဲတွေကိုလဲ မမိုးသံ ကြုံနေရတုန်းပဲနော်”

“ကျွန်မ အဆင်ပြေမှာလို့တော့ စိတ်ထဲကနေ ယုံပါတယ်။ အခုလဲ စိတ်ငြိမ်နေတယ်လို့ ခံစားရတယ်”

“ဒီယုံကြည်မှုက အရေးအကြီးဆုံးပါပဲ မမိုးသံရဲ့။ ကျွန်မကို ယုံဖို့ ခက်နေသေးတယ် ဆိုရင်တောင် မမိုးသံ ကိုယ့်ကိုယ်ကိုယ်တော့ ယုံနေမှ ဖြစ်မယ်။ ကျွန်မကလဲ မမိုးသံ အားလုံးကို ဖြတ်ကျော်နိုင်လိမ့်မယ် ဆိုတာ ယုံတယ်။ နောက်ပြီး မမိုးသံ ခဏတိုင်း ကြားနေရတဲ့ စကား ဆိုပေမယ့် ကျွန်မ ထပ်ပြောချင်သေးတယ်။ ကျွန်မကလဲ အတူတူ ဘေးမှာ ရှိနေမှာပါလို့”

“ဟုတ်”

ကျွန်မ နာရီကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ အချိန်က ကွက်တိပဲ။

“ဒီနေ့ စ,လာတုန်းက မမိုးသံ ပြောတာလေး မမေ့နဲ့ဦးနော်။ ဘိုခဲအတွက် ခရင်မ်ိနဲ့ မမိုးသံအတွက် ပါးနီ ဝယ်မယ် ဆိုတာလေ”

“ဟုတ်၊ မကြည်ဖြူ သတိပေးမှပဲ၊ ခုတောင် မေ့ချင်ချင် ဖြစ်နေပြီ”

“ပါးနီလေး သေချာပေါက် ဝယ်ခဲ့နော်”

“ဟုတ်ကဲ့ မကြည်ဖြူ၊ ကျွန်မ ဒီကအပြန် ဝယ်မှာပါ”

“ဟုတ်ပါပြီရှင်၊ ဒီနေ့အဖို့ ကျွန်မကို အများကြီး ပြောပြပေးလို့ ကျေးဇူးတင်ပါတယ်။ ပြီးတော့ ခုနက ကျွန်မနဲ့ အတူတူ လုပ်တဲ့ အသက်ရှူ လေ့ကျင့်

mgyoe.com

mgyoe.com

ခန်းလေး မှတ်ထားပေးနော်။ စိတ်တွေ ရှုပ်ထွေးနေတဲ့ အချိန်တိုင်း ငါးမိနစ်လောက် အချိန်ကောင်းကောင်း ပေးပြီး ဒီလိုလေး အသက်ရှူကြည့်နော်။ စိတ်လဲ ငြိမ်စေတယ်။ အတွေးတွေကိုလဲ ရှင်းစေတယ်။ လူရော၊ စိတ်ရော အနားယူပြီးသားလဲ ဖြစ်တယ်"

"ဟုတ်"

အိတ်ကို ယူ၊ ရေဘူးထဲက လက်ကျန်ရေတွေကို မော့သောက်ပြီး ကျွန်မ ပြန်ဖို့ ပြင်လိုက်တယ်။ မကြည်ဖြူကတော့ ခုနကအတိုင်းလေး ထိုင်နေတုန်းပဲ။

ပန်းချီကားကို တစ်ချက် မော့ကြည့်လိုက်တော့ ပန်းလေးသုံးပွင့်ကလည်း မကြည်ဖြူလို ငြိမ်ငြိမ်အေးအေးလေး။ ကျွန်မကို နှုတ်ဆက်နေသလိုလို၊ ပြုံးပြနေသလိုလို။

"ဒါဆို ကျွန်မကို ခွင့်ပြုပါဦးနော်"

"ဟုတ်ကဲ့ပါရှင်"

ကျွန်မ ထ,ရပ်တော့ မကြည်ဖြူလည်း ထ,လာတယ်။ ကျွန်မက တံခါးနားကို သွားပေမယ့် သူကတော့ သူ့အလုပ်စားပွဲနားကို သွားတာပါ။ တံခါးပြန်ပိတ်မယ်အလုပ် မကြည်ဖြူကို လှမ်းကြည့်တော့ ခုနက ကော်ဖီဘူးလေး အဖုံးဖွင့်သောက်နေတာ တွေ့လိုက်ရတယ်။ ကော်ဖီတွေ မကြည်ဖြူ နှုတ်ခမ်းဖျားကနေ လည်ချောင်းတစ်လျှောက် စီးဝင်သွားပုံကိုလည်း ကျွန်မ အတိုင်းသား မြင်နေရတယ်။

ကော်ဖီခွက်ဟာလည်း အခုမှ အရာယွင်းတဲ့ ပုံနဲ့လေ။

●

mgyoe.com

mgyoe.com SAMPLE BOOK



ဒီကနေ့ နေသာတာပဲ။ ကျွန်မအခန်းရဲ့ ပြတင်းပေါက်တွေက တောင်ဘက်ကို မျက်နှာမူထားတာမို့ နေလည်း ဝင်တယ်၊ လေလည်း ဝင်တယ်။ ပစ္စည်းပစ္စယ အများကြီး မထားတဲ့အပြင် အခန်းကို အဖြူရောင်ဆေးတွေ လေးဖက်လေးတန် သုတ်ထားတာမို့ တခြားနေရာတွေထက် ပိုလင်းနေတတ်တယ်။ နေရောင်လေး ဖွားခနဲ ဖြာကျတတ်တယ်။ မိုးဖွဲလေး ကျရင်လည်း လေနုအေးတွေ တိုက်တတ်တယ်။ မိုးသိပ်ကြမ်းရင်တော့ ပြတင်းပေါက်တွေ ပိတ်ထားရလို့ မှောင်ပြီး အေးနေတတ်တယ်။

မနက်စာကို ကျွန်မရော၊ ဘိုခဲရော အတူတူစားဖို့ ကြက်ဥသုံးလုံး ပြုတ်လိုက်တယ်။ ပြီးတော့ ကျွန်မအတွက် ကော်ဖီ၊ ဘိုခဲအတွက် အစာခြောက် နည်းနည်း။ စားသောက် သိမ်းဆည်းပြီးတော့ ကိုဘိုခဲက ဝါးခနဲ သမ်းရင်း အကြော ဆန့်နေပြီ။ ကျွန်မ ဆေးကြောနေတုန်းလည်း ဘေးနားကို ဖင်တရွတ်ဆွဲလေး ရောက်လာပြီး ပွတ်သီးပွတ်သပ် လုပ်သေးတယ်။ ဆေးလို့ပြီးလို့ ငုံ့ကြည့်လိုက်တော့ ဆရာသမားက အိပ်နေပြီ။ ကျွန်မကလဲ ဟိုဘက်တိုက်က ပြတင်းပေါက်ကို ကြည့်လိုက်သေးတယ်၊ ဘာအရိပ်အယောင်မှတော့ မတွေ့ရပါဘူး။

ဘိုခဲ မနိုးအောင် သာသာလေး ကောက်ပွေ့ပြီး ကျွန်မ အခန်းထဲက သူ့အိပ်ရာလေးပေါ် တင်ပေးထားလိုက်တယ်။ အချိန်ကလည်း ကျွန်မ ရက်ချိန်း အချိန်နဲ့ ကွက်တိပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီလို ချိန်သားကိုက် အဖြစ်မျိုးတွေကို ကျွန်မ သိပ်သဘော တွေ့ရတယ်။ ကျွန်မတို့ ဘဝတွေမှာလည်း ပုံမှန်အတိုင်း အချိန်မှန် လည်ပတ် ဖြစ်တည်မှုတွေ ဖြစ်နေဖို့ လိုတယ် မဟုတ်လား။ ကမောက်ကမ ဖြစ်မှုတွေ၊ တေ့တေ့ဆိုင်ဆိုင် မဟုတ်တဲ့ လွဲချော်မှုတွေ၊ ရှေ့ ဘာဖြစ်မယ်မှန်း မသိတဲ့ မှုန်ဝါးဝါးအနာဂတ်တွေ ကျွန်မ ဘာတစ်ခုမှ မကြိုက်ဘူး။

ကောင်းစလင်းရုံးနဲ့ ကျွန်မ တိုက်ခန်းနဲ့ဆို အများကြီး မဝေးလှဘူး။ ကျွန်မလည်း ဘတ်စ်ကား မစီးချင်တာနဲ့ လမ်းလျှောက်သွားနေလိုက်တာ။ နေ နည်းနည်း ပွင့်နေလို့ ထီးလည်း ယူခဲ့လိုက်သေးတယ်။ ပေါ့ပေါ့ပါးပါး ချည် ဝမ်းဆက်နဲ့ ကျွန်မ တစ်ကိုယ်လုံးဟာ သက်သောင့်သက်သာ ရှိနေခဲ့တယ်။ ရန်ကုန်လမ်းမကြီးတွေ၊ လမ်းသွယ်တွေရဲ့ အဆုံးမှာ ကျွန်မ မမြင်ချင်တာတွေ ကြုံမနေဘူး။ အသံတွေဟာလည်း သာမန်ပဲ။ ကျွန်မကလည်း သာမန်ပဲ။ ရှုံစရာ သတ္တဝါအကြီးကြီးလည်း မဟုတ်ဘူး။ သေးကွေးလွန်းတဲ့ ပုရွက်ဆိတ် လေး တစ်ကောင်လည်း မဟုတ်တော့ဘူး။ ကျွန်မက ကျွန်မပဲ။ ကျွန်မက သာမန် မိန်းမပဲ။

ကောင်းစလင်း တစ်နာရီဟာ ကျွန်မအတွက် တစ်သက်လောက် ကြာတယ်။ မကြည်ဖြူရဲ့ အသံ၊ မသောက်ရသေးဘဲနဲ့ သောက်ပြီးပြီလို့ ပြောတဲ့ စကားတွေထဲကနေ လျှို့ဝှက်ခုန်ထွက်လာတဲ့ ကော်ဖီမျက်နှာပြင်ကလေး၊ ကျွန်မ အိပ်စက်နေမိတဲ့ ဆိုဖာ အိအိပျော့ပျော့လေး၊ ပြီးတော့ မကြည်ဖြူ ဆွဲထား တဲ့ ပန်းချီကားလေး။ ကျွန်မ အိမ်ပြန်လမ်းတွေအထိ ပါလာတဲ့ ပန်းနုပ်နုပ်ကလေး တွေကြောင့် ပန်းချီကား ဆွဲတဲ့ မကြည်ဖြူကို တခုတ်တရပဲ ကျေးဇူးတင်နေမိ တယ်။

ဘိုခဲဖို့ ခရင်မီ ဝယ်ရမယ်။ ကျွန်မဖို့လည်း ပါးနီ ဝယ်ချင်တယ်။

Pet Shop က အရင်လမ်းကြုံလို့ ခရင်မီနှစ်ထုပ် ဝယ်လာခဲ့လိုက် တယ်။ ကိုဘိုခဲက တစ်နေ့ တစ်ချောင်း စားတာကိုး။ တခြား ဟိုဟိုဒီဒီလေး ဝယ်မလို့ ကြည့်ပါသေးတယ်၊ ဘိုခဲက ကစားစရာရယ်လို့ မက်မက်စက်စက် လည်း ရှိလှတာ မဟုတ်ဘူး။ ခရင်မီ စားမယ်၊ အိပ်မယ်၊ ယားလာတဲ့ အချိန် ကျွန်မ မရှိရင် ပွတ်လုံးလေးနားထိ တရွတ်ဆွဲလေး သွားပြီး အယားဖြေမယ်၊ ဒီလောက်ကလေးပဲ။ အတော် အနေအေးရှာတဲ့ ကလေး။

mgyoe.com

m gyoe.com

ပြီးတော့ ကျွန်မဖို့ ပါးနီ။ ကျွန်မ မျက်စိကျနေတဲ့ Cosmetics ဆိုင်လေး ရှိတယ်။ လမ်းကိုလည်း အခု တမင်ကြံအောင်ကို ပတ်သွားလိုက်တာ။ ဘာလို့မှန်း မသိ၊ ရင်တွေလည်း တုန်နေတယ်။ ပါးနီတစ်ချပ်ကလေး ဝယ်မှာကို ကျွန်မနှယ် ရင်တုန်နေရတယ်လို့။ ပါးနီအပြင် ဘရပ်ရှ်လေးပါ ထပ်ဝယ်ခဲ့သေးတယ်။ ငွေရှင်းပြီး ဆိုင်ထဲက ထွက်တော့ မိုးနည်းနည်း အုံ့နေပြီ။ ထီးပါလာလို့ တော်ပါ သေးရဲ့။ ယူလာတုန်းကတော့ နေပူလို့ပဲ၊ အခုကျ မိုးရွာတာ အတွက်ပါ အသုံး တည့်တော့မယ် ထင်ပါ့။

နေပဲ ပူပူ၊ မိုးပဲ ကျကျ ကျွန်မ ထီးဖွင့်ဆောင်းထားလိုက်မယ် စိတ်ကူး တယ်။ ရုတ်တရက် ရွာချလိုက်တဲ့ မိုးကိုပဲဖြစ်ဖြစ်၊ အုံ့နေရက်သားကနေ ပူလာ မယ့် နေသာမှုကိုပဲ ဖြစ်ဖြစ် ကျွန်မ အသင့်အနေအထားနဲ့ ကြိုနေလိုက်ချင် တယ်။ ကြိုတင်ကာကွယ်မှုဟာ ကျွန်မဘဝအဖို့ အမြဲ လိုအပ်နေရတဲ့ အရာပဲ။ ကျွန်မစိတ်နဲ့ ကျွန်မကိုယ်ကို ကျွန်မမှ မကာကွယ်ရင် ဘယ်လိုလုပ်ကြတော့ မလဲ။ အနှစ်နှစ်ဆယ်စာ ကာကွယ်ဖို့ ကျွန်မမှာ တာဝန်ရှိတယ်။ ရက်နှစ်ဆယ်စာ မဟုတ်ဘူး။ လပေါင်းနှစ်ဆယ်စာ မဟုတ်ဘူး။ အနှစ် နှစ်ဆယ်။ မျက်စိတစ်မှိတ် အတွင်း ကုန်သွားခဲ့တာ မဟုတ်တဲ့ နှစ်တွေ၊ မနေ့တစ်နေ့ကလို ပါပဲလား ဆိုတဲ့ စကားဟာ ကျွန်မဘဝမယ် တစ်သက်လုံး ပြောခွင့် မသာတော့သလို ခံစားစေ ခဲ့တဲ့ ရက်လ နှစ်ရှည်တွေ။ ကာကွယ်မှ ဖြစ်မယ်။ နောက်ကျောဘက်မှာ ဗလာပဲ ဆိုတဲ့ အသိဟာ ခုနစ်နှစ် အရွယ်ကတည်းက ကျွန်မဆီမှာ စွဲကပ်လာရတယ်။ နာတာရှည် အမြစ်မပြတ်မှာ ကြောက်တယ်။ ပယ်သတ်လို့လည်း မရနိုင်၊ ဆက်ထမ်းထားဖို့လည်း မဖြစ်နိုင်နေတဲ့ ဝေဒနာဆိုးကြီး သေရာပါသွားမှာ ကြောက်တယ်။

ထီးကို လက်ထဲ ကျစ်နေအောင် ကိုင်ထားလိုက်တယ်။ နည်းနည်း လောက် ယိမ်းယိုင်သွားရင်ကို တစ်ဘဝလုံးစာ ကံဆိုးမိုးမှောင် ကျတော့မယ့် အတိုင်း မြဲမြဲမြံမြံ ဆုပ်ကိုင်ထားလိုက်တယ်။

ကျွန်မတစ်ကိုယ်လုံးဟာ ထီးအရိပ်အောက်မှာ လုံလုံခြုံခြုံနဲ့။ နေပွင့် မလာလို့ နေပူလည်း မမိခဲ့ဘူး။ မိုးရွာမချလို့ မိုးရေလည်း စိုမလာခဲ့ဘူး။ ဘာကြောင့်ပဲဖြစ်ဖြစ် ကျွန်မအဖို့ အကာအကွယ်ဟာ လုံလောက်ပါတယ်လို့ ပထမဆုံးအကြိမ် ခံစားလိုက်ရတာတော့ အမှန်ပဲ။

mgyoe.com

mgyoe.com

နှစ်နာရီ ထိုးခါနီးလောက် ကျွန်မ အိမ်ပြန်ရောက်တယ်။ ဗိုက်ဟာနေတဲ့ ကြားထဲက ဘိုခဲအတွက် အစာခြောက်ကလေး ခွက်ထဲ ထည့်ပေးခဲ့မိလို့ ဝမ်းသာနေရသေးတယ်။ ပြန်ရောက်တော့လည်း သူ့ကို ခရင်မီတစ်ထုပ် အရင်ဖောက်ကျွေးလိုက်သေးတယ်။ တူနာငါးအရသာနဲ့ ခရင်မီချောင်းလေးက တစ်မိနစ်အတွင်း ပြိုက်ခနဲ ကုန်ပါလေရော။ ထုံးစံအတိုင်း ဝါးခနဲ သမ်းပြန်တယ်။ သဲကန်လေးထဲ ထည့်ပေးတော့ ရှူးရှူးပေါက်တယ်။ ပြီးတော့မှ သူ့အိပ်ရာလေးထဲ ပို့ဖို့ပွေ့ခေါ်လိုက်တော့ လက်ကလေး ဆန့်ပြီး ပါလာတယ်။ အမွေးလေးတွေကလည်း နူအိလို့ပဲ။

ဘိုခဲဖို့ ဝေယျာဝစ္စတွေအကုန် ပြင်ပြီးတော့မှ ကျွန်မ စားဖို့ သောက်ဖို့ပြင်ရတယ်။ ခေါက်ဆွဲပဲ ပြုတ်စားလိုက်တော့တာပါ။ အစ်မ လက်ဆောင်ပေးတဲ့ ကင်မ်ချီ ရှိတာနဲ့ ရောပြုတ်လိုက်တာ။ ပြီးတော့ ကြက်ဥကြော်၊ သံပရာရည်ချဉ်တူးတူး တစ်ခွက်။ စားနေတုန်းလည်း မိုးကျနေတဲ့ အသံလေးကို Youtube ကနေ ဖွင့်ထားလိုက်သေးတယ်။ အပြင်မှာ တကယ် မိုးကျလာရင်တောင်မှ ဒီအသံလေးကို မပိတ်ပစ်လိုက်ချင်ဘူး။ အခုလိုအချိန်လေးတွေပဲ ကျွန်မရဲ့ တစ်နေ့တာတွေမှာ ပြည့်နှက်နေရင် သိပ်ကောင်းမယ်။ ကိုက်ခဲမှုတွေ ကင်းလွတ်တဲ့ သာမန်နေ့ရက်တွေ၊ အတင်းအဓမ္မ ဖျစ်ညှစ်မှုတွေ မရှိတဲ့ သာမန်ညတွေ၊ ကျွန်မအဖို့ ဒီလောက်ဆို လုံလောက်တာထက်ကို ပိုနေခဲ့ပါပြီ။

●

mgyoe.com

mgyoe.com SAMPLE BOOK

ဟိုတုန်းက ရက်တွေကို ပြန်တွေးမိစေတဲ့ လူတွေကို ကောင်းသည် ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ကျွန်မ ပြန်မတွေ့ချင်ဘူးလို့ တွေးနေရင်းကို ကျွန်မ အရင်က တည်းက သိတဲ့သူတစ်ယောက်နဲ့ ဒီရုံးမှာ လာဆုံနေတာ။ နောက်အပတ်တွေ လာဖို့ကိုတောင် ကျွန်မ ပြန်စဉ်းစားရလိမ့်ဦးမယ်။

အတွေးတွေ အများကြီးနဲ့ အခန်းတံခါး ဖွင့်တော့ နွေးတစ်ဝက်၊ အေး တစ်ဝက် နေရာနဲ့ ပန်းချီကားလေးက ကြိုဆိုနေတယ်။ မကြည်ဖြူကလည်း ကော်ဖီဘူးကို ငုံ့သောက်ပြီး ဖိုင်တွဲတစ်ခုကို ဖတ်နေတယ်။ ဆံပင်ကိုလည်း အတိုလေး ညှပ်ထားသေးတယ်။ ကုပ်ဝဲမို့ အရင်လို စည်းမထားတော့ဘဲ နား အနောက်မှာ ညှပ်ထားတယ်။ ဘလောက်စ်အဖြူရောင်က သိပ်ပြီး ခါးမရှည်လို့ ထင်ပါရဲ့၊ ဘောင်းဘီထဲကို ခပ်လျော့လျော့လေး ထည့်မထားတော့ဘူး။

"မမိုးသံ ရောက်ပြီလား၊ ထိုင်ပါဦး"

"ဟုတ် မကြည်ဖြူ"

ကော်ဖီခွက်ကို အဖုံးဖုံးပြီး ကျွန်မတို့ရှေ့က စားပွဲပေါ် တင်ထားခဲ့ လိုက်တယ်။

"ဘာလိုလိုနဲ့ ကျွန်မတို့ တွေ့ကြတာ သုံးချိန် ရှိပြီနော်"

ကျွန်မ ခေါင်းညိတ်လိုက်တယ်။

"ဒီနေ့ကော ဘယ်လိုလဲ၊ အဆင်ပြေနေရဲ့လား ဒီအပတ်ထဲကော"

"ဟုတ်... ပြေပါတယ်။ အဆင်ပြေအောင် ကျွန်မ တကယ်ကြိုးစားပြီး နေခဲ့တာ ဒီတစ်ပတ်လုံး"

mgyoe.com

mgyoe.com

"ဒီလို ကြားရတာ ကျွန်မ ဝမ်းသာလိုက်တာ မမိုးသံရဲ့။ ပါးနီလဲ ဝယ် ဖြစ်ခဲ့တယ် ထင်တယ်၊ ကျွန်မ အရောင်လေးတွေ မြင်နေရတယ်"

မကြည်ဖြူက ပြုံးပြီး ပြောတော့ ကျွန်မ နေတောင် မနေတတ်တော့ဘူး။ နောက်အပတ် ရက်ချိန်းလာမှ ဒီပါးနီကို သုံးမယ် ဆိုပြီး ဒီကြားထဲ မနည်းအောင့်အည်းထားခဲ့ရတာလေ။

"မကြည်ဖြူလဲ ဒီဆံပင်ပုံအသစ်နဲ့ လိုက်တာပဲ"

"ကျွန်မ မနေ့ကမှ ညှပ်လိုက်တာ၊ ရန်ရှာစရာ ဆံပင်ပဲ ရှိတာ ဆိုတော့လေ"

"အရင်ပုံနဲ့လဲ တစ်မျိုးလိုက်တယ်၊ ခုလိုလေးလဲ တစ်မျိုးကြည့်ကောင်းတာပဲ"

"ကျေးဇူးပါပဲ၊ ကျွန်မ နေတောင် မနေတတ်တော့ဘူး။ ကဲပါ...ဒီနေ့ စိတ်အခြေအနေလေး၊ ဒီကြားထဲ လုပ်ဖြစ်ခဲ့တာလေး ကျွန်မကို ပြောပြပါဦး။ မမိုးသံက တကယ်ကြိုးစားပြီး နေခဲ့တယ် ဆိုလို့ ကျွန်မ ပိုသိချင်သွားတာပဲ"

"အဲဒီနေ့က ပြန်ရောက်တော့ ကျွန်မ တွေးမိတာ။ ဒီနေ့လို ပုံမှန်ရက်တွေ အများကြီး ရနိုင်ဦးမှာ ဆိုတာပဲ။ ပုံမှန်ဆိုတာ အချိန်မှန် စား၊ အချိန်မှန် အိပ်တာ၊ ကိုယ်လုံးပေါ် မှန်တွေကို မကြောက်တော့တာ၊ မိုးရွာရွာ နေပူပူ ကျွန်မ လက်ထဲမှာ ထီးအဆင်သင့် ရှိနေတာ၊ အလုပ်မှာလဲ ဘာအတွက်မဆို အဆင်သင့် ဖြစ်နေတာ၊ အချေအတင်တစ်ခု ဖြစ်ကြတော့လဲ ကျွန်မ မှန်တယ်လို့ ထင်တဲ့ ကိစ္စကို ကောင်းကောင်းမွန်မွန် ထ,ပြောခဲ့တာ၊ ကြိုးစားပြီး ညဘက် အိမ်သာ ထသွားဖြစ်ခဲ့တာ၊ အကုန်လုံးပဲ၊ ပုံမှန်လို ကြိုးစားနေခဲ့တယ်"

"တစ်ရက်လောက် ဒါကို သေချာခံစားဖူးလိုက်လို့ အခုထက် ပိုပိုပြီး ရချင်လာတာ၊ ရအောင် လုပ်နိုင်မှာ ဆိုတဲ့ ယုံကြည်ချက်နဲ့ ကြိုးစားနိုင်လာတာ မျိုးလား မမိုးသံ"

"ဟုတ်တယ်၊ ဒါပေမဲ့ ဒီကို ရောက်တော့ ကြိုးစားသမျှက အချိန်တန်ရင် အကြောင်းတစ်ခုမဟုတ် တစ်ခုနဲ့ သဲထဲ ရေသွန်သလို အရာမထင်မှာကို ကြောက်လာတာ"

"ဘာတွေက မမိုးသံကို ဒီအတွေးတွေ တွေးစေတာလဲ"

"ကျွန်မ မြို့က အသိတစ်ယောက်နဲ့ ဆုံတယ်။ ဒီရုံးကို ရောက်မှပါ။ အဲဒီမှာ ကျွန်မ ခေါင်းထဲ အကုန်ပေါ်လာတော့တာပဲ။ ကြိုးစားတာတွေ အလကား

mgyoe.com

m gyobe.com


ဖြစ်မှာ စိုးတယ်။ အသိ ဆိုတာထက် သူငယ်ချင်းလို့ ပြောရင် ပိုမှန်မလားပဲ။ ငယ်တုန်းက ကျောင်းတူ ကျူရှင်တူတဲ့ သူ၊ နည်းနည်း အတန်းကြီးတော့ ကွဲသွားတာ။ တက္ကသိုလ်ရောက်တော့ သူနဲ့ ပြန်တွေ့တယ်။ ဒါပေမဲ့ ကျောင်းပြီးလို့ နယ်ပြန်ရတော့ အရင်ကလောက် မတွေ့ဖြစ်ဘူး။ ကိုယ့်ကိစ္စနဲ့ ကိုယ် ရှုပ်ယှက်ခတ်နေရတာနဲ့မို့။ အွန်လိုင်းမှာတော့ ဖရန့်ဖြစ်ထားတယ်။ ဘာသိဘာသာ မေ့မေ့ပျောက်ပျောက်ပါပဲ။ သူ့အကြောင်းလဲ အများကြီး မတွေးဖြစ်ဘူး။ အခု ပြန်တွေ့တော့မှသာ ခေါင်းထဲ အကုန်ပေါ်လာတာ"

"မမိုးသံရဲ့ နယ်မြို့နဲ့ ပတ်သက်တဲ့ လူတွေ၊ အကြောင်းအရာတွေ၊ နောက်ဆုံး မီးလုံးအဝါရောင်လိုမျိုး ပစ္စည်းတွေကအစ အပ်အချုန်လေးတွေလို သွားသွားဆွနေတတ်တာမျိုး ထင်တယ်"

"ဟုတ်တယ်၊ ကျွန်မ ဘယ်လောက်ကြိုးစားကြိုးစား ဒီလို ပြန်တွေ့တိုင်း ပြန်မြင်တိုင်း အခုလိုတွေပဲ ဖြစ်နေရဦးမှာလား မသိဘူး"

"အင်း.... ကျွန်မ တစ်ခုလောက် ဖြတ်ပြောလို့ ရမလား"

မကြည်ဖြူက ရုတ်တရက် ခွင့်တောင်းတော့ ကျွန်မ ကြောင်အမ်းအမ်း ဖြစ်သွားတယ်။

"အဲဒီအိမ်၊ အဲဒီမြို့နဲ့ ပတ်သက်နေတယ် ဆိုပေမယ့် မမိုးသံအတွက် အဲဒီလို နာကျင်ရတာမျိုး မဖြစ်စေတဲ့ အရာတစ်ခု ရှိတယ်နော်။ သတိထားမိလားဟင်"

ဘာများလဲ။ ကျွန်မ ဇွန်ပန်းရုံတွေ တွေ့တိုင်း သတိရတုန်း၊ မီးလုံးအဝါဆို မျက်လုံးနဲ့တောင် စောင်းငဲ့ကြည့်နိုင်တာ မဟုတ်ဘူး။ အခုလည်း မတွေ့တာ နှစ်ချီနေတဲ့ သူငယ်ချင်းနဲ့တောင် အကြောင်းအရာမျိုးစုံက စီကာစဉ်ကာ ပြန်ပေါ်လာနေတာလေ။ မကြည်ဖြူက ဘာကို ပြောချင်တာလဲ။

"ကျွန်မ မသိဘူး"

"မမိုးသံ နေ့တိုင်း တွေ့နေရတာလေးလေ"

"ကျွန်မ နေ့တိုင်း တွေ့တာလား၊ ဘာကို ပြောတာလဲ ဟင်"

"ဘိုခဲလေးလေ မမိုးသံရဲ့၊ အရင်အိမ်ကနေ ခေါ်လာခဲ့တဲ့ ကြောင်လေး"

မကြည်ဖြူ ပြောတော့မှ ကျွန်မ မျက်လုံးထဲ ကွင်းကွင်းကွက်ကွက် မြင်လာတယ်။ အိမ်ရှေ့လှေကားထစ်ပေါ်မှာ မွေးတဲ့ ကလေးလေး။ ဟုတ်ပဲ့။

mgyobe.com

ကျွန်မကိုယ်တိုင် ခေါ်လာတာ။ အဲဒီမြို့ဆိုတာထက် အိမ်ကနေကို ခေါ်လာခဲ့တာ။ ကျွန်မ ဘာလို့ မတွေးမိပါလိမ့်။ သူ့ခမျာ ကျွန်မအတွက် စိတ်ရှုပ်စရာတွေကိုတောင် ပျောက်စေခဲ့တာ။ အလုပ်ပြီးရင် အိမ်ပြန်ချင်တဲ့ ရည်ရွယ်ချက်ဆိုတာလည်း ဘိုခဲကြောင့် ရှိလာရတာ။ အမှန်အတိုင်း ပြောရရင် အိမ် ဆိုတဲ့ အသုံးအနှုန်းကတောင်မှ ဘိုခဲကြောင့် ပိုအဓိပ္ပာယ် ရှိလာရတာလေ။ ကျွန်မကို စောင့်နေပေးတဲ့ သူရယ်လို့ ရှိနေတဲ့ အိမ်၊ အထီးကျန်တိုင်း ဘေးနားမှာ ခေါ်ထားလို့ရတဲ့ ခဲရောင် ကြောင်ကလေး။ ဒီရက်တွေထဲ ကျွန်မ ကြိုးစားနိုင်ဖို့ အကြောင်းပြချက် ဖြစ်နေပေးခဲ့တာ၊ ကျွန်မ ဘာလို့ သတိမထားမိခဲ့ပါလိမ့်။

"အာ.... ဟုတ်တယ်၊ ရုတ်တရက် ကျွန်မ ခေါင်းထဲ ပေါ်မလာမိလို့ ဘိုခဲကိုတောင် အားနာသွားတယ်"

"သူနဲ့ ဆိုရင်ကော အခုလို အတွေးတွေ မဝင်ဘူးမလား"

"မဝင်တဲ့အပြင် ပိုပြီး နေပျော်သလိုတောင် ခံစားရတာ။ ကျွန်မနား သူရှိနေပေးလို့ ပိုပြီး ကြိုးစားနိုင်ခဲ့တယ်လို့လဲ တွေးမိတယ်"

"အခု အဲ့လိုတွေးမိတော့ကော မမိုးသံရဲ့ အဲဒီမြို့ရယ်၊ အတိတ်ရယ်နဲ့ ဆက်စပ်တဲ့ လူတွေ၊ အရာတွေကို ဘယ်လို သဘောရသေးလဲ ဟင်"

"ကျွန်မ သိပ်မပြောတတ်ဘူး၊ ဒါပေမဲ့ ဘိုခဲက ကျွန်မအတွက် တော်တော်အရေးပါတဲ့ ကြောင်လေးပါ။ သူ့ကို တွေ့ရင် ဟိုမြို့ကနေ ခေါ်လာတာတို့၊ ဟိုအိမ်ကနေ ခေါ်လာတာတို့ မတွေးမိဘူး"

"တခြားအရာတွေ၊ ခုနက ပြောတဲ့ လူတွေကို မမိုးသံ အဲလိုတွေးပေးလိုက်လို့ကော ရနိုင်မလား"

"ရ၊ မရတော့ ကျွန်မ မသိပေမယ့် ကြိုးစားကြည့်ချင်တယ် မကြည်ဖြူ။ ခုတစ်လော ခံစားမှုအသစ်တွေ ရနေလို့လား မသိဘူး၊ နေရတာ ပိုသက်သာနေတာ။ အရင်အပတ်က ပါးနီ သွားဝယ်တုန်းကလဲ ဘာမှမဟုတ်တဲ့ အရာလေးကနေ လုံခြုံတယ်လို့ ခံစားခဲ့ရတာ"

"အဲဒီအကြောင်း ကျွန်မကို ပြောပြပေးလို့ ရမလား။ ဘာမှ မဟုတ်တာလေး ဆိုတာကကော ဘာကို ပြောတာလဲ မမိုးသံ"

"အဲဒီနေ့က ကျွန်မ ထီးပါတယ်။ ပါးနီနဲ့ ဘရပ်ရှ် ဝယ်ပြီး ဆိုင်က အထွက် မိုးအုံ့နေတာ။ ရွာတော့ မရွာသေးဘူး ဆိုပေမယ့် ကျွန်မ ထီးဖွင့်ဆောင်း

mgyoe.com

m g y o e . c o m SAMPLE BOOK


ပစ်လိုက်တယ်။ ဘေးက လူတွေ မြင်ရင်တော့ နေလဲ မပူ၊ မိုးလဲ မရွာတာကို ကြောင်တောင်တောင်နဲ့လို့ ထင်မလား မသိဘူး။ ဒါပေမဲ့လေ ကျွန်မဘဝမှာ လူတွေရဲ့ အထင်တွေ၊ အမြင်တွေကို လုံးဝ စိတ်ထဲ မထည့်တာ ပထမဆုံးအကြိမ်ပဲ။ လမ်းတစ်လျှောက်လုံး ထီးဆောင်းလာခဲ့တာ အိမ်ပြန်ရောက်တဲ့ အထိပဲ။ ရာသီဥတုကလဲ ဒီအတိုင်းပဲ။ အိမ်ပြန်ရောက်လို့ ထီးကို ခေါက်သိမ်းတော့ လုံခြုံတယ်လို့ ပထမဆုံး ခံစားခဲ့ရတယ်။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်တယ်လို့ တွေးမိတယ်။ နောက်လဲ လုံခြုံမှာ၊ ကာကွယ်နိုင်မှာ ဆိုတဲ့ စိတ်တွေလဲ ဖြစ်မိတယ်"

"အဲဒီ ခံစားချက်တွေက မမိုးသံအတွက် အသစ်ဖြစ်နေတဲ့အပြင် နောက်ထပ်အရာတွေ ထပ်ပြီး ရလာအောင်လဲ ကြိုးစားချင်စိတ်တွေ ဖြစ်စေခဲ့တာပေါ့နော်။ မမိုးသံ ပြောသလို တစ်ပတ်လုံးလုံး ကြိုးစားပြီး အဆင်ပြေအောင် နေခဲ့တယ် ဆိုတဲ့ အကြောင်းရဲ့ ဇာစ်မြစ်လို့ ပြောလို့ ရမယ် ထင်တယ်"

"ဟုတ်တယ် မကြည်ဖြူ။ ကျွန်မ တကယ်ကြိုးစားပြီး နေခဲ့တယ်။ ဒါပေမဲ့ ဒီနေ့ ဒီရုံးကို ရောက်တော့ ကျွန်မမှာ ဆက်နေနိုင်မယ် ဆိုတဲ့ ယုံကြည်ချက်တွေ လျော့သွားသလို ခံစားရတော့တာပဲ"

"အင်း... ပြန်ပြန်မှတ်မိလာစေတဲ့ အရာတွေကို ရှောင်ပေမယ့် ပြန်တွေ့မိသွားတာကြောင့်ပေါ့"

"ဟုတ်တယ်၊ မကြည်ဖြူ ပြောလိုက်တော့ ဘိုခဲကို တွေးသလို တွေးပေးကြည့်ချင်လာတယ်။ ဒါပေမဲ့ မရမှာ ကြောက်လို့"

"ဘာကြောင့်မို့ ကြောက်တာလဲ မမိုးသံ"

"ဘာကြောင့်လဲဆို... ကျွန်မ သေချာတော့ မသိဘူး။ အဲလိုတွေးဖို့ ကြိုးစားမယ်ဆို ဒီလူတွေနဲ့ ခဏခဏ တွေ့ပေးရမယ် ထင်တယ်။ တွေ့တိုင်း ပြန်ပြန် အသစ်ဖြစ်လာမယ့် အကြောင်းအရာတွေကို ဇွတ်အတင်း မေ့ပစ်ရမှာ။ ကျွန်မရဲ့ စိတ်ဒဏ်ရာကို သူတို့ရဲ့ နဂိုအရှိတရားကနေ ခွာရမှာ။ ကျွန်မ မလုပ်နိုင်ရင် ဘယ်လို လုပ်မလဲ။ မလုပ်နိုင်ဘူး ဆိုရင် ခုနကလို ခဏခဏ သူတို့နဲ့ တွေ့၊ ကျွန်မစိတ်ထဲက အရာတွေက ခဏခဏ အသစ်ပြန်ဖြစ်ပြီး ဒုံရင်းက ဒုံရင်းဖြစ်သွားမှာ"

"ဒါက မမိုးသံ အကြောက်တရားရဲ့ အကြောင်းအရင်းပေါ့နော်"

"နည်းနည်း အဓိပ္ပာယ် မရှိသလို ဖြစ်သွားလား မသိပါဘူး"

mgyoe.com

"အဓိပ္ပာယ် ရှိပါတယ် မမိုးသံရဲ့။ အဓိပ္ပာယ်သာ မရှိရင် အကြောင်းအရင်း ဆိုတာလဲ ဖြစ်လာမှာမှ မဟုတ်တာ။ ကျွန်မတို့က တစ်ခါမှ မစားဖူးတဲ့ အစားအစာ၊ တစ်ခါမှ မသွားဖူးတဲ့ နေရာ၊ တစ်ခါမှ မကြုံဖူးသေးတဲ့ အဖြစ်အပျက်တွေကို ဆိုရင် အမြဲတမ်း ကြုံတွေးပြီး ပူပန်တတ်ကြတာပဲ။ ဒါ အဓိပ္ပာယ် ရှိပါတယ်"

"ကျွန်မလေ တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် အရမ်းထူးဆန်းနေသလိုပဲ။ ဘာတွေ လုပ်မိနေတာလဲ၊ ဘာလို့ ဒီလိုကြီး တွေးရတာလဲလို့ အမြဲတွေးမိတယ်။ ကျွန်မ ဒီကို ပထမဆုံး စ,လာတုန်းကလဲ ဘာလို့ ဒီကို လာတာလဲ၊ အိမ်မှာ လုပ်စရာတွေ ပုံနေတာလေ၊ ရူးနေလို့လားလို့ ကိုယ့်ကိုယ်ကိုယ် ပြောနေမိတာ။ အိမ်ပြန်ရောက်တော့လဲ ရေချိုးမယ်ဆိုပြီး ရေချိုးခန်းထဲ ဝင်၊ တစ်ကိုယ်လုံး ချွတ်ချပြီး မှန်ရှေ့မှာ အကြာကြီး ရပ်ကြည့်နေတာ။ ကိုယ့်ပုံစံကြီးကိုလဲ မသတီဘူး။ ရင်သားတွေကိုရော၊ မိန်းမကိုယ်ကိုရော၊ မျက်နှာက ဝက်ခြံအမာရွတ်တွေကိုရော အကုန်လုံးကို မကြိုက်ဘူး။ ရိုင်းရိုင်းပြောရရင် ရွံတယ်။ ကျွန်မက တခြား၊ ဒီအရာတွေက တခြားလို့ ခံစားရတယ်။ လူထူးလူဆန်းကြီးလိုပဲ။ ကိုယ့်ကိုယ်ကိုယ်မှ မချစ်ပေးရင် ဘယ်သူက လာချစ်ပေးတော့မှာလဲ။ ခုချိန်ထိ ရည်းစားသန်မထားနိုင်တာကလဲ ကျွန်မ ချို့ယွင်းချက်ကြီးကြောင့်ပဲ။ အခုလဲ ကြိုးစားနိုင်ပါ့မလားတောင် မသိတဲ့ အရာကို ကြိုတွေးပြီး စိတ်ပူနေတာ"

စကားတွေ ဆက်တိုက်ပြောရလွန်းလို့ ကျွန်မ မောနေပြီ။ မရပ်မနား ပြောလို့ အပြီးမှာ ကျွန်မ သက်ပြင်းအရှည်ကြီးနဲ့ အဆုံးသတ်လိုက်တယ်။ ဆက်ပြောဖို့ စကားတွေ ကျန်နေသေးသလို ခံစားရတယ်။ ကျွန်မမှာ ဆက်ပြောစရာတွေ ကျန်နေသေးတယ်။ ဒါပေမဲ့... ဒါပေမဲ့.... ကျွန်မ ဆက်မပြောနိုင်တော့ဘူး။ လည်ပင်းထဲ တစ်ခုခုက ဆို့နေသလိုပဲ။ မောတယ်။ အာခေါင်တွေလည်း ခြောက်နေတာပဲ။

"မမိုးသံ အနေနဲ့က ဒီလို ကိုယ့်ကိုယ်ကိုယ် မကြိုက်ဘူး ဆိုတဲ့ အတွေးတွေ တွေးဖြစ်တယ်။ ပြီးမှ ဘာလို့ တွေးမိပါလိမ့်လို့ အပြစ်တင်နေမိတာလား"

"ဟုတ်တယ် မကြည်ဖြူ။ တွေးနေတုန်းတော့ ရပ်မပစ်လိုက်နိုင်ဘူး။ ပြီးကျတော့ ဘာလို့ ဒီလိုအတွေး ဝင်ရတာလဲ၊ ရူးနေပြီလားလို့ ထင်မိပြီး ပိုစိတ်ညစ်တာ"

mgyoe.com

m g yoe . com

SAMPLE BOOK


"မမိုးသံ ခံစားရပုံတွေကို ကျွန်မစိတ်နဲ့ လိုက်ပြီး ခံစားမိပါတယ်။ ဒီနေရာမှာ ကျွန်မတို့က အကြံဉာဏ် ပေးပိုင်ခွင့် မရှိပါဘူး။ အဲဒါကြောင့် ကျွန်မက မမိုးသံကို ဒီလိုမျိုးလေး တွေးကြည့်ရင်ကော ဆိုတာကို ပြောလို့ ရမလား"

"ဟုတ်"

"ပထမဆုံးအချက် အနေနဲ့ပေါ့နော်... ကျွန်မတို့က ပစ္စုပ္ပန်မှာ နေနေရပေမယ့် အဲဒီလက်ရှိအချိန်ရဲ့ စိတ်ပူပန်စရာတွေ၊ ပင်ပန်းစရာတွေက များသောအားဖြင့် အတိတ်နဲ့ အနာဂတ်ကနေ လာတတ်တယ်။ အတိတ်က ဖြစ်ခဲ့တာတွေကြောင့် စိတ်ဖိစီးရတယ်၊ ပင်ပန်းရတယ်။ အဲဒီလိုပဲ၊ အနာဂတ်မှာ ဘာတွေဖြစ်လာမှာလဲ ဆိုပြီးတော့လဲ ပူပန်ရပြန်ရော၊ စိုးရိမ်ရပြန်ရောလေ။ အဲဒါကြောင့် ကျွန်မက မမိုးသံကို လက်ရှိအချိန်ကို စိတ်ကို ပြန်ပြန်ဆွဲခေါ်စေချင်တယ်။ ဘာလို့ တွေးမိလိုက်တာလဲ ဆိုတဲ့ နေရာမှာ ဪ... ခုနက ငါ ဒီလိုတွေးမိပေမယ့် အခု မတွေးမိတော့ဘူးလေ ဆိုတာမျိုး၊ ဘာလို့ ဒီလိုတွေ ဖြစ်နေရတာလဲ ဆိုတဲ့ နေရာမှာ ငါ စိတ်ရော၊ လူရော ပင်ပန်းခဲ့ရတာက အရင်တုန်းကပါလား၊ အခု လက်ရှိမှာတော့ နေသာတယ်၊ အမိုးအကာအောက်မှာ ရှိနေတယ်၊ ငါ့ကိုယ်ငါ လုံခြုံအောင် ကာကွယ်ပေးနိုင်မှာ ဆိုတာမျိုး တွေးကြည့်ရင်ကော ဟင် မမိုးသံ။ ကျွန်မ အခုပြောတာထဲမှာ မမိုးသံအတွက် စိတ်အနှောင့်အယှက် ဖြစ်သွားစေတာရှိရင် ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောလို့ ရပါတယ်နော်"

ကျွန်မ မကြည်ဖြူ စကားစ,ပြောပါပြီ ဆိုကတည်းက သူ့ကို မမှိတ်မသုန်စိုက်ကြည့်နေတာ။ စကားတွေ အများကြီး ပြောပေမယ့် ခုနက ကျွန်မ မောသလို မောမနေဘူး။

"ခုနက ပြောတာတွေ အကုန်လုံးကို ချုံ့ပြီး တစ်ခွန်းတည်း ပြောရရင် မမိုးသံရဲ့ စိတ်ကို တတ်နိုင်သလောက် လက်ရှိအချိန်လေးမှာ ခေါ်ထားစေချင်တာ။ ပင်ပန်းခဲ့တာက အတိတ်၊ မဖြစ်လာသေးတာတွေအတွက် စိတ်ပူရတာက အနာဂတ်၊ ဒါပေမဲ့ မမိုးသံကတော့ ခုလက်ရှိ ပစ္စုပ္ပန်မှာလေ"

စကားတစ်လုံးချင်းစီတိုင်းက ကျွန်မ ခေါင်းထဲကို ဖြည်းဖြည်းချင်း စိမ့်ဝင်နေတယ်။ လက်ရှိကာလတရားမှာ ကျွန်မ မနေဖြစ်ခဲ့တာ ကြာပြီပဲ။ ရှိခဲ့တာ၊ ဖြစ်ခဲ့တာ၊ ကြုံခဲ့ရတာ၊ တွေ့ခဲ့ရတာ၊ ဝမ်းနည်း နာကျင်ခဲ့ရတာတွေဟာ ကျွန်မရဲ့ အခုအချိန်လေးနဲ့ ဘာဆိုဘာမှ မဆိုင်ဘူး ဆိုတဲ့ အတွေးက အနှစ်

m g y o e . c o m

mgype.com SAMPLE BOOK

နှစ်ဆယ်ကာလပတ်လုံးမှာ တစ်စက္ကန့်စာလေးတောင် မရှိခဲ့ဘူး။ ကြာခဲ့ရပြီ။ ပစ္စုပ္ပန်မှာ ခန္ဓာကိုယ်အခွံကြီးအတိုင်း တည်ရှိနေရတာ နှစ် ၂၀ တောင် ကြာခဲ့ရပြီ။ စိတ်ဟာ ပါမလာခဲ့ဘူး။ နာတယ်လို့ တိုးတိုးလေး ညည်းခဲ့တဲ့ ခုနစ်နှစ်အရွယ်မှာ ကျန်နေခဲ့တာ။ လမ်းမတိုင်းရဲ့ အဆုံးမှာ ဖွန်ပန်းရုံကိုပဲ မြင်ယောင်ရင်း၊ အိမ်သာထဲက မီးလုံးအဝါရောင်ကို လမ်းပေါ်မှာ ရှိတဲ့ လူကူးမျဉ်းကြားဖြတ်ကူးရင်းကအစ သတိရရင်း၊ လက်သည်းခွံတွေကို ဘေးတစ်စောင်း အသစ်ပေါက်လာတဲ့အထိ တမြည့်မြည့် ဖွဲ့ခွာနေခဲ့ရင်း နှစ် ၂၀ ကို ဖြတ်သန်းခဲ့မိတာပဲ။

"ကျွန်မ တစ်ခါမှ မနေခဲ့ဖူးဘူး၊ နေရကောင်းမှန်းလဲ မသိခဲ့ဘူး"

"ခုလက်ရှိအချိန်မှာ နေတာကို ပြောတာလား မမိုးသံ"

ကျွန်မ ခေါင်းညိတ်လိုက်တယ်။

"ကျွန်မ ဒီက ပြန်ရင်တော့ ကောင်းစလင်း ယူဖို့ တိုက်တွန်းပေးတဲ့ အစ်မကို မုန့်ဝယ်ကျွေးရတော့မှာပဲ"

"ကျွန်မကတော့ ဝမ်းသာတာပေါ့။ ကျွန်မဆီ မမိုးသံ အကုန်ပြောပြပေးလို့ ကျေးဇူးတင်နေရတာ။ ပြီးတော့လေ အခုက ကျွန်မတို့ တွေ့ကြတာ သုံးချိန် ရှိပြီပေါ့နော်။ အဲဒါ ကျွန်မနဲ့ မမိုးသံ ပန်းတိုင်လေး တစ်ခုလောက်ထားကြည့်ချင်တယ်။ ကျွန်မတို့ ကောင်းစလင်း အချိန်တွေရဲ့ ပန်းတိုင်ပေါ့။ မမိုးသံ ဒီနေရာကနေ ဘာတွေ ရချင်လဲ ကျွန်မကို စဉ်းစားပေးပါလား"

"ကျွန်မ အခုလက်ရှိအချိန်မှာ နေချင်တယ်"

ကျွန်မ ချက်ချင်း ငေါက်ခနဲ ပြန်ဖြေတော့ မကြည်ဖြူက ခေါင်းတညိတ်ညိတ်လေးနဲ့ပဲ နားထောင်ပေးတယ်။

"ကျွန်မ မစဉ်းစားဘဲ ပြောတာ မဟုတ်ပါဘူး။ ခုနက မကြည်ဖြူ ပြောနေတဲ့ တစ်လျှောက်လုံး တွေးမိနေတာ။ ကျွန်မ တကယ်ဘုရားစူး တစ်ခါမှ မနေခဲ့ဖူးဘူး။ အနှစ်နှစ်ဆယ်မှာ ဆယ်နှစ်က ကိုကို ရှိနေခဲ့လို့ စိတ်ရော၊ လူရော လုံးပါးပါးခဲ့ရတာ၊ ကျန်တဲ့ ဆယ်နှစ်ကတော့ ကိုကို အိမ်က ထွက်သွားပြီမို့ လူပင်ပန်းရတာတော့ လျော့သွားတာပေါ့။ ဒါပေမဲ့ စိတ်ကတော့ ဒီအတိုင်းပဲ။ တက္ကသိုလ် သွားတက်တော့လဲ ကျောင်း၊ အဆောင်ပဲ ကူးချည်သန်းချည် လုပ်ခဲ့တာ။ တစ်ခါတလေ မိတ္တူဆိုင်၊ တစ်ခါတလေ အပေါင်းအသင်း စုံလို့ မုန့်သွားစား၊ ဒါပဲ။ ကျောင်းပိတ်ရက်တောင် အိမ်မပြန်ချင်လို့ အကြောင်းပြချက် အမျိုးမျိုး လျှောက်ပေးခဲ့တယ်။ မဖြစ်မနေ ရက်ရှည်ပိတ်တော့မှ ပြန်တာ။

mgype.com

mgyoe.com SAMPLE BOOK

ပြန်တိုင်း ခုနက ပြောသလို အသစ်ပြန်ပြန်ဖြစ်တာပဲ။ ကျောင်းကို ပြန်ရောက်ရင် အရုပ်ကြိုးပြတ် ဖြစ်ပြီး အခန်းထဲမှာ သေအောင် ငိုတာ။ နှစ် ၂၀ က သံသရာလည်နေတာပဲ။ အဲဒါကြောင့် ကျွန်မ ထွက်လာချင်တယ်။ လက်ရှိ နေရာမှာ နေချင်တယ်။ ရင်သားက ရင်သားပါလား၊ မိန်းမကိုယ်ကနေ ရာသီသွေး ပေါ်တာက မိန်းမတိုင်း ဖြစ်ပါလား၊ ဝက်ခြံအမာရွတ် ဘယ်လောက်ပဲရှိရှိ ပါးနီ ခြယ်လို့ရပါလား ဆိုတာတွေကို ခေါင်းထဲမှာ အမြဲဝင်နေချင်တယ်"

"ဝင်ရမှာပေါ့ မမိုးသံရဲ့။ မမိုးသံ ရချင်တဲ့ ပန်းတိုင်ကို ကျွန်မ ယုံပါတယ်။ မစဉ်းစားဘဲ ပြောတယ် ဆိုတဲ့ အတွေးကို ကျွန်မ တစ်စက်ကလေးမှ မဝင်မိဘူး။ အခုလဲ မမိုးသံရဲ့ စိတ်ထဲက ဖြစ်ချင်တဲ့ ဆန္ဒကို ကိုယ်တိုင်သိပြီး အခုလို ထုတ်ပြောပေးတာကို ကျွန်မ သိပ်ဝမ်းသာတာပဲ။ ပထမဆုံး စိတ်အတွေးအဖြစ်နဲ့ ပေါ်လာတယ်၊ ဒုတိယတစ်ချက် သိစိတ်ရဲ့ အတွေးအနေနဲ့ မမိုးသံ ပုံဖော်တယ်၊ နောက်ဆုံးအနေနဲ့ စကားအဖြစ်နဲ့ ကျွန်မဆီ ထုတ်ပြောလာပေးတယ်။ ဒါကိုက မမိုးသံအဖို့ ခရီးတော်တော် ရောက်နေပါပြီ။ ကျွန်မတို့ရဲ့ ပန်းတိုင်က မဝေးတော့ဘူး မမိုးသံရဲ့"

"ကျွန်မ အဆင်ပြေမှာပါ၊ ကြိုးစားပြီးတော့လဲ နေချင်တယ်။ တစ်ရက်ဆိုလဲ တစ်ရက် အဆင်ပြေပြေလေး၊ သာမန်လိုလေး နေချင်တယ်။ ဘိုခဲလဲ ရှိတော့ အဆင်ပြေမှာပါ"

"ကျွန်မ ဝမ်းသာပါတယ် မမိုးသံ"

"ပြီးတော့လေ..."

ကျွန်မက စကားကို ဆက်မပြောဘဲ ရပ်လိုက်ပြီး နံရံပေါ်က ပန်းချီကားကို ငေးကြည့်နေလိုက်တော့ မကြည်ဖြူက ကျွန်မမျက်လုံး တည့်တည့်ကို လိုက်ကြည့်တယ်။

"ကျွန်မ ပန်းချီဆွဲချင်တယ်"

"ကောင်းတာပဲ မမိုးသံရဲ့။ ပန်းချီ ဆိုတာလဲ စိတ်ငြိမ်းအေးစေတဲ့ အရာတွေထဲက တစ်ခုပဲလေ။ လက်ရှိကာလမှာ နေဖို့ ကြိုးစားတဲ့ မမိုးသံအတွက် တော်တော်လေး အထောက်အကူဖြစ်စေမှာ သေချာတယ်။ လက်ထဲက စုတ်တံရယ်၊ အရောင်တွေရယ်၊ ကင်းဗတ်စ်အစရယ်၊ ပြီးတော့ မမိုးသံ ဘာဆွဲမလဲ၊ စိတ်ထဲမှာ ပေါ်တာ အားလုံးအတွက် အဖြေ ရှိလာမှာ၊ ကျွန်မ ယုံတယ်"

mgyoe.com

mgyoe.com

"ကျွန်မ အဆင်ပြေမှာပါ"

တစ်လုံးချင်း ပြောတဲ့ စကားတွေဟာ နံရံပေါ်က ပန်းသုံးပွင့်ပန်းချီကားကို မမိတ်မသုန် စိုက်ကြည့်ရင်း ကျွန်မနှုတ်က ထွက်ကျလာတယ်။

ကျွန်မ တကယ် အဆင်ပြေကောင်းပါရဲ့လေ။

●

mgyoe.com

mgyoe.com SAMPLE BOOK

## — ၇ နှစ်အရွယ်ကို ဖြတ်သန်းပြီး ဆယ်နှစ်အကြာ —

ဒီကနေ့ဟာ ကိုကို ထွက်သွားမယ့် နေ့။ ကျွန်မ ဆယ်နှစ်လောက် အကျဉ်းကျခဲ့တဲ့ ရက်တွေ ချုပ်ငြိမ်းတော့မယ့် နေ့လို့ ပြောရင်လည်း မှန်တာပဲ။ ၁၇ နှစ် အရွယ်တွေ ပုံမှန်အားဖြင့် ဘာတွေ ကြုံရလဲ၊ ဘာတွေ တွေးကြလဲ၊ ဘာတွေ ရပြီး ဘာတွေ ပြန်ပေးတတ်ကြလဲ၊ ကျွန်မ ဘာမှ မသိဘူး။ ကျွန်မ သိတာက ကျွန်မကိုယ် ကျွန်မ မိုးသံကလေလို့ ပြောရတာ ရှုံလာတယ်။ မေမေနဲ့ ပိုဝေးသွားတယ်။ ညီမလေးနဲ့ ဘယ်တုန်းကမှ မရင်းနှီးခဲ့ဘူး။ ဘေးအိမ်က ကြီးတော်ကြီးကတော့ အလတ်မက ဘယ်တော့မှ မညာဘူး၊ အငယ်မလေးကိုပဲ သနားတယ် တဲ့။ အဘိုးနဲ့ အဘွားရဲ့ ပါးစပ်ထဲမှာကျတော့ တစ်ကိုယ်ကောင်းဆန်တဲ့ အလတ်မ တဲ့။ ကျောင်းတက်တဲ့ တစ်လျှောက်လုံးလည်း ရင်ဘတ်ချင်း တူပြီး ပေါင်းရလောက်တဲ့ သူငယ်ချင်း မရှိဘူး။ ကျွန်မက မပေါင်းတာလား၊ သူတို့က မပေါင်းတာလား ဆိုတာလည်း ရေရေရာရာ မသိပြန်ဘူး။ အပျိုဘော်ဝင်တာက အိပ်မက်ဆိုး။ ဓားမြင်တိုင်း ဖြတ်ထုတ်ပစ်ချင်တဲ့ ရင်သားတွေ။ ဆယ်နှစ်လောက် မျက်စောင်းထိုးရင်း စိတ်ထဲ ထည့်ထားခဲ့တဲ့ ထုပ်တန်း။ ဆယ်ကျော်သက် ကျိန်စာ။ မောင်နှမတွေပဲ ဆိုတဲ့ ခေါင်းစဉ်နဲ့ ဒီအခန်းကနေ သုံးယောက်စလုံး ခွာခွင့် မရခဲ့တဲ့ အဖြစ်ကို လက်မခံနိုင်ကြောင်း မပြောရဲခဲ့တဲ့ ခပ်ထုံထုံ ၁၇ နှစ်အရွယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါတွေအားလုံး ရပ်သွားမလား။ တချို့တစ်ဝက် ကျန်ခဲ့ဦးမလား။ ကျွန်မ ကကော နေသာထိုင်သာ ရှိပါဦးမလား။ ဘာဆိုဘာမှ မသိတဲ့ ၁၇ နှစ် အရွယ်လား။ ဘာဆိုဘာမှ မသိလိုက်ချင်တဲ့ ၁၇ နှစ် အရွယ်လား။ တစ်ခုခုကို သိဖို့ ခံစားလိုက်ဖို့တောင်မှ ထုံထိုင်းတဲ့ ဉာဉ်တွေ ပြည့်သိပ်နေတဲ့ ၁၇ နှစ် အရွယ်လား။

တကယ်တမ်း တွေးကြည့်ရင် ကျွန်မ ဆိုတဲ့ အသုံးအနှုန်းကြီးကလည်း ရွံစရာကြီး။ ကျွန်မ တဲ့။ ကြီးကြီးကျယ်ကျယ်။ ရင့်ကျက်နေတဲ့ မိန်းမလိုလို ဘာလိုလိုနဲ့။ တစ်ကိုယ်လုံးလည်း သန့်သန့်ရှင်းရှင်း နေရာရယ်လို့ကို မရှိတော့ဘူး။ ရွံစရာကြီး။ အရိအရွဲတွေ၊ ချွေးတွေ သံတွေ၊ မိန်းမကိုယ်က ဖြူညစ်ညစ် အရည်တွေ၊ အခဲသဏ္ဌာန်နဲ့ ခဏတိုင်း ဆင်းလာတတ်တဲ့ ရာသီသွေး၊ ဝက်ခြံက ထွက်တဲ့ ပြည်ရည်ရွှဲရွှဲတွေ။ သဘာဝပါ၊ မိန်းမတိုင်း ဒီလိုပဲလို့ ဖြည့်တွေးလည်း မရဘူး။ တူပေမယ့် ကျွန်မက ပိုပြီး ရွံစရာကောင်းတယ် ဆိုတဲ့ ခေါင်းထဲက အသံတွေကို ဖျောက်လို့ မရဘူး။

"မိုးသံ လာဦး"

ကျွန်မ ချက်ချင်း ငေါက်ခနဲ ထသွားလိုက်တယ်။ တကယ်ဆို မသွားချင်ဘူး။ ခုလိုငြိမ်ငြိမ်လေး ထိုင်ခွင့်ရတဲ့ အချိန်လေးကို တစ်စက္ကန့်လေးမှတောင် မဖြုန်းတီးပစ်ချင်ဘူး။ အဲဒါဆို ဘာလို့ ချက်ချင်းထသွားလဲလို့ မမေးပါနဲ့။ အဲဒါ အကျင့်ပဲ။ ပြန်မပြောနဲ့။ စကားနားထောင်။ ခိုင်းရင် လုပ်။ မငိုနဲ့ဆို မငိုနဲ့။ မျက်နှာက ဘာအချိုးလဲ၊ ခုချက်ချင်း ပြင်စမ်း။ တိုင်ရင် ငါနဲ့ တွေ့မယ်။ အတွန့် မတက်နဲ့။ ကျွေးတာ စား။ နားငြီးတယ်၊ ပါးစပ်ပိတ်။ ဂိမ်းမဆော့နဲ့၊ နင့်အစ်ကို စာကျက်နေတယ်။ ထပ်မစားနဲ့တော့၊ နင့်ညီမဖို့ ချန်ဦး။ နင့်အစ်ကိုရဲ့ မျက်မှန် အကျပဲ တပ်လေ၊ ဘာလို့ ထပ်ဝယ်နေမှာလဲ။ နင့် ညီမကို စာရှင်းပြလိုက်ဦး။ နင့် အစ်ကို စာကျက်နေတဲ့နား သွားမရှုပ်နဲ့။ ညီမလေးက နင့် အင်္ကျီနဲ့ရော နင့်အစ်ကို အင်္ကျီနဲ့ရော ကြီးနေသေးလို့ ဝယ်ပေးတာ၊ နင့်မှာက နင့်အစ်ကိုအင်္ကျီ သေးတာတွေ ရှိတယ်လေ။ ထပ်ဝယ်ဖို့စကား ဟာရဲ ဟာကြည့်။ တံမြက်စည်း လှည်းဦး၊ ညစ်ပတ်နေတာပဲ။ အဝတ်လျှော်ရင် ညီမလေးအင်္ကျီပါ ထည့်လျှော်လိုက်။ ဒီကနေ့ ထမင်းချက်ထားလိုက်ဦး။ နင့်အစ်ကိုက မုန့်ဟင်းခါး စားချင်လို့ တဲ့၊ လမ်းထိပ် သွားဝယ်ပေးလိုက်ဦး။

ကျွန်မ ဆက်ပြောရဦးမလား။ နောက်ထပ် သုံးညနဲ့ လေးရက်စာတောင် မကတဲ့ ပြောစရာတွေ ကျွန်မဆီမှာ အပြည့်ပဲ။

mgyoe.com

m gyoe.com SAMPLE BOOK

ကျွန်မဟာ ရွံ့စရာသတ္တဝါအဖြစ်နဲ့ ရှင်သန်နေရတယ်။ ၁၇ နှစ် ရှိပြီ။ မှတ်မှတ်ရရ ပျော်ဖြစ်တာ ခုနစ်နှစ်အရွယ် ကမ်းခြေသွားမယ်လို့ စိတ်ကူးယဉ်တုန်းကပဲ။ အဲဒီကတည်းက ကျွန်မ ကမ်းခြေ မရောက်ဖြစ်ဘူး။ ကမ်းခြေမှ မဟုတ်ပါဘူး။ ဘယ်ဆိုဘယ်မှ မရောက်ဖြစ်တာ။ မိသားစုလိုက် ခရီးထွက်ကြတာတွေ ရှိသားပဲ။ တမင် မလိုက်ချင်လို့ ကျွန်မကို မချစ်တဲ့ အဘိုး၊ အဘွားအိမ်မှာပဲ ပေကတ်ပြီးတော့ နေခဲ့တာ။ မပျော်ချင်ဘူး။ ရယ်လွန်းရင် ငိုရတတ်တယ်ဆိုတာ အမှန်ပဲ။ ၁၀ နှစ်စာ အတွေ့အကြုံဟာ ဒီအဆိုကို မျက်စိမှိတ် လက်ခံပစ်လိုက်ဖို့ရာ လုံလောက်ခဲ့တယ်။

၁၅ နှစ်အရွယ် ဆယ်တန်းတက်နေတုန်းမှာ ဝတ္ထု စဖတ်တယ်။ အိမ်မှာရော၊ ကျောင်းစာသင်ချိန်မှာရော ခိုးဖတ်တာ။ ဘာတွေ ဖတ်လဲတော့ ကျွန်မလည်း မမှတ်မိတော့ဘူး။ အာရုံပြောင်းချင်လို့ လျှောက်လုပ်ရုံ သက်သက်ပဲ။ အဲဒီမှာ ကျိုးနေအောင် အရိုက်ခံရတော့တာပဲ။ ဟား... ဘယ်သူက တိုင်တယ်ထင်လဲ။ ကိုကိုလေ။ ကိုကိုပဲပေါ့။ တခြားဘယ်သူ ရှိရဦးမှာလဲ။ အမေ့သမီး အချစ်ဝတ္ထုတွေ ဖတ်နေပြီနော်၊ ထိန်းဦးတဲ့။ မဟုတ်တာတွေဘက်ကို စိတ်ယိုင်သွားလိမ့်မယ် တဲ့။ ဟားဟားဟားလို့တောင် အော်ရယ်လိုက်ချင်သေး။ သူ့အိတ်ထဲမှာ ခဏတိုင်း တွေ့ရတဲ့ ဟိုစာအုပ်တွေအကြောင်း ပြောရင် ကျွန်မကို နေရာမှာတင် သတ်ပစ်မလား မသိဘူး။

ခုသာ အဲလို ပြောနိုင်တာ။ အဲဒီတုန်းကတော့ ဝမ်းနည်းလွန်းလို့ ဗွန်ပန်းရုံ ရှေ့မှာ ထိုင်နေမိတယ်။ ငိုတော့ မငိုဘူး။ မငိုလို့ ဝမ်းမနည်းဘူးလို့တော့ ပြောလို့ မရဘူးပေ့ါ။ မျက်ရည်မထွက်လို့ မငိုရုံသက်သက်ပဲ။ အဲဒီမယ် အဖေ အိမ်ထဲက ထွက်လာတယ်။ ခုနစ်နှစ်တုန်းကလို ရေခဲမုန့်နဲ့ လာချော့မှာလို့ တွေးရင်တော့ မှားမှာပဲ။ မအေလုပ်တဲ့ သူက ကောင်းစေချင်တဲ့ စေတနာနဲ့ ဆုံးမတာကို မျက်နှာထားက ဘာဖြစ်နေတာလဲ တဲ့။ ကဲ။ တစ်အိမ်လုံးနဲ့ ကျွန်မ ဝေးရတာ လွန်သလား ပြော။

“သမီးအစ်ကို လမ်းမှာ စားဖို့ ပေါက်စီလေး သွားဝယ်ပေးလိုက်ဦး”

ကျွန်မ လက်ထဲ ကမ်းပေးတဲ့ ငွေတစ်ထောင်ကို ယူပြီး အိမ်ရှေ့က ဆိုင်ကယ်နဲ့ ထွက်လာခဲ့လိုက်တယ်။ ပေါက်စီနှစ်လုံး ဝယ်လာခဲ့တယ်။ နေပူတော့ လမ်းပေါ်မှာ လူရယ်လို့ မရှိဘူး။ ကျွန်မတစ်ယောက်တည်း ထီးထီးကြီး။

mgyoe.com

ဆိုင်ကယ် ရပ်လိုက်တယ်။ ဘေးဘီဝဲယာကို တစ်ချက်ကြည့်တော့ ဘယ်သူမှ မရှိဘူး။ ကျွန်မလက်ထဲ တံတွေး ထွေးချလိုက်ပြီး ပေါက်စီ နှစ်လုံးစလုံးကို သုတ်ပစ်လိုက်တယ်။ စားစမ်း။ တစ်လမ်းလုံး စားသွားစမ်း။ ကိုကို ဒီပေါက်စီ စားနေမယ့် ပုံကို မျက်လုံးထဲ ဖော်ကြည့်လိုက်တာ ပျော်စရာ ကောင်းလိုက်တဲ့ ဖြစ်ခြင်း။

ကိုကိုရေ... တကယ်ဆို နင်လုပ်ခဲ့တာတွေနဲ့ ယှဉ်ရင် ဒါ ပါမွှားပါဟာ။ ဒီလုပ်ရပ်ကို ပြန်သိသွားရင်တောင် နင့်မှာ ငါ့ကို စိတ်ဆိုးပိုင်ခွင့်၊ ဒေါသထွက် ပိုင်ခွင့် မရှိဘူး ဆိုတာ နားလည်ထား။ နင် အခု ထွက်သွားသလို ငါလည်း တစ်ချိန်ချိန်တော့ ထွက်သွားမှာ။ ဘယ်တော့မှ ပြန်မလာဘူး။ မိသားစုခရီး၊ မိသားစု ပြန်တွေ့ကြမယ့် ပိတ်ရက်တွေ၊ နင့်မွေးနေ့၊ အမေနဲ့ အဖေ မွေးနေ့၊ ညီမလေး မွေးနေ့၊ အို... ဘာနေ့ဖြစ်ဖြစ်၊ ဘယ်အချိန်ဖြစ်ဖြစ် နင် ငါ့မျက်နှာကို မမြင်စေရဘူး။ မဟုတ်ဘူး။ ဘယ်အချိန်မှာပဲဖြစ်ဖြစ် နင့်မျက်နှာကို ငါ ပြန်လာ မကြည့်ဘူး။ နင် သေရင်တောင် နင့်အလောင်းကို ငါ လာမကြည့်ဘူး။ ငါလည်း နင့်ထက် အရင်မသေဘူး။ အသက်ရှည်ရှည်နဲ့ ပျော်ဦးမှာ။ ဘယ်နည်းနဲ့ ပျော်ရ ပျော်ရ နင့်ထက် ပျော်စရာကောင်းတဲ့ ဘဝမှာ ငါ နေသွားမှာ။

သူ့ကို ကားဂိတ် လိုက်ပို့တော့လည်း ဗိုက်နာချင်ယောင်ဆောင်ပြီး နေခဲ့လိုက်တယ်။ ကိုကိုက မယုံသင်္ကာနဲ့ လှမ်းကြည့်နေသေးတယ်။ ထပ်တိုင်ဦး မလို့လား။ တိုင်လိုက်လေ။ ငါ လိုက်မပို့ချင်လို့ ဗိုက်နာချင်ယောင်ဆောင်မှန်း နင် သိသားပဲ။ တိုင်ချင် တိုင်လိုက်လေ။ ကျွန်မ စိတ်ထဲကနေ ပြောနေမိတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက မေမေ့ကို ဒေါသတကြီး ကြည့်တဲ့ မျက်လုံးမျိုးကို အခုတစ်ခေါက် ထပ်တွေ့လိုက်ရတာပဲ။ နင်ဟာလေ တကယ် တစ်စက်ကလေးမှ မပြောင်းလဲဘူး။ ကျွန်မစိတ်ထဲ ဒေါသတွေ အလိပ်လိုက် တက်လာနေတုန်း သူ့လက်ထဲက ပေါက်စီထုပ်ကို မြင်မှ ရယ်ချင်သွားတော့တယ်။ ကောင်းကောင်း စားနော်လို့တောင် ရွဲ့ပြောလိုက်ချင်သေး။ မစားဘဲ နေမှာ စိုးလို့သာ ရွဲ့ချင်စိတ် ကို အောင့်ထားလိုက်ရတာ။

သူ သွားတော့ ကျွန်မတို့ ညီအစ်မပဲ ကျန်ခဲ့တယ်။ ဆယ်နှစ်အတွင်းမှာ ပထမဦးဆုံးအကြိမ် အသက်ဝဝရှူနိုင်သလို ခံစားရတယ်။ ညဘက်တွေ သက်သောင့် သက်သာ အိပ်ရတယ်။ အိမ်သာလည်း မသွားရဲဘူး၊ အိပ်မက်ဆိုးတွေလည်း မက်တယ် ဆိုပေမဲ့လဲပေါ့။ ဘာနေနေ ကိုကို ရှိတုန်းကနဲ့ ယှဉ်ရင်တော့ ကျွန်မ

mgyoe.com

m g.yoe.com  SAMPLE BOOK 

အများကြီး အဆင်ပြေလာတယ်။ အိမ်နဲ့ ပြဿနာ ဆိုတာ တကယ်တော့ ကျွန်မ အကုန် လျစ်လျူရှုနိုင်တယ်။ ဘယ်နားလေးမှာ သွားထိုင်လိုက်တဲ့အခါ နားအေး သက်သာမလဲ ဆိုတာ ကျွန်မ သိတယ်။ သူတို့ ခိုင်းတာတွေကို တစ်ချက် အတွန့် မတက်ဘဲ လုပ်တတ်တဲ့ အကျင့်ကလည်း ပါနေပြီမို့ ကျွန်မ အကုန်အဆင်ပြေ တယ်။ အိပ်မက်ဆိုး ဘယ်လောက်ပဲ မက်မက်၊ စိတ်ဒဏ်ရာ အပေါက်ဟာ ဘာနဲ့မှ ဖာထေးလို့ မရအောင် ဘယ်လောက်ပဲ ဟောင်းလောင်းပေါက် အကျယ် ကြီးဖြစ်ဖြစ် ကျွန်မ အဆင်ပြေအောင် နေတတ်တယ်။

ဒါပေမဲ့ ဒါက ဘယ်လောက်ခံမှာ မို့လို့လဲ။ ကြားကာလတွေမှာ လန့်မနိုး တဲ့ အိပ်မက်ဆိုးတွေ မက်တယ် ဆိုရင် ပိတ်ရက်ရှည်တွေ ရောက်ခါနီး အချိန်မှာ တော့ လန့်လန့်နိုးပြီး ထထိုင်နေရတဲ့ အဖြစ်တွေဟာ ကြုံလာမှာ မလွဲမသွေပဲ။ တွေးလိုက်တာနဲ့တင် ကျွန်မမှာ စိတ်နဲ့ လူနဲ့ တစ်စစီ ဖရိုဖရဲတွေ ဖြစ်ရတယ်။

သိပ်မကြာပါဘူး။ ကျွန်မလည်း ကျောင်းသွားတက်ဖို့ ပြင်ရတယ်။ ထွက်သွားနိုင်တယ်လို့ လုံးလုံး မပြောသာနေပြန်ဘူး။ နည်းပညာတက္ကသိုလ် ဟာ ကျွန်မနဲ့ အပ်စပ်သလား၊ စိတ်ပါဝင်စားမှု ရှိသလား ကျွန်မ မသိဘူး။ အိမ်နဲ့ အလှယ်လေး သွားလိုက်၊ ပြန်လိုက် လုပ်လို့ရတာ ဒါပဲ ရှိတယ်၊ ဒါပဲ တက် တဲ့။ အမှန်အတိုင်း ပြောရရင် ဒါဟာ ကျွန်မအပြစ်ပဲ။ ဘာကို စိတ်ဝင်စားတယ်၊ ဘာကြီး ညာကြီး ဖြစ်လိုက်ချင်တယ် ဆိုတာ ကျွန်မမှာ ဘယ်တုန်းကမှ မရှိခဲ့ ဖူးဘူး။ ရှိချင်စိတ်လည်း တစ်စက်ကလေးတောင် မဖြစ်ခဲ့ဖူးဘူး။ ကျွန်မ သိသမျှ က အဝေးကြီးကို ထွက်သွားမယ်၊ ဘယ်တော့မှ ပြန်မလာဘူး ဆိုတာပဲ။ အဝေး ကြီးကို ထွက်သွားဖို့ဆို ဗန်းပြစရာ အလုပ်တစ်ခု လိုမယ်၊ အလုပ်အတွက် လိုအပ် တဲ့ ပညာအရည်အချင်း ကောင်းကောင်း ရှိရမယ်။ ဒါပဲ။ ကျန်တာ ဘာမှ မသိဘူး။ ဘာမှ မတွေးဘူး။ သိနိုင်၊ တွေးနိုင်တဲ့ အစိုးရတဲ့ စိတ် ဆိုတာလည်း ကျွန်မဆီမှာ ဘယ်အခါမှ ကပ်မနေခဲ့ဖူးဘူး။

ဩော်... ပြောဖို့ မေ့နေတာ။ ကျွန်မ ဆယ်တန်း ကျသေးတယ်လေ။ အိမ်ကတော့ ဘာရက်ကြသလဲ မမေးနဲ့။ မကောင်းတာ လုပ်ကိုင်စားရင်တောင် ဒီလောက် အရှက်သည်းခြေ ကြီးကြပ့်မလား မသိဘူး။ ဝတ္ထု နိုးဖတ်တဲ့ ဓာတ်လမ်း လည်း တစ်ကျော့ပြန်လာတယ်။ ရည်းစားရနေပြီလား ဆိုတဲ့ မေးခွန်း ဆိုရင် မကြားချင်မှ အဆုံးပဲ။ ဆိုင်ကယ်စီးခွင့် ပိတ်၊ အပြင်သွားခွင့် ပိတ်၊ အကုန်ပိတ်၊

mgyoe.com

mgyoe.com

အယ်... သူတို့ ခိုင်းချင်ရင်တော့ ဆိုင်ကယ် ပေးစီးသားပဲ။ စာကျက်၊ အိမ်မှာပဲ ကျက်။ ထပ်ကျရင် ကျောင်းနုတ်ပြီး ဈေးရောင်းခိုင်းမယ်။ နင့်ညီမကတောင် အမီလိုက်နေပြီ။ အကြီးဖြစ်ပြီး ရှက်ရကောင်းမှန်း မသိဘူး။ ရှေ့ဆောင်လမ်းပြ အစ်ကိုလုပ်တဲ့သူက စာတော်၊ အဆင့်တွေ မိုးပျံနေတာကို၊ နွား ဆိုရင်တောင် ဖြောင့်ဖြောင့်တန်းတန်း လိုက်နိုင်ဦးမယ်။ နင်က လူဖြစ်ပြီး ဘာလို့ အဲ့လောက် တုံးရတာလဲ။ အို... စုံလို့၊ ကျွန်မလည်း လူရော၊ စိတ်ရော ရစရာ မရှိတော့ဘူး။ အကုန်ကုန်ပြီ။ စာမေးပွဲ ကျတာကို သိတဲ့ ညက ကျွန်မ အိပ်တဲ့နား ကိုကို လာ တယ်။ ထုံးစံအတိုင်းပေါ့။ တခြား ဘာရှိဦးမှာလဲ။ အဲဒါကြောင့် ကျွန်မ လူရော၊ စိတ်ရော ဘာမှ ရစရာ မရှိတော့ဘူး၊ စုတ်ပြတ်သတ်နေပြီလို့ ပြောတာ။

ကျတာ တစ်နှစ်ပါပဲ။ နောက်နှစ် အောင်တော့လည်း ဒီဓာတ်ပြား ဟောင်းကို ပြန်ဆွကြတာပဲ။ တစ်နှစ်ကျလို့ ပိုက်ဆံ အလကားနေရင်း ကုန်ရပြီ တဲ့။ အစောကတည်းက အခုလို အောင်အောင် ကြိုးစားပါတော့လားတဲ့။ ကဲ... ကျွန်မဆီမယ် ပြောစရာ တစ်ခုမှ မကျန်တော့ဘူး။ ပြောချင်စိတ်လည်း ကုန်ခန်း နေပြီ။ သူတို့ ပြောတာလည်း မှန်တော့ မှန်သားပဲ။ ကျွန်မ လူလိုသူလိုလေး မြန်မြန်နေနိုင်မယ့် တစ်နှစ်ကို ဘာလို့ အချိန်ဖြုန်းခဲ့မိတာလဲ မသိဘူး။ တကယ် စိတ်ပျက်ဖို့ ကောင်းလိုက်တာ။

ကျောင်းသွားတက်တော့လည်း တစ်မျိုး နားအေးတာပဲ။ အိပ်ချင်တဲ့ အချိန်မှ အိပ်၊ စားချင်တဲ့ အချိန်မှ စား၊ တစ်ခါတလေ တစ်နေ့လုံး ဘာဆိုဘာမှ မစားတဲ့ ရက်တွေတောင် ရှိသေး၊ နားကလည်း အေးလိုက်တာမှ လွန်ပါရော။ သက်သောင့်သက်သာ ဖြစ်လွန်းလို့ အိပ်မက်များလားလို့တောင် ကိုယ့်ကိုယ် ကိုယ် ဆွဲဆိတ်ကြည့်နေရသေးတယ်။ ထင်တဲ့အတိုင်း အိပ်မက်ပါပဲ။ ပိတ်ရက် ဆို အိမ်ပြန်ရတာ အလုပ် တစ်လုပ်လေ။ ကိုကို ရှိရှိ မရှိရှိ အိမ်ဟာ ကျွန်မအတွက် စိတ်ညစ်ညူးစရာတွေပဲ တောက်လျှောက်ပေးတဲ့ နေရာ။ ပျော်စရာ တစ်စက် ကလေးမှတောင် မပေးနိုင်တဲ့ နေရာ။ ၁၇ နှစ်တာ ကာလပတ်လုံး ကျော တစ်ခင်းစာ၊ တစ်နေ့ ထမင်းသုံးနပ်ကို အကြွေးတင်သလို နေခဲ့၊ အိပ်ခဲ့၊ စားခဲ့ရ တယ်လို့ ဝန်ပိစေတဲ့ နေရာ။ ထွက်သွားမှာပဲ။ အကြွေးကို အဝေးကနေ နိုင် သလောက် ဆပ်လိုက်မယ်။ မကျေရင်တော့ သံသရာကြွေး သယ်သွားလိုက် မယ်။ အိမ်ကိုတော့ တစ်သက်လုံး မပြန်ချင်တော့ဘူး။

mgyoe.com

တစ်ပတ်တာဟာ ကျွန်မအတွက် စက်ဝန်းကြီးတစ်ခုလို ဖြစ်သမျှ ပျက်သမျှ ဆင်တူတွေနဲ့ အသားမကျနိုင်ဘူး။ တစ်ခါတလေ သိပ်ပြီး စိတ်ထောင်းကိုယ်ကြေလွန်းရင် ကျူတိုရီရယ် ရှိလို့ လက်တွေ့သင်တန်း ဆင်းရမှာ၊ စာမေးပွဲအတွက် စာကြည့်တာ မပြီးသေးဘူး ဆိုပြီး မျိုးစုံတွေ လျှောက်ပြောပစ်လိုက်တာပဲ။ အိမ်မှာကို မနေချင်ဘူး။ တကယ်။

အဆောင်မှာ တစ်ယောက်တည်းရှိတဲ့ အချိန်ဆို ပိုတွေးမိတယ်။ စာသင်ခန်းထဲမှာ စာနားထောင်ရင်တော့ အာရုံလွှဲထားသလို ခံစားရတယ်။ သူငယ်ချင်းတွေ ရတယ်။ တစ်မြို့တည်း ကျူရှင်အတူတူ တက်ခဲ့ဖူးတဲ့ သူနဲ့လည်း ပြန်ဆုံတယ်။ စကားရယ် ဘာရယ် ထွေရာလေးပါးတွေ ပြောရင်း ခင်သွားကြတယ်ပဲ ပြောပါတော့လေ။

သူ့နာမည်က ထူးမြတ်လင်း တဲ့။ ဆယ်တန်းလည်း ကျွန်မလို တစ်နှစ်ကျတယ် တဲ့လေ။ ကျွန်မဖြင့် မသိပါဘူး။ ကိုယ့်ဘာသာ ကိုယ် လုံးချာလည်လိုက်နေရင်း၊ အိမ်က အဆူအဆဲ အထုအထောင်းကို ပေခံနေရင်းနဲ့မို့။ ကျတဲ့နှစ်လည်း တူ၊ အောင်တဲ့နှစ်လည်း တူ၊ ခု တက္ကသိုလ်တက်တော့လည်း တူနေလို့ တိုက်ဆိုင်လိုက်တာ ဆိုပြီး သူက အံ့ဩတကြီးတွေကို ဖြစ်လို့။ ကျွန်မကတော့ သတင်းစကား ပြန်ပို့မယ့် ပါးစပ်တစ်ပေါက်များ ဖြစ်နေမလား ဆိုတဲ့ စိတ်နဲ့ သတိနဲ့ နေလိုက်ဖို့ပဲ ကြိုးစားနေမိတယ်။

ရင်မောပါတယ်။ လွတ်ကင်းရာ လွတ်ကင်းကြောင်းကို ကျွန်မ ဘယ်ဆီမှာ လိုက်ရှာမှ ရနိုင်မယ် မသိတော့ပါဘူး။ ဒါပေမဲ့ အသက်ရှူချောင်စရာ နေရာလေး ရှိနေလို့ တော်ပါသေးတယ်။ တစ်ပတ်မှာ ခုနစ်ရက် ပင်ပန်းခဲ့ရတဲ့ နေ့တွေ ကုန်ခဲ့ပြီပဲ၊ နှစ်ရက်လောက် ပင်ပန်းရတာကိုတော့ ခံနိုင်ရည် ရှိရမှာပေါ့။

"နင် စာရပြီလား၊ ငါ့ကို ဒါလေး ရှင်းပြပေးပါလား"

"မိုးသံ နေမကောင်းဘူးလား"

"မိုးသံ ဘာလို့ အတန်းလစ်တာလဲ။ စာရှင်းပြစေချင်ရင် ဆရာခေါ်ရမှာနော်"

ကျွန်မကိုတော့ သူက ခင်ရှာသားပဲ။ အတန်းမလာရင် ဘေးက သူငယ်ချင်းကို မေးတယ်။ နေမကောင်းဘူး ပြောရင် အဆောင်ကို မုန့်လာပို့တတ်တယ်။ ကျွန်မလည်း ခင်တော့ ခင်ပါတယ်။ ဒါပေမဲ့ သတိဆိုတာ ပိုတယ်

mgyoe.com

mgyoe.com


ရယ်မှ မရှိတာ။ ရှေ့ခုနစ်အိမ်၊ နောက်ခုနစ်အိမ် ဆိုတာ စကားအဖြစ်သာ ပြောတာ၊ မြို့ပြင်၊ မြို့ထဲ အကုန်လုံးကို သတင်း အတင်းအဖျင်း စကား ရောက်ဖို့ တစ်မနက်တောင် ကြာတာ မဟုတ်ဘူး။ ကျွန်မ အသိဆုံး။ ဘာကိုမဆို ဆင်ခြင်လိုက်ခါမှ တော်ကာ ကျတာ။

ဒီလိုနဲ့ သူ ခင်သလောက် ကျွန်မ ပြန်မခင်မိဘူး။ အပြောအဆို၊ အနေအထိုင်၊ အသွားအလာ အကုန်လုံးကို ကျွန်မ ဆင်ခြင်တယ်။ အိမ်မှာနေတဲ့ အတိုင်းပဲ၊ လုပ်ရမယ့် အလုပ်မှန်သမျှကို မခြွင်းမချန် လုပ်တယ်၊ အားရင် အဆောင်မှာ နေတယ်။ သန့်ရှင်းရေး လုပ်တယ်။ သာဘာစကား ပညာဒါနသင်တန်းတွေ လိုက်တက်တယ်။ လိုင်းပေါ်ကနေ ဟိုကြည့်ဒီကြည့်နဲ့ လေ့လာတယ်။ ဒါဟာ ကျွန်မရဲ့ တက္ကသိုလ်ကျောင်းသူ ဘဝပဲ။ ပျင်းစရာ ကောင်းတယ်မလား။ အချိုးအကွေ့ရယ်လို့ လွတ်လပ်တဲ့ ဆယ်ကျော်သက် အချိန်ကာလရယ်လို့ တစ်ခါလေးတောင်မှ မရှိဖူးဘူး။ အဲဒါထက်ပိုပြီး ဝမ်းနည်းစရာ ကောင်းတာက ဘာလဲ သိလား။ အဲဒီလို သူ့အရွယ်နဲ့ သူ မပျော်ရ၊ မနေရတာကို ထုံပေပေနဲ့ နေသားကျနေတဲ့ ကျွန်မ အဖြစ်ပဲ။

●

mgyoe.com

mgyoe.com SAMPLE BOOK

— ၂၇ နှစ်အရွယ် မိုးသံ —

ကျွန်မလက်ထဲ ဘောနပ်စ်ကလည်း ရထားတော့ ငွေပို ကျန်နေသေးတယ်။ ဒါပေမဲ့ ပန်းချီပစ္စည်းက သိပ်မဝယ်တတ်တော့ ကင်းဗတ်စ်အသေးလေး နှစ်ခုနဲ့ အရောင်စုံ ၁၂ ကွက် သေးသေးလေးတွေပါတဲ့ ရေဆေးအရောင်ခြယ် တစ်ဘူးပဲ အရင်ဝယ်ထားလိုက်တယ်။ ကလေးတွေ လျှောက်ဆော့တဲ့ဟာလေး ထင်ပါတယ်။ စာရေးကိရိယာဆိုင်ကတောင် မေးလိုက်သေးတယ်။ ဘယ်အရွယ်လေး အတွက် လဲ တဲ့။ ကျွန်မအတွက်လို့ ဖြေတော့ သူတို့လည်း ရုတ်တရက် ကြောင်အမ်းအမ်း နဲ့။ ပြီးမှ ခုမှ စ,ဆွဲမှာဆို ဒီလိုဟာလေးတွေပဲ အရင် ဝယ်ထားရင်ကော လို့ ပြန် ပြောလာတာ။ ကျွန်မလည်း အများကြီး မစဉ်းစားနေတော့ဘူး။ ဈေးလည်း သိပ်မကြီးတာနဲ့ အဲ့နှစ်ခုလေး ဝယ်လာလိုက်တယ်။ ကင်းဗတ်စ် အသေးလေးက ထောက်တိုင်လေးလည်း ပါတော့ ဈေးက မဆိုစလောက်လေး များတယ်။ ကျွန်မ စိတ်ထင်ရယ်ပါ။ တစ်ခါမှ မဝယ်ဖူးဘဲနဲ့ များတယ် ပြောတာတော့ မကောင်းဘူး လို့ ထင်တာပဲ။

အိမ်ကို အထုပ်အပိုးနဲ့ ပြန်ရောက်တော့ ထုံးစံအတိုင်း ဘိုခဲက ကြိုနေ တယ်။ အထုပ်ပလုတ်တွေ အရင်ချပြီး သူ့ကို ခရင်မီ ကျွေးတော့ အငမ်းမရ စားရှာတယ်။ ကျွန်မက ရုံးကနေ တန်းမပြန်ဘဲ ဒါတွေ သွားဝယ်နေတော့ သူ့ရဲ့ ခရင်မီ စားတဲ့အချိန်ကို တစ်နာရီလောက်တောင် ကျော်နေရောပဲ။ သနား

mgyoe.com

ပါတယ်။ သူ့မှာ အချိန်လေး မှတ်ထားပြီး မျှော်နေရှာမှာ။ စားပြီး ရေသောက်ပြီးတော့ ဖင်တရွတ်ဆွဲနဲ့ သူ့အိပ်ရာနား သွားပြန်တယ်။ ကျွန်မကလည်း သူ့အကျင့် မှန်သမျှကို ခြေတစ်လှမ်း ကြိုမြင်ပြီးသား ဆိုတော့ အသာလေး မ,ပြီး အိပ်ရာနား ခေါ်သွားပေးလိုက်တယ်။

ပြီးမှ ကျွန်မ ရေမိုးချိုး၊ ညစာစားဖို့ ပြင်ရတယ်။ အဖြစ်ပါပဲ။ ကျွန်မ နေ့လယ်တုန်းကလည်း သိပ်အများကြီး မစားထားတာကို ဘာလို့ ဗိုက်ထဲ ပြည့်နေသလို ခံစားနေရလဲ မသိဘူး။ ဆေးကြောနေရင်း တစ်ဖက်က ပြတင်းပေါက်ကို ငေးကြည့်မိပါသေးတယ်။ မှောင်နေပြီမို့ အရိပ်အခြည်တွေဟာ ကျွန်မ အမြင်အာရုံမှာ သိပ်မထင်ရှားတော့ဘူး။ ကျွန်မ ပြတင်းပေါက်ကို ပိတ်လိုက်တယ်။ ဘာလို့မှန်းမသိ၊ စိတ်ထဲ တစ်မျိုးကြီးမို့လို့။

အိမ်ထဲ ပြန်ဝင်ပြီး ဖုန်းအားသွင်းမယ်အလုပ် ထူးမြတ်လင်းဆီက စာဝင်လာတယ်။

"အဆင်ပြေနေတယ်မလား"

အဆင်ပြေတဲ့ အကြောင်းပဲ ကြားချင်တဲ့ အရိပ်အယောင်တွေကို ကျွန်မ စိတ်မှန်းနဲ့ လျှောက်ဖမ်းကြည့်နေမိတယ်။ အဆင်ပြေလား၊ အဆင်ပြေရဲ့လား၊ အဆင်ပြေနေတယ်မလား၊ ဒီသုံးခုက ကျွန်မ နားထဲ၊ စိတ်ထဲမှာ တကယ် တခြားစီပဲ။ ကျွန်မ ဘယ်လိုနေသလဲ သိချင်ရုံသက်သက် မဟုတ်ဘူး။ ကျွန်မ အဆင်ပြေနေတယ်လို့ ယုံချင်နေတာမျိုးလေ။

တကယ်တော့ ရှုးနှမ်းနှမ်း လျှောက်တွေးမိတာပါ။ စကားအနေနဲ့ ပြောရင်တောင် တစ်ဖက်လူစိတ်ထဲ ဘာဖြစ်နေတယ် ဆိုတာ အပ်ကျမပ်ကျ မသိနိုင်တာကို၊ ကျွန်မက စာလေးတစ်ကြောင်းကနေ ဘာတွေ လျှောက်ခန့်မှန်းနေမိမှန်း မသိဘူး။

"ပြေပါတယ်ဟဲ့"

သူငယ်ချင်းလို ရင်းနှီးခင်မင်မှုပုံစံကို ပိုပိုသာသာ ပြချင်တဲ့ စိတ်က များသွားတယ် ထင်ပါတယ်။ မလိုအပ်တဲ့ အပိုစကားလုံးတွေ လျှောက်ထည့်လိုက်မိတယ်။

"နင့် ဖုန်းနံပါတ် ပေးထားလို့ ရလား"

"ဘာလုပ်မလို့လဲ"

mgyoe.com

m gyoe.com  SAMPLE BOOK 

ဟော... ရင်းနှီးသလိုပုံစံကနေ သူစိမ်းမေး မေးသလို ပြန်ဖြစ်သွားပြန်ပြီ။ ကျွန်မဟာလည်း ကျွန်မပါပဲ။ ထူးခြတ်လင်းသာ ကျွန်မလိုတွေ လျှောက်တွေးတတ်ရင် ဒုက္ခပဲ။

"မတွေ့တာ ကြာလို့ပေါ့ဟာ၊ ပေးဖို့ အဆင်မပြေလို့လား ဟင်"

"ပြေပါတယ်၊ ရတ်တရက်ကြီးမို့"

"ငါ့ဖုန်းနံပါတ်ပဲ အရင်ယူထားလိုက်ဟာ။ နင် အားတဲ့အချိန် ဆက်မယ်လို့သာ ကတိပေး"

ပြောပြောဆိုဆိုနဲ့ သူ့ဖုန်းနံပါတ်ကို ပို့လာတယ်။ ကျွန်မကဖြင့် ကျွန်မဖုန်းနံပါတ်ကို စာရိုက်ပြီးနေပြီ၊ သူ့ဆီ မပို့ရသေးတာပဲ ရှိတာ။ အဲ့လို ပြောလာတော့လည်း စာရိုက်ထားတာကို ပြန်ဖျက်ပြီး အေးပါလို့ပဲ ပြန်ပို့လိုက်တယ်။

"ညစောစော အိပ်ဦး၊ Goodnight"

"Goodnight"

ကျွန်မ ဖုန်းအားသွင်းလိုက်ပြီး အိပ်ရာပေါ် လှဲအိပ်နေလိုက်တယ်။ အိပ်လို့ မပျော်ပါဘူး။ လကလည်း ကျွန်မအခန်း ပြတင်းပေါက် တည့်တည့်မှာ သာနေတယ်။ မြို့ပြညတွေမှာ မြင်ရခဲတဲ့ မှိတ်တုတ်မှိတ်တုတ် ကြယ်ကလေးတွေရောပဲ။ မြင်ရခဲတာလား။ ကျွန်မတို့ကပဲ တခုတ်တရ ငေးမော့မကြည့်ဖြစ်ခဲ့ကြတာလား။ လခြမ်းကွေးလေးနဲ့ ကြယ်ရောင်လေးတွေကတော့ တိတ်တိတ်ဆိတ်ဆိတ်၊ ပါးလျလျ။ ညရဲ့ သင်္ကေတ အမှတ်အသားတွေကို ပါးလျလျလို့ ရည်ညွှန်းလိုက်တဲ့ ကျွန်မက ဘယ်လောက်များ ကြီးကျယ် ခမ်းနားနေလို့လဲ။ တည်ရှိမှု အမှန်အမှား တစ်ခုသာသာလို လူက အလင်းနှစ် သန်းပေါင်းများစွာမှာ ဖြစ်တည်နေတဲ့ အလင်းရောင်တွေကို ပါးလျလျလို့ သုံးနှုန်းလိုက်မိတာက မဖြစ်ညစ်ကျယ် ဝေဖန်မှုသက်သက်ပဲ ထင်ပါရဲ့။ ဒီလိုပုံစံနည်းနဲ့ ကိုယ့်တည်ရှိမှုကို တစ်ဆင့်မြှင့်တင်ပစ်လိုက်ချင်မိတဲ့ လူသားမာနများလား။ ကျွန်မရဲ့ အဆုံးမရှိတဲ့ သေးငယ်သွားမှုဟာ အမှောင်ထုထဲ ပျောက်ကွယ်သွားလုနီးပါးပါပဲ။ မတွေးပါနဲ့တော့ မိုးသံသာရယ်။ ကျေးဇူးပြုပြီး မတွေးပါနဲ့တော့။

မတွေးနဲ့။ မတွေးနဲ့။ မတွေးနဲ့။ မတွေးနဲ့။ မတွေးနဲ့။ မတွေးနဲ့။

မတွေးနဲ့ ဆိုတာကို အတွေးပုံစံနဲ့ ကိုယ့်ကိုယ်ကိုယ် သတိပေးရတာ မတင်းတိမ်နိုင်လို့ နှုတ်ကနေပါ တဖွဖွ ထုတ်ပြောနေရတယ်။ မတွေးနဲ့။ မတွေးနဲ့။ မတွေးနဲ့။ မတွေးနဲ့.......

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မဆီမှာ အမြဲလိုလို မက်တဲ့ အိပ်မက်နှစ်မျိုး ရှိတယ်။ တစ်ခုက မြစ်သားအိမ်ရဲ့ အိမ်သာထဲကို ရောက်နေတဲ့၊ ဘယ်တော့မှ ပြန်မထွက်နိုင်တဲ့ ခြောက်အိပ်မက်တွေ၊ နောက်ဒုတိယတစ်ခုက တစ်ကိုယ်လုံး အမှုန်အမွှားလေး ဖြစ်သွားတဲ့အထိ သေးကွေးကျုံ့လို့သွားတဲ့ အိပ်မက်တွေ။ အခုညကတော့ ဒုတိယ မြောက် အိပ်မက်အမျိုးအစားပါပဲ။ ဒါဟာ အိပ်မက်ပဲလို့ ကျွန်မ သေသေချာချာ သိနေပေမယ့် ထ,လိုက်လို့ မရဘူး ဖြစ်နေတယ်။ အမှုန်အဖြစ်နဲ့ အိပ်ရာဝင်ပြီး အမှုန်အဖြစ်နဲ့ နောက်တစ်နေ့တာကို စတင်ရတာနဲ့တင် မလုံလောက်သေးလို့၊ ညတာရှည် ပုရွက်ဆိတ်လို လူသေးသေးလေး အိပ်မက်ကိုပါ ဆန့်တငင်ငင် မက်နေရဦးမယ့် အဖြစ်တဲ့။ မျက်ရည်တစ်ပေါက် ပါးပေါ် စီးကျလာတယ်။ လူသေးသေးလေးရဲ့ မျက်ရည်က အဲဒီလူသေးသေးလေး တစ်ကိုယ်လုံး မြုပ်သွား တဲ့အထိ ပင်လယ်လို ကျယ်ပြောသွားရပါတယ် ဆို ဒါဟာလည်း လက်တွေ့ ဘဝနဲ့ ကင်းကွာတဲ့ အိပ်မက်ရယ်ပါ။ ဟုတ်တယ် မဟုတ်လား။ ကျွန်မကို ဒါဟာ အိပ်မက်ပါလို့ တစ်ယောက်ယောက် ပြောပြပေးနိုင်မလား ဟင်။

+

တစ်ရက်တာကို ဒီလိုပုံစံနဲ့ စ,ရတာ ကျွန်မအတွက်တော့ ရိုးနေပါပြီ။ ပေါင်မုန့် တစ်ချပ်ကို စတော်ဘယ်ရီဂျမ် သုတ်ပြီး ပါးစပ်ထဲ အမြန်သွတ်၊ ပါရာစီတမော တစ်လုံးကို ဖွက်ခနဲ သောက်၊ ဒါနဲ့တင် အားမရလို့ ခေါင်းကြည်ကြည်နဲ့ အလုပ် သွားနိုင်ဖို့အရေး ကော်ဖီကို ခါတိုင်းထက် ပိုခါးသက်သက်လေး ဖျော်ရတယ်။ ပေါင်မုန့်တစ်ချပ်နဲ့ ဆေးကို အမြန်နှုန်းနဲ့ သွတ်ရတာက ကော်ဖီကို အေးအေး ဆေးဆေး ထိုင်သောက်ချင်တာလည်း ပါတယ်။ ဘာကို လောမှန်းမသိ၊ လောနေ ခဲ့ရတဲ့ ဘဝမယ် ကော်ဖီကိုပဲဖြစ်ဖြစ်၊ ရေကိုပဲဖြစ်ဖြစ် ခပ်အေးအေးငြိမ်ငြိမ် အချိန် ပေးပြီး သောက်သင့်တယ် ထင်တာပဲ။ ကျွန်မအတွက် ကျွန်မ ပြောတာပါ။ ကျွန်မတို့ဟာ တစ်ကိုယ်စာအတွက်က လွဲပြီး ကျန်တဲ့ အရေးအကြောင်း မှန်သမျှ ကို ခေါင်းထဲ ထည့်နိုင်ခဲ့ကြတာ ခပ်ရှားရှားမလား။

ကျန်တဲ့ တစ်နေ့တာ ဖြတ်သန်းမှုကတော့ ပုံမှန်ပါပဲလေ။ ကျွန်မဟာ ဒီစကားကို စိတ်ပျက်လက်ပျက်ပုံစံနဲ့ မဟုတ်ဘဲ တကယ်ကို စိတ်ရင်းနဲ့ ဝမ်းသာ

mgyoe.com

အားရ ပြောတယ် ဆိုတာ ယုံပါ။ ပုံမှန်ဖြစ်မှုတွေ၊ ရေတိုရေရှည် ရလဒ်ကောင်းတွေ ရနိုင်တာ သေချာတဲ့ နေသားတကျ တည်ငြိမ်ဖြစ်တည်မှုတွေ၊ ကျွန်မကိုယ် ကျွန်မ ကာကွယ်နိုင်တယ်၊ ဘေးကင်းလုံခြုံတယ် ဆိုတဲ့ စိတ်အတွေးတွေ ရှိတဲ့ ပုံမှန် အဖြစ်အပျက်တွေကို ဘဝမှာ အမြဲလိုအပ်ခဲ့တယ်။ ရချင်ခဲ့တယ်။ လိုအပ်တာ၊ လိုချင်တာ ဒီနှစ်ခု ထပ်တူညီခဲ့တာ ဆိုလို့ အခုအချိန်ပဲ ရှိတယ်။ ဒါကို ကျွန်မ ဘယ်လိုနည်းနဲ့မှ အထိအခိုက်၊ အပွန်းအပဲ့ ခံမှာ မဟုတ်ဘူး။

မနက်ခင်း ဘတ်စ်ကားဟာလည်း ပုံမှန်ပဲ။ နေ့လယ်ခင်း ထမင်းစား ချိန်တွေဟာလည်း ပုံမှန်ပဲ။ ကော်ဖီအချိန်မှာ လက်ဖက်ရည် ပြောင်းသောက် ကြည့်တာကလည်း ပုံမှန်ပဲ။ အစည်းအဝေးအတွက် စာရွက်စာတမ်း ပြင်ဆင်မှု ဟာ ကျွန်မ တာဝန်ကျတဲ့နေ့ ဆိုတာလည်း ပုံမှန်ပဲ။ ကျွန်မဟာ ကောင်းကောင်း ဖြစ်တည်နေတယ်။ သေးငယ် ကြုံလိုသွားမှုဟာ အမှန်တကယ် မဟုတ်ဘူး။ ပင်လယ်လို မျက်ရည်တွေထဲ ကျွန်မဟာ လူသေးသေးလေးအဖြစ်နဲ့ လက်ပစ် ကူးဖို့ ကြိုးစားနေရတယ် ဆိုတာ တကယ်ဖြစ်ခဲ့တာ မဟုတ်ဘူး။ ကျွန်မကမ္ဘာမယ် အရာအားလုံးဟာ ပုံမှန်အတိုင်း နေသားတကျ ရှိဖို့ အပတ်တကုတ် ကြိုးစား ပစ်ချင်စိတ်တွေ အပြည့်ရှိတယ်။ အခုလို ကြီးကြီးကျယ်ကျယ်တွေ ပြောနေ ပေမယ့် ကျွန်မခေါင်းထဲ အခုတွေးနေတာ ဘာလဲ သိလား။ မနက်ခင်းတုန်းက ကော်ဖီကို အလောတကြီး မသောက်ခဲ့လို့၊ ငြိမ်ငြိမ်အေးအေးလေး အရသာခံခဲ့ လို့ ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတင်နေမိတာပဲ။ လောရမယ့် ကိစ္စတွေဟာ အရာ အားလုံး ဖြစ်နေရင်တောင်မှ တစ်ခုကိုတော့ ကျွန်မ အမြဲချွန်လှပ်ပစ်ခဲ့မှာ။ ပုံမှန် ဖြစ်ရမှုဟာ ဒီသေးငယ်မှုကနေ စ,တာလည်း ဖြစ်နိုင်တာပဲလေ။ ဒီအချက် ကိုတော့ ကျွန်မ အသေချာကြီး သေချာလှချည်ရဲ့ မဟုတ်ပေမယ့်လို့ပေါ့။

"မိုးသံ ကောင်းစလင်း ယူတာ အဆင်ပြေနေရဲ့လား"

အဆင်ပြေနေရဲ့လား တဲ့၊ ကျွန်မ မနေ့က အတွေးကို သတိရပြီး ပြုံးလိုက် မိတယ်။

"အဆင်ပြေတယ်လို့ အစ်မတော့ မြင်မိတာပဲ"

အစ်မက သူ့မေးခွန်းကို သူ့ဘာသာသူပဲ ပြန်ဖြေသွားတယ်။

"နေ့လယ်စာ အတူတူ သွားစားရအောင်နော် အစ်မ"

"စားမယ်လေ၊ မိုးသံ ဘာစားချင်လို့လဲ"

mgyoe.com

mgyoe.com
SAMPLE BOOK


"ဘာစားချင်တာရယ်တော့ မရှိပါဘူး။ ရုံးအလာလမ်းမှာ ကွေ့တယို ဆိုင် အသစ်လေး တွေ့လိုက်လို့၊ အစ်မ စားချင်ရဲ့လား ဟင်"

"စားတာပေါ့၊ အစ်မ ကွေ့တယို မစားရတာကို နှစ်ပေါက်နေပြီ။ ဒါပေမဲ့ အစ်မ ဒီဖိုင်လေး လက်စသတ်စရာ ရှိသေးတာ။ မိုးသံကော ဘာတွေလုပ်ဖို့ ကျန်နေသေးလဲ"

"မကျန်တော့ဘူး အစ်မ၊ မေးလ်တွေ ပို့စရာ နည်းနည်းပဲ ရှိတယ်"

"အိုခေ.... အဲဒါဆို အစ်မလဲ မြန်မြန် လက်စသတ်လိုက်မယ်"

နေ့လယ်ခင်း ထမင်းစားချိန်တွေဟာ ပုံမှန်ပဲလို့ ကျွန်မ ပြောချင်ပေမယ့် ပုံမှန်ထက် ပိုတဲ့ အရာလေးတွေ ရှိနေနိုင်တဲ့ အကြောင်းကိုလည်း စိတ်ထဲသွင်းထားရသေးတယ်။ ဥပမာ.. ဒီနေ့လို နေ့မျိုးပေါ့။

"မိုးသံ အဆင်ပြေနေတာ တကယ်ပဲ ထင်တယ်"

အစ်မဆီက ဒီစကားလုံးကို ကြားရတာ ဒီနေ့အဖို့ သုံးခါမြောက်ပဲ။ ကျွန်မအဖို့ ဒီစကားကို ၂၄ နာရီအတွင်း မှတ်မှတ်ထင်ထင် ခေါင်းထဲ ရောက်လာရတာ လေးခါမြောက်ပေါ့။

"ခုတစ်လော မျက်နှာလေး ပိုကြည်လာတယ်။ တစ်ခုခုကို စိုးရိမ်နေတဲ့ ပုံစံလေးတွေ မတွေ့ရတော့ဘူး"

"ဒါဆို အရင်က ညီမက ဒီလိုပုံ ပေါ်နေလို့ ကောင်းစလင်းကို ညွှန်းပေးခဲ့တာလား အစ်မ"

"အင်း... အဲလိုတော့လဲ ပြောလို့ မရပြန်ဘူး။ လူဆိုတာက ပျော်တဲ့ပုံပေါက်နေရင်တောင်မှ အဆင်ပြေချင်မှ ပြေတတ်တာကိုး။ အစ်မက ဒီလိုပဲ ဝါးလုံးရှည်နဲ့ သိမ်းကျုံးယမ်းလိုက်တဲ့ သဘောပါ။ ပြီးတော့ အစ်မလဲ ယူနေတာမို့လေ"

"ဟုတ်လား၊ အဲဒီမှာပဲ ယူတာလား အစ်မ"

"ဟုတ်ပ့ါ၊ အဲဒါကြောင့် မိုးသံကို အစ်မ ညွှန်းတာပေ့ါ။ အစ်မ ကောင်စယ်လာက မကြည်ဖြူတေးလေ"

"အယ်... ညီမလဲ မကြည်ဖြူနဲ့ပဲ အစ်မ"

"မကြည်ဖြူက တကယ်တော်တာပါ။ အစ်မလဲ တော်တော် အဆင်မပြေနေတဲ့ အချိန်မှာ သူ့ဆီ ရောက်သွားတာပဲ"

"ညီမ သုံးချိန်ရှိပြီ၊ အဆင်ပြေတယ် ထင်တာပဲ"

mgyoe.com

m g y o e . c o m  SAMPLE BOOK 

"အစ်မ ထင်ပါတယ်၊ ထင်တာထက် သိသာတယ် မိုးသံရဲ့။ သူများတွေတော့ မသိဘူး၊ အစ်မကတော့ မိုးသံ စိတ်ကလေး ကြည်နေတာကို မြင်ရတယ်"

"တကယ်က ပါးနီတွေ လိမ်းလာလို့ ထင်တယ်နော် ဟဲဟဲ။ ခါတိုင်းလို ဖြူဖပ်ဖြူရော် မှုန်ကုပ်ကုပ် ဖြစ်မနေတော့ဘူး"

"မဟုတ်ဘူး မိုးသံရဲ့၊ အခုလို ပျော်နေတဲ့ ပုံလေးတွေ ခဏခဏ စိပ်လာတာကို ပြောတာ"

"ဟုတ်ပါတယ်၊ ညွှန်းပေးလို့ကို ကျေးဇူးတင်နေတာ ညီမက။ ဒီနေ့နေ့လယ်စာ ညီမ ဝယ်ကျွေးမယ်နော်"

"ဟုတ်ပါပြီ ဆရာမရယ်၊ အခုတော့ စားလိုက်ဦး၊ အေးကုန်လိမ့်မယ်"

ဟုတ်ပ့ါ၊ ကြေ့တယိုတွေတောင် အေးကုန်တော့မယ်။ ဒီကနေ့မှ လျှာဖျားပေါ်မှာ ကြေ့တယို အရသာတွေ ထူးထူးခြားခြား စိမ့်ခနဲ ဝင်သွားတာ ဘာလို့ပါလိမ့်။ မစားရတာ ကြာလို့ပဲလား။ ကျွန်မကိုယ်တိုင်က မက်မက်စက်စက်နဲ့ စားချင်စိတ် ရှိနေခဲ့တာမို့လို့ များလား။ မဝေခွဲတတ်ပေမဲ့ တစ်ခုခုဟာ အာရုံကြောပေါင်း တစ်ထောင်လောက်အထိ တစိမ့်စိမ့် စီးမျောနေတဲ့ ခံစားမှုက ကျွန်မအတွက် အသစ် ဖြစ်နေပြန်တယ်။ သိမ်းထားချင်မိတယ်။ ဖြည်းဖြည်းနှေးနှေး နေထိုင်မှုလို့ ခေါင်းစဉ်တပ်မယ် ဆိုရင် ကိုက်ညီမှု ရှိပ့ါမလား မသိဘူး။ ဒါပေမဲ့ ဒါဟာ ကျွန်မအတွက် အသစ်ပါ။ မကြိုက်ဘူးလို့ ငြင်းပိုင်ခွင့် မရှိတဲ့ အဟောင်းတွေထဲမှာ တဝဲလည်လည် နေလာရရင်း နေသားကျလာရတဲ့ ကျွန်မအတွက် ဒါဟာ တန်ဖိုးကြီးမားလွန်းတဲ့ အသစ်ပါ။

"မိုးသံ မဟုတ်လား"

ခေါက်ဆွဲမျှင်တွေ တန်းလန်းကို မနည်းဖြတ်ချပြီး မော့ကြည့်ရတယ်။

ထူးမြတ်လင်း ပဲ။ သူနဲ့မှ ကြုံကြုံဖန်ဖန် တွေ့ရတယ်လို့၊ ကျွန်မမှာ ချက်ချင်းတောင် ပြန်မပြောနိုင်ဘူး။ ပါးစပ်ထဲက ဟာတွေကို တက်သုတ်ရိုက်ဝါးနေရတယ်။ ဖြည်းဖြည်းချင်းလေး အရသာခံပြီး စားနေပါတယ် ဆိုမှနော်။ တွေ့လည်း တွေ့တတ်တယ်။

"ဟုတ်တယ်၊ ကြည့်ဦး... ဒီမှာ လာတွေ့နေတယ်"

"နင် ဖုန်းမဆက်လို့လေ၊ ငါက လိုက်ရှာရင်း ဒီရောက်လာတာ"

mgyoe.com

mgyoe.com  SAMPLE BOOK 

ကြည့်ဦး။ ဘာတွေ ပြောနေမှန်း မသိဘူး။ အစ်မကပါ ဘာလဲ ဆိုတဲ့ မျက်နှာပေးနဲ့ လာကြည့်နေပြီ။

"အမယ်လေး... ဘာတွေ လျှောက်ပြောနေတာလဲ။ အစ်မ ဒါ ညီမ တက္ကသိုလ်တုန်းက သူငယ်ချင်း။ ဟိုကောင်းစလင်း ရုံးမှာ လုပ်နေတာ။ ထူးမြတ်လင်း.... ဒါ ငါ့ရုံးက အစ်မ"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်။ အဲဒါဆို အေးဆေး စားကြပါဦး။ ကျွန်တော်က ပါဆယ် လာဝယ်တာမို့"

ကျွန်မလည်း ပြုံးပြီး ခေါင်းညိတ်ပြလိုက်ပါတယ်။ ခုနကလို ဇိမ်လေးနဲ့ အေးဆေးလေး ဆက်စားဖို့ စိတ်ကူးပေမယ့် တကယ်တမ်းကျ တစ်ခုခုကို မလုံမလဲ ဖြစ်နေတယ်။ ဘာကို မလုံနေတာလဲတော့ ကျွန်မကိုယ် ကျွန်မလည်း မသိဘူး။ အစ်မကို ကြည့်တော့လည်း ပုံမှန်ပါပဲ။ ကျွန်မကိုက ဖြစ်နေတာ။

"သွားပြီနော် မိုးသံ၊ ငါ့ကို ဖုန်းဆက်နော်၊ မမေ့နဲ့။ အစ်မ သွားလိုက်ပါဦးမယ်ဗျ"

ကျွန်မတို့ စားလို့အပြီး သူက လာနှုတ်ဆက်တော့ အစ်မရော၊ ကျွန်မရော ပြုံးပြီး ပြန်နှုတ်ဆက်လိုက်တယ်။ ကျွန်မတို့လည်း ငွေရှင်းပြီး ရုံးကို ပြန်ဖို့ ပြင်ရတယ်။ ရှင်းမယ်ဆိုပြီး ကျွန်မ လှမ်းပြောတော့ ဟိုပါဆယ်ဝယ်တဲ့ အစ်ကိုက ရှင်းသွားလိုက်ပြီ တဲ့။

ကျွန်မလည်း ဘာပြောရမလဲ မသိဘူး။ အစ်မကတော့ အားနာလို့တဲ့။ နောက်ကျ သူ့ကို မုန့်ပြန်ဝယ်ကျွေးလိုက်ဦးနော် တဲ့။ ခေါင်းပဲ အသာညိတ်ပြီး ရုံးကို ကုပ်ကုပ်ကုပ်ကုပ်နဲ့ ပြန်လာရတယ်။

တကယ် ဘာမှန်း မသိဘူး။ အပြစ်တင်စရာ မရှိလို့ ရုတ်တရက် လာဆုံတဲ့ ထူးမြတ်လင်းကို အပြစ်တင်နေမိပြန်ပြီ။ အို... အဲလိုဆုံလို့ အပြစ်ပြောတာမှ မဟုတ်တာပဲ။ အစ်မ ရှေ့မှာ လျှောက်ပြောလို့ အမြင်ကတ်တာ။ မသိရင် တအားရင်းနှီးပြီး ခင်ခဲ့တဲ့ အတိုင်းပဲ။ အင်း... တွေးကြည့်ရင် သူ့ဘက်က တော့ ခင်ခဲ့တာ ဟုတ်သားပဲ။ ကျွန်မကသာ ဘာကို ဆင်ခြင်မှန်း မသိ၊ အကုန် ဆင်ခြင်မိခဲ့တာ။ သူငယ်ချင်းလိုတောင် သိပ်ပြီး သဘောထားခဲ့တာမှ မဟုတ်တာပဲ။ မြို့မှာ ပြန်ပြီး သတင်းဖွမယ့်၊ လိုက်ချွန်မယ့် စီစီတီဗွီလိုမျိုးပဲ စိတ်ထဲ ထည့်ထားခဲ့တာ။ သူက ဘာဆိုဘာမှ မလုပ်ခဲ့ရှာပါဘူး။

"ဘာတွေ သက်ပြင်းချ"

mgyoe.com

m g y o e . c o m SAMPLE BOOK


အစ်မ ပြောမှ ကျွန်မကိုယ်ကျွန်မ သက်ပြင်းချမိမှန်း သတိထားမိတယ်။

"မဟုတ်ပါဘူး အစ်မရယ်၊ ဒီလိုပါပဲ"

"ခုနက သူငယ်ချင်းကြောင့်လား"

အမယ်လေး... ကျွန်မ ဝမ်းတွင်းထဲ ပုဏ္ဏားတွေ အများကြီး ဝင်နေကြသလား မသိဘူး။ မကြည်ဖြူရော၊ အစ်မရော အရိပ်အကဲ ဖမ်းတာ မြန်ချက်ပဲ။

"မဟုတ်ပါဘူး အစ်မကလဲ၊ သူက ဒီတိုင်း သူငယ်ချင်းပါ"

"ဟော... တို့က ဟိုတိုင်း သူငယ်ချင်းလို့ ပြောလို့လား။ ဒီတိုင်း သူငယ်ချင်းလို့ပဲ ပြောတာကိုနော်"

"အစ်မနော်"

"လျှောက်စတာပါဟယ်၊ ရှက်မနေပါနဲ့။ ဒီလိုရှက်နေရင် နောက်နေ့ ပါးနီတောင် လိမ်းဖို့ လိုမယ် မထင်ဘူး"

"မရှက်ပါဘူးနော်၊ ဘယ်မှာ ရှက်လို့လဲ"

"ခုမှ သူ မဟုတ်သလိုနဲ့နော်"

"အစ်မနော်"

"အစ်မ မနော်ပါဘူးနော် ဆရာမ။ တို့ လက်ဖက်ရည် သောက်မလို့၊ မှာဦးမလား ပြော"

"လက်ဖက်ရည်တော့ တော်ပါပြီ အစ်မရယ်"

"သောက်ကြည့်ပါ တစ်ခါတလေလေး။ တစ်ခွက်လုံး မကုန်ဘူးဆို အစ်မထဲက တစ်ဝက် သောက်လေ"

"အဲဒါဆို တစ်ဝက်ပဲနော် အစ်မ၊ အဲဒါတောင် ကုန်ပါ့မလား မသိဘူး"

"ကုန်ပါတယ်အေ့၊ သောက်ကြည့်ပါဦး။ နောက်ကျ ကော်ဖီမမကနေ လက်ဖက်ရည်မမ ဖြစ်သွားမယ်"

"အဲလို ဖြစ်ရင်တော့ အစ်မပဲ တာဝန်ယူပြီး ဝယ်တိုက်ရမှာပဲ"

"တိုက်ပါ့မယ်၊ တိုက်ပါ့မယ်၊ ကွေ့တယ်ပိုးပေါ့အေ"

"အစ်မနော်"

ခြောက်သွေ့သွေ့ ရုံးခန်းမှာ ရယ်သံတွေ ပျံ့လွင့်သွားတာကလည်း ကျွန်မရဲ့ ပုံမှန်နေ့ရက်ပါ။ နေပျော်စရာ ကောင်းလွန်းလို့ ဟုတ်မှ ဟုတ်ရဲ့လားလို့ မတွေးမိအောင် မနည်းကြိုးစားနေရတာကလည်း ပုံမှန်ပါပဲလေ။

+